# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။

(ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

**လောကဝဂ်(ဓမ္မပဒ-၁၇၃)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၂ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၅၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အထူးကိုယ်စားလှယ်တို့သည် ရခိုင်ပြည်နယ်အရေး အပါအဝင် မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရေးတွင် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း၍ မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

## အမေရိကန်-ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ကို မြန်မာနိုင်ငံမှ ကြိုဆို

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရမ့်နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင် ကင်မ်ဂျုံအွန်းတို့အကြား ကျင်းပပြုလုပ်ခဲ့သည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးမှ ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ကို ကြိုဆိုပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် နှစ်နိုင်ငံခေါင်းဆောင်များ၏ အစည်းအဝေးမှရရှိလာသည့် အပြုသဘောဆောင်သည့်ရလဒ်များသည် ကိုရီးယားကျွန်းဆွယ်အတွင်း နျူကလီးယားလက်နက်လုံးဝကင်းစင်ရေးအတွက် ခေါင်းဆောင်နှစ်ဦးအကြား ဆက်လက်ဆောင်ရွက်နိုင်စေမည်ဖြစ်ပြီး ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံး၏ တည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုစေမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ သမိုင်းတွင်မည့် ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် အမေရိကန်နိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် အထောက်အကူပြုခဲ့သည့်နိုင်ငံများ၊ အထူးသဖြင့် သမိုင်းဝင်ဆွေးနွေးပွဲတစ်ရပ်ကို လက်ခံကျင်းပပေးခဲ့သည့် လက်ရှိအာဆီယံဥက္ကဋ္ဌ၊ စင်ကာပူနိုင်ငံတို့အား ချီးကျူးဂုဏ်ပြုအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်။**


**နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း** စာ » ၅

**အမေရိကန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဖိတ်ကြားမှုကို ကင်လက်ခံ** နိုင်ငံတကာသတင်း စာ » ၁၄



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အမျိုးသားရေး အကျိုးစီးပွား စံပေတံ

ရခိုင်ပြည်နယ်၌ နေထိုင်ကြသော အစ္စလာမ်ဘာသာဝင်များ၏အရေးကိစ္စကို နိုင်ငံတကာပြဿနာအဖြစ် လုပ်ကြံဖန်တီးနိုင်ရန် အမည်ဆန်းတစ်ခုဖြင့် အဖျက်အမှောင့် အင်အားစုတို့က ကြိုးပမ်းလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီ ဖြစ်ပါသည်။ ARSA အကြမ်းဖက်အဖွဲ့က နိုင်ငံတော်၏ လုံခြုံရေးတပ်စခန်းတို့အား တစ်ပြိုင်တည်း တိုက်ခိုက်၍ နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့တို့၏ တရားသော တုံ့ပြန်တိုက်ခိုက်မှုကို ယိုးမယ်ဖွဲ့လျက် ထိုသူတို့အား အစုအပြုံလိုက်ထွက်ပြေးစေရန် လှုံ့ဆော်ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ARSA အကြမ်းဖက်အဖွဲ့သည် ယခုကဲ့သို့ နိုင်ငံတကာ ပြဿနာအဖြစ် ခိုင်မာစေရန် အရှိန်အဟုန်ဖြင့် လုပ်ကြံခဲ့ခြင်းဖြစ်ပါသည်။ အဓိကတင်ပြလိုသည်မှာ ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင်တို့၏ အရေးကို နိုင်ငံတကာပြဿနာအသွင် လုပ်ကြံဖန်တီးခံခဲ့ရသည်မှာ နှစ်ပေါင်းများစွာကြာမြင့်နေပြီး ဖြစ်ပါသည်။

နိုင်ငံတကာ ပြဿနာတစ်ရပ်အသွင် လုပ်ကြံဖန်တီးထားသော အရေးကိစ္စတစ်ရပ်ကို ပြည်တွင်းနိုင်ငံရေး ရှုထောင့်သက်သက်ဖြင့် ကိုင်တွယ်ဖြေရှင်းပါက ပြည့်စုံခိုင်မာအားကောင်းနိုင်မည် မဟုတ်ပါ။ ဤပြဿနာ၏ အခြေခံလိုအပ်ချက်မှာ အမျိုးသားရေးအကျိုးစီးပွားကို အခိုင်မာဆုံး၊ အကောင်းမွန်ဆုံး ပုံဖော်ပေးနိုင်မည့် နည်းလမ်းကို ရွေးချယ်ဆောင်ရွက်ရန် ဖြစ်ပါသည်။ နိုင်ငံတကာပြဿနာတစ်ရပ်အသွင် လုပ်ကြံဖန်တီးခံထားရချိန်၌ နိုင်ငံတကာက ယုံကြည်လေးစားသော ပုဂ္ဂိုလ်တို့၏ ပူးပေါင်းဆောင်ရွက်မှု ရယူခြင်းသည် ဖြစ်သင့်ဖြစ်ထိုက်သော နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရေးကိစ္စ၌ နိုင်ငံတကာက ယုံကြည်လက်ခံနိုင်လောက်သော ပုဂ္ဂိုလ်တို့အား မစ္စတာကိုဖီအာနန်ကို ဦးဆောင်စေလျက် ကော်မရှင်ဖွဲ့စုံစမ်းစေခဲ့ခြင်းသည် အမျိုးသားအကျိုးစီးပွား ဖော်ဆောင်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် မစ္စတာကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်ကြောင့်သာ ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင်တို့၏ အရေးကိစ္စသည် နိုင်ငံတကာ ပြဿနာတစ်ရပ်ဖြစ်လာလေဟန် ယူဆခြင်းသည် ပြဿနာ၏ပကတိ အခြေအနေမှန်ကို လျစ်လျူရှုခြင်းဖြစ်သောကြောင့် အဖြေမှန်ကို ရှာဖွေနိုင်မည် မဟုတ်ပါ။ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒတို့မှာ ရခိုင်ပြည်နယ်၌ အမှန်တကယ် နေထိုင်သည့် နေရပ်စွန့်ခွာသူတို့ကို ပြန်လည်လက်ခံမည်၊ ပြန်လည်ရောက်ရှိလာသည့် အဆိုပါ နေရပ်စွန့်ခွာသူတို့အနက် နိုင်ငံတော်၏ ဥပဒေသတ်မှတ်ချက် ပြဋ္ဌာန်းချက်တို့နှင့် ညီညွတ်သူတို့ကို နိုင်ငံသားအခွင့်အရေးခွင့်ပြုမည်၊ ရခိုင်ပြည်နယ်ရှိ မတူကွဲပြားသော လူ့အသိုင်းအဝိုင်း နှစ်ရပ်ကြား သဟဇာတဖြစ်ရေးအပေါ် အခြေခံလျက် ဤပြည်နယ်၏ ရေရှည်တည်တံ့သည့် တည်ငြိမ်ငြိမ်းချမ်း ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးသွားမည်၊ နိုင်ငံတော်၏ ဤအခြေခံမူများကို သုံးသပ်ပါက နိုင်ငံတော်၏ အကျိုးစီးပွားကို စိုးစဉ်းမျှ မထိပါးစေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့်ကော်မရှင်၏ အကြံပြုချက်တို့ကို သုံးသပ်ပါကလည်း နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒဘောင်များအပေါ် ထိပါးကျော်လွန်မှုမရှိသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာက မစ္စတာကိုဖီအာနန် ကော်မရှင်၏ အကြံပြုချက်တို့ကို မူအားဖြင့် လက်ခံသဘောတူကြပါသည်။ ဤသည်မှာ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရ၏ ရခိုင်ပြည်နယ်အရေးဆိုင်ရာ မူဝါဒကို အသိအမှတ်ပြုခြင်းသာ ဖြစ်ပါသည်။ အခြေခံမူတို့အပေါ် သဘောတူညီပါက အသေးစိတ်လုပ်ငန်းစဉ်တို့အား ညှိနှိုင်းနိုင်မည့် အခွင့်အလမ်းတို့ကို ဆုပ်ကိုင်နိုင်စေမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ပြဿနာဖြေရှင်းကိုင်တွယ်မှုတို့အပေါ် အမျိုးသားရေး အကျိုးစီးပွားတို့ကို ဖော်ဆောင်နိုင်ခြင်း ရှိ၊ မရှိ ဟူသော စံပေတံဖြင့်သာ တိုင်းတာသုံးသပ်ကြရမည်ဖြစ်ပါကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

# (၆)ကြိမ်မြောက် မြန်မာ-ထိုင်း နယ်စပ်ဖြတ်ကျော် ကားမောင်းခရီးစဉ် ကျင်းပမည်

**ရန်ကုန် ဇွန် ၁၃**
မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုစေမည့် ကျွမ်းကျင်ယာဉ်မောင်းများပါဝင်သော (၆)ကြိမ်မြောက် မြန်မာ - ထိုင်း နယ်စပ်ဖြတ်ကျော် ကားမောင်းခရီးစဉ်ကို ဇွန် ၁၈ ရက် မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းမှ သိရသည်။

"ဒီခရီးစဉ်က နိုင်ငံခြားကိုဖြတ်ကျော်မောင်းနှင်တာ ပထမဆုံးခရီးစဉ်ပါ၊ အဓိကက ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့နေရာတွေကို သွားလေ့ရှိတယ်၊ နောက်တစ်ခုက သမိုင်းကြောင်းပေါ့၊ မြန်မာနိုင်ငံရဲ့အထင်ကရ သမိုင်းဝင်နေရာတွေပေါ့၊ ဒါတွေကိုအဓိကထားပြီးသွားတယ်၊ မြန်မာနိုင်ငံရဲ့ လူသိနည်းတဲ့ ဒေသတွေအပြင် ပြည်ပနိုင်ငံတွေကို စိတ်ဝင်စားမှုရအောင် ကြိုးပမ်းတယ်၊ မြန်မာ့ခရီးစဉ်ဒေသတွေ ဈေးကွက်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ဖို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးပါတယ်၊ အခုခရီးစဉ်က ပြည်ပခရီးစဉ်ပါဝင်တဲ့အတွက် စိတ်လှုပ်ရှား ပျော်ရွှင်ရမယ့်ခရီးစဉ်ပါ"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်းက ပြောသည်။

ယခုခရီးစဉ်တွင် ကျွမ်းကျင်ကားမောင်းသူများက မောင်းနှင်ကြမည်ဖြစ်ပြီး ကားအစီးပေါင်း ၂၅ စီးတွင် လိုက်ပါသူ ၇၅ ဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ခရီးစဉ်အစကို ရန်ကုန်မြို့မှ နံနက် ၆ နာရီခွဲစတင်ထွက်ခွာကာ ထားဝယ်တွင် ညအိပ်ရပ်နားမည်ဖြစ်သည်။ထိုမှတစ်ဆင့် ထိုင်းနယ်စပ်ကို စတင်ဝင်ရောက်မည်ဖြစ်သည်။ ထိုင်းနိုင်ငံ ကန်ချနာပူရီ၏ စိတ်ဝင်စားဖွယ်ဒေသများသို့ သွားရောက်ပြီး ကမ္ဘာကျော် သေမင်းတမန်တံတား River Kwai တွင် ညအိပ်ရပ်နားပြီး ဇွန် ၂၀ ရက်တွင် ကန်ချနာပူရီမှတစ်ဆင့် ဆူဖန်ပူရီ၊ ပီဆန်နူလော့ခ်သို့သွားရောက်လည်ပတ်မည်ဖြစ်သည်။ ဇွန် ၂၁ ရက်တွင် ဆူကိုထိုင်းသို့ ထွက်ခွာပြီး Lomsak ဘုရားကျောင်းနှင့် အခြားထူးခြားသည့်နေရာများသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ ထို့နောက် မဲဆောက်တွင် ညစာသုံးဆောင်ပြီး မြဝတီ၊ ဘားအံလမ်းကြောင်းအတိုင်း ရန်ကုန်သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ထိုခရီးစဉ်ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းနှင့် Tourism Authority of Thailand (TAT)တို့မှ ပူးပေါင်းစီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ ယခင် ကားမောင်းခရီးစဉ်များတွင် ရန်ကုန် - သရေခေတ္တရာ - မကွေး ခရီးစဉ်၊ တောင်ကြီး - မိုင်းပြင်း - တာချီလိတ်- ကျိုင်းတုံ ခရီးစဉ်၊ ရခိုင်ပြည်နယ်ခရီးစဉ်အဖြစ် မြောက်ဦး-ငပလီ-ချောင်းသာ ၊ ထားဝယ်ခရီးစဉ်၊ စစ်ကိုင်းခရီးစဉ်စသော ပြည်တွင်းကားမောင်းခရီးစဉ်များကို သွားလာကာ ခရီးသွားလုပ်ငန်းများ မြှင့်တင်သွားနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# ဇလွန်မြို့နယ်၌ ရေဘေးကာကွယ်ရေးလက်တွေ့သရုပ်ပြ

**ဇလွန် ဇွန် ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် မိုးရာသီတာတမံများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တာတမံများ ပျက်စီးနိုင်သောအချက်များကို ဒေသခံပြည်သူများသိရှိလိုက်နာစေရန် ရေဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဇွန် ၁၂ ရက်က ဧရာဝတီ ဟင်္သာတ တာမိုင်(၂၀/၀)ဒေါင့်ကြီးရေကင်းစခန်း အနီး၌ ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်းက တာတမံများ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ရေး ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာက ရေဘေးကာကွယ်ရေး လုပ်ငန်းများ ပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆယ်မောင်က တာထိပ်ပေါ် ရေကျော်ခြင်း၊ ရေပေါက်၊ ထူးပေါက်ပေါက်ခြင်း၊ တာအိခြင်းတို့ဖြင့် ကာကွယ်စောင့်ရှောက်သည့် နည်းလမ်းများကို တက်ရောက်လာသည့် ဒေသခံပြည်သူများ သိရှိနားလည်စေရန် သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်းဝတံတားနှင့် မူးမြစ်ကူးတံတားမှ ကန်ထရိုက်များ လုပ်ငန်းညှိနှိုင်း

**ရွှာထောင် ဇွန် ၁၃**
မြန်မာ့မီးရထား တိုင်း အမှတ် ၂ ရွှာထောင် တိုင်းတာဝန်ခံရုံး၌ ဇွန် ၁၂ ရက်က အင်းဝတံတားနှင့် မူးမြစ်ကူးတံတားမှ ကန်ထရိုက်တာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းတာဝန်ခံ ဦးမင်းမင်းထွေးက ယခုကဲ့သို့ ကန်ထရိုက်တာများကို ခေါ်ယူတွေ့ဆုံရခြင်းမှာ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လာသော အခြေအနေများကြောင့်ဖြစ်ကြောင်း၊ စာချုပ်ပါစည်းကမ်းချက်များ မလိုက်နာနိုင်ပါက စပေါ်ငွေဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်များ ရှိခဲ့ဖူးကြောင်း၊ ထို့ကြောင့် စာချုပ်ပါအချက်အလက်များကို လိုက်နာကြရန်နှင့် သက်ဆိုင်ရာလက်မှတ်ဂိတ်များတွင် CCTV များ တပ်ဆင်ရန်၊ တန်ပိုကားများမဖြတ်သန်းစေရေးအတွက် ကားချိန်ကတ္တားများ တပ်ဆင်ရန်တို့ကို ပြောကြားခဲ့သည်။

ထို့နောက် ဦးစံချိန်( ဒုအထွေထွေမန်နေဂျာ မြို့ပြ) က အင်းဝတံတားသည် နှစ်အားဖြင့် ၈၀ ကျော်သက်တမ်းရှိ တံတားဖြစ်နေသဖြင့် တန်ပိုကားများ လုံးဝမဖြတ်သင့်၍ အလေးဂရုပြုဆောင်ရွက်သင့်ကြောင်းနှင့် လိုအပ်သော နည်းပညာအကူအညီများပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာသည့် တံတားကန်ထရိုက်များက စာချုပ်ပါအချက်အလက်များအတိုင်း လိုအပ်သော ဆိုင်းဘုတ်များ စိုက်ထူထားရှိရေး၊ CCTV များတပ်ဆင်ရေးနှင့် တံတားပေါ်ရှိ လမ်းများ ပျက်စီးနေမှုအခြေအနေများ ပြုပြင်ပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



## မင်းတုန်းမြို့နယ် ရေဘေးသင့်ကျေးရွာများတွင် ရေသန့်ဘူးနှင့် ထမင်းထုပ်များ လှူဒါန်း

**မင်းတုန်း ဇွန် ၁၃**
သရက်ခရိုင် မင်းတုန်းမြို့နယ်၌ ဇွန် ၁၂ ရက်က ချောင်းရေဝင်ရောက်သော ဘူးတောင်း၊ မင်းရွာကိုင်း၊ သစ်ဆိမ့်ပင်၊ တံတားရွာမ၊ တံတားအရှေ့၊ ဇီးတော၊ ညောင်ပင်သာကျေးရွာများသို့ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုမှ ဦးဆောင်ပြီး စေတနာရှင်ပြည်သူတို့က ရေသန့်ဘူးနှင့်ထမင်းထုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုအခါ ချောင်းရေများကျသွားပြီဖြစ်၍ ရေကြောင့်ဖြစ်တတ်သော ရောဂါများမဖြစ်ပွားစေရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြေသြဇာနှင့် ပိုးသတ်ဆေး သဲကုန်းမြို့နယ်၌ ထောက်ပံ့ပေးအပ်

**သဲကုန်း ဇွန် ၁၃-** ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကြို့ပင်သာအုပ်စု (ဝက်ပုတ်) ဒေသတွင် ဇွန် ၈ရက်က ဟင်းသီးဟင်းရွက် အော်ဂဲနစ်ဇုန် ၄၅ ဧကအတွက် သဘာဝမြေသြဇာ၊ ပိုးသတ်ဆေး ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဟင်းသီးဟင်းရွက်ဇုန် ပညာပေးစခန်း၌ ကျင်းပရာ တိုင်းဒေသကြီးဒုတိယဦးစီးမှူး ဦးမြင့်လွင်က အမှာစကားပြောကြား၍ ခရိုင်ဦးစီးမှူး ဒေါ်စိန်လှမြင့်နှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဆွေတို့က တောင်သူများအား သဘာဝမြေသြဇာနှင့် ပိုးသတ်ဆေးများထောက်ပံ့ပေးခဲ့ပြီး သဲကုန်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် အော်ဂဲနစ်ဇုန် ဧက ၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**




# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်း (PEACE TALK) တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများ စကားဝိုင်း (PEACE TALK) ကို ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၁၀ နာရီမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ Myanmar International (MITV)၊ MNTV၊ Skynet Up to Date၊ Skynet လွှတ်တော်၊ မြန်မာ့အသံရေဒီယို အစီအစဉ်၊ MIR Radio၊ Myanmar President Office Facebook Page၊ Myanmar State Counsellor Office Facebook Page၊ Information Committee Facebook Page၊ MOI Web Portal Myanmar Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

✻ *ရှေ့ဖုံးမှ*

ထို့နောက် အထူးကိုယ်စားလှယ်က ခရီးစဉ်လာရောက်ခြင်းမှာ ရခိုင်ပြည်နယ်ကိစ္စဖြေရှင်းရေးတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အသိုက်အဝန်းနှစ်ခုအား ပိုမိုနီးကပ်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား အထောက်အကူပြုရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြေပြင်အခြေအနေနှင့် နက်နဲရှုပ်ထွေးမှုများ၏ ပကတိအခြေအနေများကို သိရှိနားလည်ပြီး အမှန်တရားဘက်မှ ရပ်တည်ရန် အခြေအနေမှန်များကို နိုင်ငံတကာအသိုက်အဝန်းက သိရှိနိုင်စေရန်အတွက် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား အပြုသဘောဆောင်သည့် ပံ့ပိုးမှုများဖြင့် ပေါင်းကူးဆောင်ရွက်ပေးရန် မျှော်လင့်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲ ၂ နာရီတွင် သြစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ် The Hon. Concetta Fierravanti-Wells အား အဆိုပါ ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-သြစတြေးလျ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ သြစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ ပညာရေးကဏ္ဍအပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးသွားမည့်ကိစ္စများ၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် အပြုသဘောပါဝင်ကူညီပေးရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သြစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ် The Hon. Concetta Fierravanti-Wells အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဦးဆောင်သောအဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇွန် ၁၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(အပေါ်ပုံ)**

ညစာမသုံးဆောင်မီ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် သြစတြေးလျနိုင်ငံအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီးအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇွန် ၁၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် သြစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာ ဝန်ကြီး အထက်လွှတ်တော်အမတ် The Hon. Concetta Fierravanti- Wells အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(အောက်ပုံ)**

နေ့လယ်စာ စားပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် လွှတ်တော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (တတိယအကြိမ်) အစည်းအဝေးကျင်းပမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်



# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolay Listopadov နှင့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က အမှာစကားပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# တိုက်ပွဲရှောင်မိသားစုဝင်များ၏ ကလေးငယ်များအတွက် ကစားစရာပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဇွန် ၁၃**

မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်းရှိ နမ္မတီးမြို့ ခရစ်ယာန်ဘုရားကျောင်းများ၌ ခေတ္တပြောင်းရွှေ့နေထိုင်သော ဒေသခံများ၏ ကလေးငယ်များအတွက် ကလေးပျော်နေရာများ၌ ကစားစရာပစ္စည်းမျိုးစုံနှင့် ကျေးရွာအတွင်း အခြေချနေထိုင်မည့် မိသားစုများအတွက် ထောက်ပံ့ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါ ထောက်ပံ့ပေးအပ်ခြင်းကို ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျကော့ဘူ၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခေတ္တရွှေ့ပြောင်းလာသူများနေထိုင်ရာ နမ္မတီးမြို့ ကချင်နှစ်ခြင်းအသင်းတော် ဘုရားကျောင်းနှင့် စိန်ပေါလ်ကက်သလစ် ဘုရားကျောင်းဝင်းများတွင် တိုက်ပွဲရှောင်မိသားစုများအား တွေ့ဆုံအားပေးပြီး အဆိုပါ နမ္မတီးမြို့ရှိ တိုက်ပွဲရှောင်စခန်းလေးခုမှ မိသားစုများ၏ ကလေးငယ်များအတွက် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနမှ ကလေးပျော်ရာနေရာတစ်ခုစီ၌ ကလေးကစားစရာပစ္စည်းမျိုးစုံနှင့် ကလေးစာအုပ်များဖြင့် စခန်းတစ်ခုလျှင် ငွေကျပ် ၁၅ သိန်း တန်ဖိုးဖြင့် စခန်းလေးခုစာအတွက် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၆၀ ကို ပြည်နယ်ဝန်ကြီးချုပ်ဇနီးက ထောက်ပံ့ပေးအပ်ခဲ့သည်။

နမ္မတီးမြို့ရှိ တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် ဒေသအခေါ် ကဆုန့်နှင့် ဇွပ်မိုင်ကျေးရွာများမှ ဧပြီ ၂၀ ရက်နှင့် ၂၃ ရက်က နယ်မြေလုံခြုံရေး အခြေအနေအရ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း၊ စိန်ပေါလ်ကက်သလစ် အသင်းတော်ဘုရားကျောင်း၊ ကံလှကျေးရွာ မောနွေလအသင်းတော်ကျောင်းနှင့် မြို့ဦးရပ်ကွက် စိန်ဒေါမနစ် ကက်သလစ်ကျောင်းဝင်းအတွင်းတို့၌ စုစုပေါင်း အိမ်ထောင်စု ၂၆၀ တို့ နေထိုင်လျက်ရှိကြောင်း သိရှိရသည်။

**သွားရောက်တွေ့ဆုံ**

ဆက်လက်၍ မြစ်ကြီးနားမြို့နှင့် မိုးကောင်းမြို့နယ်များရှိ တိုက်ပွဲရှောင်စခန်းများမှ မိသားစု ၂၀ တို့သည် ၎င်းတို့၏ ဆန္ဒအလျောက် မိုးကောင်းမြို့နယ် လွယ်လိယန်ကျေးရွာအုပ်စု နောင်းပုံကျေးရွာ၌ RC အသင်းတော်မှ ဝယ်ယူထားသည့် မြေကွက်များပေါ်တွင် UNHCR မှဆောက်လုပ်ပေးထားသည့် အိမ်ရာများသို့ ရွှေ့ပြောင်း နေထိုင်ကြမည့် မိသားစုဝင်များအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ သွားရောက်တွေ့ဆုံခဲ့ကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၂၀၊ ဆီနှင့်ပဲ ပိဿာ ၂၀ စီနှင့် အိမ်မိုးသွပ်အချပ် ၆၀၀၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ဗူး ၂၀ နှင့် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၂၁၈၄၀၀၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးပစ္စည်းမျိုးစုံပါ၊ ပြည်နယ်ပညာရေးဦးစီးဌာနမှ ဗလာစာအုပ်ဒါဇင် ၃၀၊ ပြည်နယ်ကြက်ခြေနီမှ Hygiene kit အစုံ ၂၀၊ Jerry Can အစုံ ၂၀၊ Shelter Kit အစုံ ၂၀ စီတို့ကို ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၏ဇနီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် မိသားစုများနေထိုင်မည့် နေအိမ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ။)**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) တွင်ပါရှိသော "လွှတ်တော်အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများ" ဆိုသည့်စကားရပ်ကို "လွှတ်တော်များ၏ အကြီးအမှူးများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (စ) တွင်ပါရှိသော"မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

( ဂ ) ပုဒ်မခွဲ (ဈ) ၏နောက်တွင် ပုဒ်မခွဲ (ည) အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ည) **ပြည်သူ့ဝန်ထမ်း** ဆိုသည်မှာ အစိုးရက ခန့်အပ်ထားသည်ဖြစ်စေ၊ မခန့်အပ်ထားသည်ဖြစ်စေ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်-

(၁) နိုင်ငံ့ဝန်ထမ်း၊

(၂) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခံရသူများ၊

(၃) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေများအရ ခန့်အပ်ထားခြင်းခံရသူများ၊

(၄) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် တရားရုံးများတွင် တာဝန်ထမ်းဆောင်နေသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်းမဟုတ်သောသူများ၊

(၅) ရွေးကောက်တင်မြှောက်ခြင်းဖြင့်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ရွေးချယ်တာဝန်ပေးခံရသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်ရှိသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ၎င်းက ဖွဲ့စည်းပေးသော အဖွဲ့အစည်းတွင် ပါဝင်သူများ၊ ၎င်းတို့၏ကိုယ်စား လွှဲအပ်ခြင်းခံရသူများ သို့မဟုတ် ထပ်ဆင့်တာဝန် ပေးအပ်ခြင်းခံရသူများ၊

(၆) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည်ဟု သတ်မှတ်ခြင်းခံရသူများ၊

(၇) တစ်ဦးတစ်ယောက်သောသူကို ဖမ်းဆီးချုပ်နှောင်ရန် အခွင့်အာဏာရှိသူများ၊

(၈) လွှတ်တော် သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း၏ အဖွဲ့ဝင်လူကြီးကို ရွေးချယ်ရန် အလို့ငှာ ရွေးကောက်ပွဲစာရင်းကို ရေးသားပြုစုရန်ဖြစ်စေ၊ ထုတ်ပြန်ကြေညာရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ အခွင့်အာဏာအရ ရာထူးလက်ရှိဖြစ်သူများ၊

(၉) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် တရားရုံးများတွင် လုပ်ငန်းသဘာဝအရ သီးခြားခန့်အပ်တာဝန်ပေးထားသူများ။"

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့ရုံး" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၄ ၏ နောက်တွင် ပုဒ်မ ၇၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၇၄-က။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် လိုအပ်ပါက နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပြည်သူ့ဝန်ထမ်းများ၏ ခံစားခွင့်များကို သတ်မှတ်နိုင်သည်။ ယင်းသို့သတ်မှတ်ရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည့် ကိစ္စဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း ဆောင်ရွက်ရမည်။"

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ အထွေထွေမန်နေဂျာ ဒေါ်ကေသီ ကို ယင်းဘဏ်၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဇွန်လထုတ် သုတပဒေသာစာစောင် ထွက်ပြီ

**နေပြည်တော် ဇွန် ၁၃**

နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာအကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေးစသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြား၊ ကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

**အသွင်သစ်ဖြင့်ထုတ်ဝေ**

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (ဇွန်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

**ဆက်သွယ်မှာယူနိုင်**

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၃၄၆၈၁၊ စာပေ ဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ် အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ယနေ့ ဂျပန်ခရီးစဉ် တတိယမြောက်နေ့တွင် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Taro Aso ဦးဆောင်သည့်အဖွဲ့နှင့် လည်းကောင်း၊ ဂျပန်နိုင်ငံတကာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ President Mr. Shinichi Kitaoka နှင့်လည်းကောင်း တွေ့ဆုံသည်။ **(ဓါတ်ပုံ)**



တွေ့ဆုံစဉ် မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ နယ်ပယ်အသီးသီးတွင် ယခင်ထက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်သူအချင်းအချင်း ဆက်သွယ်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ ရခိုင် ဒေသအရေးကိစ္စရပ်များနှင့် ယင်းတို့နှင့် ပတ်သက်၍ လတ်တလောဖြစ်ပေါ် တိုးတက်မှုများ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် ဖက်ဒရယ် ဒီမိုကရေစီ လမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနိုင်ရေး စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ကူမင်း ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် ဇွန် ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ဇွန် ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၅) ကြိမ်မြောက် တရုတ်တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲသို့ တက်ရောက်ရန်ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် မန္တလေးမြို့ တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကူမင်းမြို့သို့ ထွက်ခွာသွားသည်။ **(ယာပုံ)**

ကူမင်းမြို့၌ ကျင်းပလျက်ရှိသော အဆိုပါပြပွဲများသို့ မြန်မာနိုင်ငံမှ နှစ်စဉ် ပါဝင်ပြသလျက်ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံသည် ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် မြန်မာအမျိုးသားပြခန်းဆောင်ကို တည်ဆောက်ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ကုမ္ပဏီပေါင်း ၄၂ ခုမှ ပြခန်းပေါင်း ၆၄ ခန်းဖြင့် မြန်မာ့ထုတ်ကုန်များကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါပြပွဲများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ညွှန်ကြားရေးမှူးချုပ်များ၊ ကုန်စည်ပြပွဲဆိုင်ရာ တာဝန်ခံ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင် ၃၆၇ ဦးခန့် တက်ရောက်ကြမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မန္တလေးမြို့ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Wang Zong Ying က တံတားဦး အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အတိုင်း လွှတ်တော်က သဘောတူအတည်ပြုခဲ့သည်။

## မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအစီအစဉ် ရေးဆွဲပြုစုလျက်ရှိ

အစည်းအဝေးတွင် အရာတော် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်သင်း၏ **ပြည်တွင်း ပြည်ပ ပညာရှင်များပါဝင်သော စီးပွားရေးညီလာခံတစ်ရပ်ကျင်းပပြီး အမှန်တကယ် အလုပ်ဖြစ်နိုင်မည့် မဟာဗျူဟာတစ်ရပ် ဖော်ထုတ်နိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအသီးသီးတွင် မိမိတို့နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများအောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် ကဏ္ဍအလိုက် မဟာဗျူဟာများရေးဆွဲပြီး စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ မဟာဗျူဟာများမှ စီမံကိန်း၊ လုပ်ငန်းအစီအစဉ်များ၊ စီမံချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ စသည်ဖြင့် အဆင့်အဆင့် အစီအစဉ်များ ချမှတ်နေသော်လည်း မတူညီသည့် ကဏ္ဍအလိုက် မူဝါဒ၊ စီမံကိန်းနှင့် မဟာဗျူဟာများအကြား အချင်းချင်း အပြန်အလှန် ညီညွတ်မှုအပိုင်းတွင် အားနည်းလျက်ရှိသဖြင့် ၎င်းအခြေအနေကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခုအခါအားလုံး ပါဝင်သော မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီအစဉ် (Myanmar Sustainable Development Plan-MSDP) ကို ရေးဆွဲပြုစုလျက်ရှိပါကြောင်း။

## မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းအစီအစဉ် ၂၃၈ ခုဖြင့် ပါဝင်ရေးဆွဲထား

MSDP ကို ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ ချမ်းသာကြွယ်ဝရေးနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ဟူသည့် မဏ္ဍိုင် ၃ ရပ်နှင့် ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု ဖြစ်ထွန်းရေး၊ စီးပွားရေး၊ တည်ငြိမ်ရေးနှင့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှုအားကောင်းခိုင်မာရေး၊ အလုပ်အကိုင်ဖန်တီးပေးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ ၂၁ ရာစု လူ့အဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုကိစ္စများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားအဆင့် ချမ်းသာကြွယ်ဝရေးအတွက် သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဟူသည့် ပန်းတိုင်(၅)ရပ်အပေါ် အခြေခံ၍ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းအစီအစဉ် ၂၃၈ ခုဖြင့် ပါဝင်ရေးဆွဲထားပါကြောင်း။

အချို့သော စီမံကိန်းကြီးများသည် ပြည်သူများအတွက် အကျိုးကျေးဇူးရှိသည်မှန်သော်လည်း ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေသက်သက်ဖြင့် အကောင်အထည်ဖော်ရန်ခက်ခဲသော အခြေအနေမျိုးဖြစ်ပါက အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုဆောင်ရွက်သည့်အစီအစဉ် (Public Private Partnership-PPP) ဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုအကူအညီများရယူ၍ သို့မဟုတ် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည် စသည်ဖြင့် စိစစ်သတ်မှတ်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် MSDP နှင့် PIP လုပ်ငန်းစဉ်များကို ပြည်တွင်း ပြည်ပ ပညာရှင်များဖြင့် စဉ်ဆက် မပြတ်ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ပကတိအခြေအနေကို ထင်ဟပ်ပြီး အမှန်တကယ်အလုပ်ဖြစ်နိုင်မည့် မဟာဗျူဟာတစ်ရပ်ကို ရရှိလာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## တရားဝင်အသုံးအနှုန်းဖြစ်သည့် နယ်နိမိတ်မျဉ်းကို နိုင်ငံပိုင်မီဒီယာများအပါအဝင် ပုဂ္ဂလိကမီဒီယာအဖွဲ့အစည်းအသီးသီး သိရှိစေရန် အသိပေးအကြောင်းကြားထားပြီးဖြစ်

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **၂၁-၂-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် မည်သည့်အတွက် Zero Line, Zero Line Area, No Man Land စကားလုံးများ သုံးစွဲရသည်ကို ရှင်းပြရန်နှင့် Zero Line Area တွင် နေထိုင်သူများမရှိစေရေး မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များကို ပေါင်းစပ်ဖြေကြားမည် ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ကြီး၏ မေးခွန်းတွင် အပိုင်း ၂ ပိုင်း ပါနေသည်ကို တွေ့ရှိရပါကြောင်း၊ ပထမပိုင်းမေးခွန်းတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်၏ နှစ်နိုင်ငံခရိုင်အဆင့် နယ်စပ်အာဏာပိုင်များ တွေ့ဆုံဆွေးနွေးပွဲကို နောက်နေ့ထုတ်သတင်းစာတွင် Zero Line, Zero Line Area, No Man’s Land စကားလုံးများကို သုံးစွဲဖော်ပြခဲ့ခြင်းနှင့် ပတ်သက်၍ စိစစ်ခဲ့ပါကြောင်း၊ သတင်းရယူပေးသည့် သတင်းထောက်အပါအဝင် အယ်ဒီတာအဖွဲ့ဝင်အဆင့်ဆင့်က စိစစ်ထောက်ပြ ပြင်ဆင်ရန် အားနည်းခဲ့ခြင်းကြောင့် တရားဝင်အသုံးအနှုန်းဖြစ်သည့် နယ်နိမိတ်မျဉ်း (Boundary Line)ကို မဖော်ပြနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ နောင်တွင် အလားတူမဖြစ်စေရန်အတွက် စီစဉ်ဆောင်ရွက်ထားပြီးလည်း ဖြစ်ပါကြောင်း၊ တရားဝင်အသုံးအနှုန်းဖြစ်သည့် နယ်နိမိတ်မျဉ်းကို နိုင်ငံပိုင်မီဒီယာများအပါအဝင် ပုဂ္ဂလိကမီဒီယာအဖွဲ့အစည်းအသီးသီး သိရှိစေရန်အတွက်လည်း အသိပေးအကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် မှန်ကန်သည့် အသုံးအနှုန်းကို အများပြည်သူသိရှိစေနိုင်ရန်အတွက် ဝေါဟာရအသုံးအနှုန်းများနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ အမည်ဖြင့် ပညာပေးဆောင်းပါးတစ်ပုဒ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ဆက်လက်၍ Zero Line, Zero Line Area, No Man’s Land အသုံးများနှင့် ပတ်သက်၍ အနည်းငယ်ရှင်းပြလိုပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်တွင် အပိုင်း ၂ ပိုင်းရှိသည့်အနက် နတ်မြစ်ပုံသေ နယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၆၆ ခုနှစ် မေ ၉ ရက်တွင် ချုပ်ဆိုခဲ့ပါကြောင်း၊ နတ်မြစ်မြောက်ဘက် ကုန်းပိုင်းနယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာစာချုပ်ကို ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

အဆိုပါ ကုန်းတွင်းနယ်နိမိတ်စာချုပ် အပိုင်း ၄ အပိုဒ် ၁၄ တွင် နှစ်နိုင်ငံနယ်နိမိတ်ကို လွယ်ကူစွာ စီမံခန့်ခွဲအုပ်ချုပ်နိုင်ရန်အတွက် နယ်နိမိတ်မျဉ်းမှ တစ်ဖက်တစ်ချက် ပေ ၁၅၀ အတွင်း မည်သည့်အဆောက်အဦမှ မဆောက်လုပ်ရန် “In order to make the boundary line easily indentifiable and prevent the emergence of boundary line intersected villages, neither High Contracting Party shall allow to build new houses or other structures of permanent or temporary nature, within a zone of 150 feet on each side of the boundary line.” ဟု ပြဋ္ဌာန်းထားပါကြောင်း။

ပြဋ္ဌာန်းချက်အရ နယ်နိမိတ်မျဉ်းကို အလွယ်တကူခွဲခြားနိုင်ရန်နှင့် နယ်စပ်ဖြတ်ကျော် ကျေးရွာများတည်ဆောက်ခြင်းကို ဟန့်တားနိုင်ရန်အတွက် စာချုပ်ဝင်နိုင်ငံအနေဖြင့် နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာ ဇုန်အတွင်း မည်သည့်အဆောက်အဦကိုမှ ဆောက်လုပ်ခွင့်မရှိသည့်အပြင် ဆောက်လုပ်မှုများတွေ့ရှိရပါက ဖြိုဖျက်ပေးရန် တာဝန်ရှိသော်လည်း ထိုနိုင်ငံ၏ အချုပ်အခြာအာဏာသည် နယ်နိမိတ်မျဉ်းအထိ သက်ရောက်မှုရှိပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်တစ်လျှောက် နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာတွင် ခြံစည်းရိုးကာရံထားသော်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာသည် ခြံစည်းရိုးရှေ့ပေ ၁၅၀ နယ်နိမိတ်မျဉ်း သွယ်တန်းနေသည့်နေရာအထိ သက်ရောက်ပါကြောင်း၊ အဆောက်အဦဆောက်လုပ်ခွင့် မပြုသည့်အခါ အလိုအလျောက်လူနေထိုင်မှုကိုလည်း တားမြစ်ထားသကဲ့သို့ ဖြစ်နေသည့်အတွက် ဒေသခံပြည်သူများက အဆောက်အဦမဆောက်လုပ်ရဇုန်ကို No Man’s Land ဟု မှားယွင်းစွာဖြင့် အရပ်အခေါ်အနေဖြင့် အသုံးပြုနေခြင်းဖြစ်ပါကြောင်း။

## နယ်နိမိတ်မှတ်တိုင်များနှင့် နယ်နိမိတ်မျဉ်းသွယ်တန်းမှုကို နှစ်ဖက်မြေတိုင်း ကျွမ်းကျင်သူများက ပူးတွဲစစ်ဆေးသည့်အခါ နည်းပညာ အခေါ် အဝေါ်အဖြစ် နယ်နိမိတ်မျဉ်းကို Zero Line ဟု အလွယ်တကူ အသုံးပြုလေ့ရှိ

ဆက်လက်၍ Zero Line, Zero Line Area ဆိုသည့် အသုံးအနှုန်းနှင့် ပတ်သက်၍ ရှင်းပြလိုပါကြောင်း၊ နယ်နိမိတ်မှတ်တိုင်များနှင့် နယ်နိမိတ်မျဉ်းသွယ်တန်းမှုကို နှစ်ဖက်မြေတိုင်း ကျွမ်းကျင်သူများက ပူးတွဲစစ်ဆေးသည့်အခါ နည်းပညာ အခေါ်အဝေါ်အဖြစ် နယ်နိမိတ်မျဉ်းကို Zero Line ဟု အလွယ်တကူ အသုံးပြုလေ့ရှိပါကြောင်း၊ နည်းပညာရပ်ပိုင်းဆိုင်ရာ အခေါ်အဝေါ်သက်သက်သာဖြစ်ပြီး ထိုသို့ သုံးစွဲခြင်းသည် အဆောက်အဦ မဆောက်လုပ်ရဇုန်မျဉ်းကြောင်း 150 feet non-construction line နှင့်နယ်နိမိတ်မျဉ်း (Boundary Line)တို့ကို ကွဲပြားစေရန်လည်းကောင်း၊ non-construction ဇုန်ကို ပိုမိုပေါ်လွင်စေရန်လည်းကောင်း ခေါ်ဝေါ်ခြင်းဖြစ်ပါကြောင်း၊ ဆိုလိုသည်မှာ နယ်နိမိတ်မျဉ်း (Boundary Line) မှ တစ်ဖက်တစ်ချက် 150 feet လိုင်းအထိသည် non-construction ဇုန်ဖြစ်သည်ဟု ပေါ်လွင်စေရန်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နယ်နိမိတ်ကို ပူးတွဲစစ်ဆေးရာတွင် မြေပြင်၌ တိုင်းတာရေး ကိရိယာများ အသုံးပြုပြီးမျဉ်းကြောင်းများ၊ ဇုန်များပုံဖော်ပြီး မြေပြင်ရှိ အဆောက်အဦများသည် နယ်နိမိတ်မျဉ်းကို ကျော်လွန်ခြင်း ရှိ၊ မရှိနှင့် non-construction Zone အတွင်း ဝင်ရောက်နေခြင်း ရှိ၊ မရှိ စစ်ဆေးလေ့ရှိပါကြောင်း၊ စစ်ဆေးရာတွင် မြန်မာဘက်မှ ဒေသအာဏာပိုင်များ၊ လုံခြုံရေးအရ တာဝန်ရှိသူများသည်လည်း မြန်မာဘက် မြေတိုင်းကျွမ်းကျင်သူများနှင့် လိုက်ပါလေ့ရှိပါကြောင်း၊ ၎င်းတို့အနေဖြင့် Zero Line ဟူသည့် အသုံးအနှုန်းကို ယဉ်ပါးလျက်ရှိနေပါကြောင်း၊ ထို့ကြောင့် နယ်နိမိတ်မျဉ်းကို ကိစ္စရပ်တစ်ခုခုအတွက် ရည်ညွှန်းသည့်အခါ နှစ်နိုင်ငံ မြေတိုင်းကျွမ်းကျင်သူများ အသုံးပြုလျက်ရှိခြင်းတို့ကြောင့် နယ်နိမိတ်မျဉ်းကို Zero Line ဟု အလွယ်တကူ ရည်ညွှန်းပြောဆိုရာတွင် တွင်ကျယ်လာခြင်းဖြစ်ပါကြောင်း၊ ထို့အတူ Zero Line အနီးနေရာကိုလည်း Zero Line Area ဟု ဆက်စပ်သုံးစွဲလာခဲ့ကြပါကြောင်း။

ယင်းအသုံးကို မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-အိန္ဒိယ မြေတိုင်းကျွမ်းကျင်သူများ (Technical) အဆင့် အစည်းအဝေးများတွင် အသုံးပြုခဲ့သည်မှာ ကြာမြင့်ပြီဟု သိရပါကြောင်း၊ ဥပမာ ၂၀၀၆ ခုနှစ်တွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မြေတိုင်းညွှန်ကြားရေးမှူးအဆင့် အစည်းအဝေးမှတ်တမ်း၊ ၂၀၁၁ ခုနှစ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် မြေတိုင်းညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးမှတ်တမ်းတို့ ဖြစ်ပါကြောင်း၊ နည်းပညာကျွမ်းကျင်သူများက နယ်နိမိတ်မျဉ်းကို (Zero Line) ဟု သုံးစွဲခြင်းမှာ နယ်နိမိတ်တိုင်းတာရေးဆိုင်ရာနှင့် ပတ်သက်ပြီး အသုံးပြုခြင်းဖြစ်သည့်အတွက် ပြဿနာမရှိနိုင်သော်လည်း ဒေသအာဏာပိုင်များနှင့် အများပြည်သူများက အသုံးပြုပါက နားလည်မှုလွဲမှားကာ ရှုပ်ထွေးမှုရှိလာနိုင်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်သဘောတူညီချက်စာချုပ်ပါ အသုံးအနှုန်းအတိုင်း နယ်နိမိတ်မျဉ်း (Boundary Line) ကိုသာ သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ သုံးစွဲမှုသာ မှန်ကန်မည်ဖြစ်ကြောင်းကို တင်ပြလိုပါကြောင်း။

## Zero Line Area အမှန်အသုံးအနှုန်း နယ်နိမိတ်မျဉ်း၏ သတ်မှတ်ဧရိယာအတွင်းတွင် နေထိုင်သူများ မရှိစေရေး တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်လျက်ရှိ

ဒုတိယပိုင်းမေးခွန်းဖြစ်သည့် Zero Line Area အမှန်အသုံးအနှုန်း နယ်နိမိတ်မျဉ်း၏ သတ်မှတ်ဧရိယာအတွင်းတွင် နေထိုင်သူများ မရှိစေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အပါအဝင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်း၊ လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူနှင့် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဝက်လက် မဲဆန္ဒနယ်မှ ဦးမြင့်သိန်း တင်သွင်းသည့် **နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ကြပ်မတ်ကောက်ခံပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပွင့်ဖြူ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းက တိုင်းပြည်တွင် ရသင့်ရထိုက်သည့် အခွန်အကောက်များရရှိရန် အခွန်စနစ်၊ အခွန်ယဉ်ကျေးမှုရလဒ် ကောင်းစွာပေါ်ပေါက်ရန်လိုအပ်နေပါကြောင်း၊ အခွန်ပညာပေးစနစ်ကို ထိထိရောက်ရောက် အစွမ်းကုန်ကြိုးစားရန် အခွန်နှုန်းထားများကို တိုးမြှင့်မကောက်ဘဲ အခွန်ထမ်းများများ ပေါ်ထွက်လာရန် အခွန်တိမ်းရှောင်နေသည့်သူများ၊ အခွန်ကင်းလွတ်နေသည့်သူများကို အခွန်ထမ်းများဖြစ်လာရန်အတွက် စနစ်တကျပညာပေးရန် ပြည်ထောင်စုလွှတ်တော်တွင်လည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

တိုင်းပြည်တွင်း ရသင့်ရထိုက်သောအခွန်အကောက်များရရှိရန် အကောက်ခွန်ဥပဒေအခန်း(၄) ပုဒ်မ(၁၀)တွင် သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရန်အတွက် လိုအပ်သည့်သတင်းအချက်အလက်များ ကူညီပံ့ပိုးမှုများကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အကူအညီကို ရယူနိုင်သည်ဟု ပါရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေး အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ရန် အခွန်စနစ်၊ အခွန်ယဉ်ကျေးမှု ပိုမိုထွန်းကားလာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အရှိန်အဟုန်မြှင့် စီမံချက်ချဆောင်ရွက်သင့်ပါသဖြင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ကျောက်တံခါး မဲဆန္ဒနယ်မှ ဦးခင်မောင်ဦး၊ ကနီ မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၊ သာပေါင်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ မော်လိုက် မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင်၊ ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ အလုံ မဲဆန္ဒနယ်မှ ဦးရဲလွင်နှင့် ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်တို့က ဆွေးနွေးကြသည်။

## ခေတ်မီသည့် စီမံဆိုင်ရာအခွန်အုပ်ချုပ်မှုစနစ်ကို ကူးပြောင်းသည့် လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ် မှစတင်၍လုပ်ဆောင်လျက်ရှိ

ယင်းအဆိုနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ၏ အခွန်စနစ်ကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်အတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ခေတ်မီသည့် စီမံဆိုင်ရာအခွန်အုပ်ချုပ်မှုစနစ်ကို ကူးပြောင်းသည့် လုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ် မှစတင်၍ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ပထမ ၅ နှစ်တာကာလ သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဆောင်ရွက်မှုအပေါ် အခြေခံ၍ ၂၀၁၇-၂၀၁၈ မှစတင်၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအဆင့် အခွန်ဆိုင်ရာဥပဒေပြောင်းလဲရေးအစီအစဉ်များကို ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးကိုလည်း ဖြန့်ဝေအသိပေးထားပြီးဖြစ်ပါကြောင်း၊ အစိုးရနှင့် ပြည်သူများအကြား နိုင်ငံတော်၏ဘတ်ဂျက် ခွင့်ပြုမှုနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ အဆိုရှင်၏ အဆိုအား ကြိုဆိုပါကြောင်းနှင့် ပြည်ထောင်စုအစိုးရမှလည်း စီမံဆောင်ရွက်နေသည့် အချက်များဖြစ်သောကြောင့် လွှတ်တော်မှ အတည်ပြုဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၇ သို့*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော်  ဇွန်  ၁၃**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း ဆောင်ရွက်

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းတို့က ပြန်လည်ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **မြန်မာနိုင်ငံအတွင်း လက်ကိုင်ဖုန်း၊ ဖေ့စ်ဘွတ်(FB) မှတစ်ဆင့် ကြော်ငြာစည်းရုံးပြီး ကျောင်းသား၊ လူငယ်များနှင့် ပြည်သူများအကြား ထိုးဖောက်ဝင်ရောက်လာသည့် လောင်းကစားနည်းတစ်မျိုးဖြစ်သော ရှမ်းကိုးမီးဖဲကစားနည်း(ခ) Shan Koe Mee Zingplay သည် ပြည်သူများထံမှ လောင်းကြေးငွေများကို နည်းအမျိုးမျိုးဖြင့် ရယူနေပါသဖြင့် အဆိုပါ လောင်းကစားနည်းကို တားမြစ်ပိတ်ပင်ရန်နှင့် လောင်းကစားဒိုင်များကို ထိရောက်စွာ ဖော်ထုတ် အရေးယူရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက Shan Koe Mee Zingplay ဂိမ်းသည် လောင်းကစားနည်းတစ်မျိုးဟု ဆိုနိုင်သော်လည်း အမှန်တကယ် ငွေသားအလျော်အစားပြုလုပ်နိုင်သည့် ကစားနည်းမဟုတ်ဘဲ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် online payment ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် ဖုန်းအသုံးပြုသူများအတွက် အပိုဝန်ဆောင်မှုတစ်ခုအဖြစ် ကြိုတင်ပေးသွင်းထားသည့် ဖုန်းကြိုတင် ငွေဖြည့်လက်ကျန်စာရင်းကို အသုံးပြုကာ ဂိမ်းအတွင်းတွင်သာ တိုကင်များဝယ်ယူ၍ အနိုင်၊ အရှုံး ကစားခြင်းသာဖြစ်ပြီး ဂိမ်းအတွင်းမှ တိုကင်များကို အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် ငွေသားအဖြစ် ကစားသူအချင်းချင်း လွှဲပြောင်းပေးခြင်း၊ ဂိမ်း၏ ဒိုင်ထံမှ ပြန်လည်ထုတ်ယူခြင်းများ ပြုလုပ်၍ မရနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

Shan Koe Mee Zingplay ဂိမ်းအပါအဝင် အခြား online game များကို အင်တာနက်မှတစ်ဆင့် ရယူဆော့ကစားခြင်းအား လိုင်စင်ရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ထိန်းချုပ်၍ မရနိုင်သော်လည်း လောင်းကစားဥပဒေနှင့် ငြိစွန်းမည့် ငွေသားအလျော်အစားရှိသည့် ဂိမ်းမျိုးကို online မှ ဆော့ကစားရာတွင် အသုံးပြုသည့် တိုကင်၊ ဇယ်ပြားစသည်တို့ကို ဖုန်းကြိုတင်ငွေဖြည့်စာရင်းလက်ကျန်ထဲမှ ဝယ်ယူဆော့ကစားခြင်းမပြုနိုင်ရန် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများသို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ညွှန်ကြားဆောင်ရွက်နိုင်ပါကြောင်း။

## online application များဖြင့် တရားမဝင်ဝန်ဆောင်မှုများ ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါက တည်ဆဲဥပဒေများဖြင့် အရေးယူနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်

မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများအပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများအနေဖြင့် လောင်းကစားဥပဒေနှင့် ငြိစွန်းသည့် ဆောင်ရွက်မှုများပြုလုပ်နေကြောင်း အထောက်အထားခိုင်လုံပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၎င်းတို့အား ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၅၇ အရ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများအရ အရေးယူနိုင်သည့် နည်းတူ၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်း လောင်းကစားဥပဒေနှင့် တည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် လိုင်စင်ရလုပ်ငန်းမဟုတ်သော အခြားလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ online application များဖြင့် တရားမဝင်ဝန်ဆောင်မှုများ ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါက ပြည်ထဲရေးဝန်ကြီးဌာနမှ လောင်းကစားဥပဒေနှင့် တည်ဆဲဥပဒေများဖြင့် အရေးယူနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



ဒုတိယဝန်ကြီး ဦးကျော်မျိုး

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ **မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈ ခုနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း GDP လျာထားချက်အရ ၇ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်ဖြစ်ပြီး ယင်းမျှော်လင့်ချက်များ ပိုမိုပေါက်မြောက်အောင်မြင်စေရန်အတွက် မြန်မာအမျိုးသမီးများကို နိုင်ငံတကာပင်လယ်ရေကြောင်း လောကတွင် အမျိုးသမီးသင်္ဘောသားများ (Seafarers) အဖြစ်လည်းကောင်း၊ ခရီးသည်တင်သင်္ဘောများတွင် ပိုမို၍ အလုပ်အကိုင်အခွင့်အလမ်းရစေရန်အတွက် လည်းကောင်း၊ တရားဝင်လုပ်ကိုင်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းဆိုင်ရာလက်မှတ်များ ထုတ်ပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးခြင်းနှင့် နိုင်ငံတကာရှိ သင်္ဘောကုမ္ပဏီများနှင့် ချိတ်ဆက်ကာ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ အမြန်ဆုံးလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ယဉ်ကျေးသိမ်မွေ့သော မြန်မာအမျိုးသမီးများသည် ကြမ်းတမ်းခက်ထန်သည့် ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် တွေ့ကြုံရမည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်သော ကျွမ်းကျင်မှုပြည့်ဝသည့် Seafarers များဖြစ်ရန် လေ့ကျင့်ပျိုးထောင်ပေးရမည်ဆိုပါက လိုအပ်သော ပညာအရည်အချင်းနှင့် ခန့်အပ်မည့် လုပ်ထုံးလုပ်နည်းများ၊ လေ့ကျင့်ပေးရမည့် သင်တန်းအမျိုးအစားများနှင့် သင်တန်းကျောင်းများ၊ တာဝန်ထမ်းဆောင်ခွင့်ပြုသင့်သည့် သင်္ဘောအမျိုးအစားများ၊ သင်္ဘောကုမ္ပဏီ၊ သင်္ဘောပိုင်ရှင်များနှင့် ချုပ်ဆိုရမည့် အလုပ်အကိုင်စာချုပ်များ၊ အခွင့်အရေးများကို အကာအကွယ်ပေးမည့် ပြဋ္ဌာန်းချက်များ၊ အထူးသဖြင့် အမျိုးသမီးဝန်ထမ်းများကို ဥပဒေကြောင်းအရ ကာကွယ်မှုပေးရန် လုံလောက်သော ပြဋ္ဌာန်းချက်များစသည်တို့နှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရေကြောင်းပညာတက္ကသိုလ်၊ ကုန်သွယ်ရေကြောင်းကောလိပ်၊ ပုဂ္ဂလိက ရေကြောင်းပညာသင်တန်းကျောင်းများ၊ ရေကြောင်းအတတ်ပညာရှင်များအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးစွမ်းဆောင်ရှင်များအဖွဲ့ချုပ်၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးအဖွဲ့၊ ရေကြောင်းဘက်ဆိုင်ရာ အသင်းအဖွဲ့များ၊ Seafarers ဆိုင်ရာအဖွဲ့ချုပ်များ၊ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်နှင့် အခြားသက်ဆိုင်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း။

## မြန်မာအမျိုးသမီးများကို အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရန်အတွက် နိုင်ငံတကာရှိ သင်္ဘောကုမ္ပဏီများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ထားပြီးဖြစ်

သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြန်မာအမျိုးသမီးများကို နိုင်ငံတကာပင်လယ်ရေကြောင်းလောကတွင် အမျိုးသမီးသင်္ဘောသားများအဖြစ်လည်းကောင်း၊ ခရီးသည်တင်သင်္ဘောများတွင် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရန်အတွက် လည်းကောင်း၊ တရားဝင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် လုပ်ငန်းဆိုင်ရာ လက်မှတ်များထုတ်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခြင်း၊ နိုင်ငံတကာရှိ သင်္ဘောကုမ္ပဏီများနှင့်ချိတ်ဆက်၍ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းများ လုပ်ဆောင်ပေးနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းနိုင်ရန် တင်ပြခဲ့သည့် ဌာန၊ အဖွဲ့အစည်းများကို ဇွန် ၁၄ ရက်တွင် ကျင်းပမည့် အစည်းအဝေးသို့ ဖိတ်ကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ် တို့၏မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော သစ်တောဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်သည့်အတွက် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့်အတူ ယခုထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ရန် အစီရင်ခံစာ တင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

## မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်း

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက **မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က **မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ**နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

ယင်းနောက် အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်ကလည်း လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အတိုင်း လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်များ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ သဘောထားရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်က အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းစာဆရာများအဖွဲ့ ကူမင်းအမြန်ရထားပြေးဆွဲနေမှု သွားရောက်လေ့လာ

**ကူမင်း  ဇွန်  ၁၃**
တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ သတင်းစာဆရာများ မွမ်းမံသင်တန်း တက်ရောက်နေသည့် မဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ သတင်းစာဆရာများအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကူမင်းမြို့၏ အမြန်ရထားပြေးဆွဲမှုစနစ်ကို သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ သတင်းစာဆရာအဖွဲ့သည် Kunming Railway Station သို့ ရောက်ရှိကြပြီး မြို့ပတ်မြေအောက်ရထားဖြင့် Kunming South Railway Station သို့ သွားရောက်ကြသည်။ ထို့နောက် Kunming South Railway Station မှ တာဝန်ရှိသူများက ကူမင်းမြို့တွင်း ပြေးဆွဲသည့် မြေအောက်ရထားစနစ် ကူမင်းမြို့မှ ပေကျင်း၊ ရှန်ဟိုင်းစသည့် မြို့ကြီးများသို့ ပြေးဆွဲသည့် အမြန်ရထား (ကျည်ဆန် ရထား) စနစ်ကို ရှင်းလင်းပြောကြားပြီး သတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းကြသည်။ **(အပေါ်ပုံ)**



ညနေပိုင်းတွင် Yunnan Normal University ၏ တွဲဖက်ပါမောက္ခ Mr. Si Da က ပိုးလမ်းမ၏ သမိုင်းကြောင်း၊ တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် One Belt One Road စီမံကိန်း၏ စီးပွားရေး၊ လူမှုရေးနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ၊ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုအခက်အခဲများနှင့် ရရှိခံစားကြရမည့် အကျိုးကျေးဇူးများ၊ အာရှအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB)အကြောင်းနှင့် ကူမင်းမြို့၏ ခရီးသွားလုပ်ငန်း အကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။

**အေဝမ်းစိုး၊ မျိုးသူဟိန်း**



# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဖက်ဒရယ်နိုင်ငံများဖိုရမ်၏ ဒုတိယဥက္ကဋ္ဌအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဖက်ဒရယ်နိုင်ငံများဖိုရမ်၏ ဒုတိယဥက္ကဋ္ဌ Mr. Felix Knuepling ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် Forum of Federations အနေဖြင့် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံရေးစနစ်ထူထောင်ရေးဆိုင်ရာ အကူအညီပေးလျက်ရှိသည့် လုပ်ငန်းများနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖြစ်ပေါ်လာရေးအတွက် အခြေခံလိုအပ်ချက်များ၊ မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ်နိုင်ငံ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာ့စာတိုက်လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇွန် ၁၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဗဟိုစာတိုက်ကြီးရှိ မြန်မာ့စာတိုက်လုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့စာတိုက်လုပ်ငန်းကို ပြည်သူလူထုမှ ယုံကြည်စွာအသုံးပြုလာရေးအတွက် ကောင်းမွန်သော ဝန်ဆောင်မှုပေးသွားရန်နှင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ တက်တက်ကြွကြွ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် အရည်အသွေးတိုးတက်စေရန် လုပ်ငန်းခွင် သင်တန်းများ တက်ရောက်ပြီး ဝန်ဆောင်မှုလုပ်ငန်းကို နည်းပညာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်နေသည့်အတွက် ဘဏ္ဍာရေးနှစ် တစ်နှစ်ထက်တစ်နှစ် ဝင်ငွေတိုးတက်လာပါကြောင်း၊ ဝင်ငွေနှင့်အသုံးစရိတ်များကို စနစ်တကျ စိစစ်ဆောင်ရွက်ပြီး အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်သွားကြရန်နှင့် တိုးတက်သော နိုင်ငံများတွင် လူတစ်ဦးနှင့်တစ်ဦး တန်ဖိုးထားပြီး အလေးထားကြသည့်အခါ စာတိုက်ကို အသုံးပြုလာကြပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနကြီးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇွန် ၁၃**

တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး H.E. Mr. Jose Ramos Horta ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီး H.E. Mr. Joao Freitas de Camara ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်

**ဘိုကလေး ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျွန်းညိုကြီး ကွမ်းသီးချောင်းကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၁၂ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးတို့က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ အခြေခံပညာ အထက်တန်းကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အထက်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်း၊ အလယ်တန်းခွဲ ရှစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ခြောက်ကျောင်း၊ မူလတန်းကျောင်း ရှစ်ကျောင်း၊ မူလတန်းခွဲ ငါးကျောင်း အပါအဝင် စုစုပေါင်း အခြေခံပညာကျောင်း ၃၈ ကျောင်း တိုးမြှင့်ဖွင့်လှစ်ခွင့်ရကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးသစ်ကို ရန်ကုန်မြို့ Vantage Tower ၌ ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်း Vantage Tower ရှိ အဆိုပါ သံရုံးသစ်နေရာ၌ ကျင်းပသည်။

ဩစတြေးလျ-မြန်မာ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးသည် ၁၉၅၂ ခုနှစ်မှ စတင်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးကို ရန်ကုန်မြို့ ကမ်းနားလမ်း၌ ဖွင့်လှစ်ခဲ့သည်။ ဩစတြေးလျသံရုံးတွင် ဩစတြေးလျကုန်သွယ်ရေးဌာန အပါအဝင် Home Affairs ၊ Australian Federal Police ၊ Defence တို့ ရှိကြသည်။ ဝန်ထမ်းအင်အားများပြားလာ၍ ပိုမိုကျယ်ပြန့်သော နေရာလိုအပ်လာသည့်အတွက် Vantage Tower ၌ ပြောင်းရွှေ့ခဲ့ပြီး တစ်နှစ်ခန့်အကြာတွင် ယခုကဲ့သို့ တရားဝင် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Mr. Nicholas Coppel နှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး၊ အထက်လွှတ်တော်အမတ်တို့က **(အောက်ပုံ)** အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး၊ အထက်လွှတ်တော်အမတ်တို့သည် သံရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် သံရုံးပြောင်းရွှေ့ရာတွင် ကူညီပေးခဲ့သည့် Corporate Team ကို ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး၊ အထက်လွှတ်တော်အမတ်က အမှတ်တရ လက်ဆောင်ပေးအပ်ပြီး သံရုံးကို ဖွင့်လှစ်ပေးသည်။

ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး ၊ အထက်လွှတ်တော်အမတ်သည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်သည်။ ၎င်း၏ ခရီးစဉ်အတွင်း ဩစတြေးလျ၏ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို အလေးပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ပိုမိုနားလည်အောင်ကြိုးစားသွားကာ အဆိုပါ စိန်ခေါ်မှုများကို ဩစတြေးလျနှင့် မြန်မာနိုင်ငံတို့ အတူတကွ ပူးပေါင်းဆောင်ရွက်အဖြေရှာနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်တွင် ရေလမ်းခရီးဖြင့် ကျောင်းတက်ရသော ကျောင်းသား ကျောင်းသူများအတွက် အသက်ကယ်အင်္ကျီများ ထောက်ပံ့

စစ်တွေ ဇွန် ၁၃

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်တွင် ရေလမ်းခရီးကိုအသုံးပြု၍ ကျောင်းတက် ကျောင်းဆင်းရသော ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အသက်ကယ်အင်္ကျီများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေး၊ လူကြောင့် ဖြစ်သောဘေးများအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးဖြစ်ပွားပါက ထိထိရောက်ရောက်တုံ့ပြန် ဆောင်ရွက်ခြင်း၊ ဘေးဖြစ်ပွားပြီးနောက် ထိရောက်သော ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုပုံစံဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ဦးတည်ချက်များအနက် တစ်ချက်ဖြစ်သော တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ယခင်နှစ်များက ယခုကဲ့သို့ မိုးတွင်းအချိန်ကာလတွင် စက်လှေနစ်မြုပ်၍ ကျောင်းသား ကျောင်းသူများ အသက်ဆုံးရှုံးခဲ့ရသောဖြစ်စဉ်များ ဖြစ်ပွားဖူးပါကြောင်း၊ ထို့ကြောင့် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အသက်ကယ်အင်္ကျီများ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ အသက်ကယ်အင်္ကျီဝတ်ဆင်၍ လှေစီးသည့် အလေ့အထကို ပုံမှန်အကျင့်တစ်ခုဖြစ်သည်အထိ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်းရှိ ရေလမ်းခရီးဖြင့် ကျောင်းတက် ကျောင်းဆင်းပြုလုပ်ရသော ကျောင်းသား၊ ကျောင်းသူ ၄၂၇၂ ဦးအတွက် အသက်ကယ်အင်္ကျီ ၄၂၇၂ ထည်အား ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူသည်။ **(ယာပုံ)**

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာ လိုအပ်နေသောအချိန်၌ ထောက်ပံ့ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ လက်တွေ့အသုံးတည့်ပြီး အကျိုးရှိသည့် ထောက်ပံ့မှုဖြစ်ပါကြောင်း၊ မှန်မှန်ကန်ကန် သုံးစွဲသွားရန် အရေးကြီးပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများသည် ပြည်နယ်၏အနာဂတ်ဖြစ်ပါသဖြင့် လုံခြုံစွာပညာသင်ကြားနိုင်ရန် အရေးကြီးပါကြောင်း၊ အခြားလိုအပ်ချက်များကိုလည်း သေချာစွာ လေ့လာဆန်းစစ်မှုပြုလုပ်၍ ဆက်လက်ထောက်ပံ့ပေးစေလိုပါကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

● *ကျောဖုံးမှ*

ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အမှန်တကယ်နေထိုင်ခဲ့ကြောင်း စိစစ်ပြီးသူများကိုလည်း ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ဆွေမျိုးများထံသို့ ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ စိစဉ်မှုများဆောင်ရွက်နေစဉ်ကာလအတွင်းစခန်းအတွင်း စည်းကမ်းတကျနေထိုင်၍ ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အခက်အခဲများရှိလျှင် ပွင့်လင်းစွာတင်ပြစေလိုကြောင်း ပြောကြားသည်။



ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် ဆွေမျိုးများရှိသော လှေစီးဒုက္ခသည်များက ၎င်းတို့အနေဖြင့် ဆွေမျိုးများထံ ဇွန် ၁၆ ရက်တွင် ပြန်လိုကြောင်း၊ ဆွေမျိုးမရှိသောသူများက ၎င်းတို့အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုကြောင်း၊ လက်ရှိစိစစ်ဆဲကာလတွင် စည်းကမ်းတကျနေထိုင်၍ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ငါးခူရ ပြန်လည်လက်ခံရေးစခန်းတွင် တာဝန်ထမ်းဆောင်နေသော ဌာနပေါင်းစုံမှ ဝန်ထမ်းများအား တွေ့ဆုံ၍ **(ဝဲပုံ)** ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ တင်ပြသောလိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

လှေစီးဒုက္ခသည်များအား စားသောက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူထောက်ပံ့လျက်ရှိပြီး လုံခြုံရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့က ဆောင်ရွက်ပေးလျက်ရှိကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ထွက်ဆိုထားသူများအား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ သံတမန်နည်းလမ်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဖူးသူများအား သေချာစွာစိစစ်၍ ၎င်းတို့ဆန္ဒအတိုင်း UEHRD အစီအစဉ်ဖြင့် ပြန်လည်နေရာချထားပေးသွားမည်ဖြစ်ပြီး လူသားချင်းစာနာ ထောက်ထားမှု အကူအညီများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) တို့ ပူးပေါင်း၍ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ အဖွဲ့များစေလွှတ်၍ စိတ်၊ လူမှု ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆေးပေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## တောင်ကုတ်တွင် ပင်လယ်ရေများ ကျေးရွာအတွင်းဝင်ရောက်

**တောင်ကုတ် ဇွန် ၁၃**

တောင်ကုတ်မြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ယနေ့ နံနက် ၉နာရီခန့်တွင် ပင်လယ်ကမ်းခြေအနီးရှိ ဖောင်းခါးကျေးရွာအုပ်စု၊ ကုလားရောင်ကျေးရွာအုပ်စု၊ ခရိုင်ကျေးရွာအုပ်စု၊ င/မောက်ချောင်းကျေးရွာအုပ်စုတို့၌ လှိုင်းလေပြင်းထန်ကာ ပင်လယ်ရေများ ကျေးရွာအတွင်းသို့ ဝင်ရောက်ခဲ့သည်။

အဆိုပါ ပင်လယ်ကမ်းခြေအနီးရှိ လေပြင်းတိုက်ခတ်မှုများကြောင့် ပင်လယ်ရေဝင်ရောက်မှုတွင် ဖောင်းခါးကျေးရွာ၌ သုံးပေကျော်ခန့်၊ ကုလားရောင်ကျေးရွာ၌ နှစ်ပေကျော်ခန့်၊ ခရိုင်ကျေးရွာအုပ်စု၌ တစ်ပေကျော်ခန့်နှင့် င/မောက်ချောင်းကျေးရွာအုပ်စုရှိ အမော်ကျေးရွာ၌ သုံးပေကျော်ခန့် ကျေးရွာများအတွင်းသို့ ပင်လယ်ရေများ ဝင်ရောက်လျက်ရှိရာ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ကလေးသူငယ်များကို နီးစပ်ရာ မုန်တိုင်းဒဏ်ခံအဆောက်အအုံနှင့် ဘုန်းကြီးကျောင်းများသို့ ပို့ဆောင်ထားကြောင်း သတင်းရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

## မင်းပြားမြို့၌ မိုးရွာသွန်းမှုကြောင့် နေအိမ်နှင့် လမ်းအချို့ရေနစ်မြုပ်

**မင်းပြား ဇွန် ၁၃**

မင်းပြားမြို့၌ ဇွန် ၉ရက်နေ့မှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လေးမြို့မြစ်ရေတိုးလာပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာကာမင်းပြားမြို့နယ်ရှိ မြေအနိမ့်ပိုင်းကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်အချို့တွင် လမ်းများ၊ လူနေအိမ်များ ရေကြီးနစ်မြုပ်လျက်ရှိသည်။

မင်းပြားမြို့နယ်တွင် ဇွန် ၁၂ ရက် ညနေပိုင်းမှစတင်ပြီး လေးမြို့မြစ်ကမ်းတစ်လျှောက် မြေနိမ့်ပိုင်း မင်းဖူး၊ မင်းဇီ၊ ရွှေကျန်စသော ကျေးရွာများနှင့် မြို့ပေါ်ရှိ မင်းဘာကြီး၊ ပြည်တော်လု၊ ပြည်တော်သာ၊ ဥက္ကာပျံ၊ ဈေးဟောင်းပိုင်းရပ်ကွက်ရှိ မြေနိမ့်ပိုင်းလမ်းများနှင့် နေအိမ်ခြံဝင်း၊ ရုံးခြံဝင်းများရေကြီးနစ်မြုပ်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြစ်ရေကြီးမှုအခြေအနေနှင့် ထူးခြားမှုအခြေအနေများကို စောင့်ကြည့်ပြီး သဘာဝဘေးအန္တရာယ်အတွက် လိုအပ်သော ထောက်ပံ့မှုများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လှေစီးဒုက္ခသည်များကို ငါးခူရပြန်လည်လက်ခံရေးစခန်းတွင် ဥပဒေနှင့်အညီစိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မောင်တော ဇွန် ၁၃**

မောင်တောမြို့၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး စခန်းတွင် ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားသော လှေစီးဒုက္ခသည်များကို တွေ့ဆုံ၍ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး စခန်းရှိ ကြီးကြပ်ရေးအဖွဲ့များနှင့် လုပ်ငန်းများ အဆင်ပြေစေရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် (Red Cross Movement) ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့တို့ ပူးပေါင်း၍ လှေစီးဒုက္ခသည်များအား တစ်ကိုယ်ရေသုံးပစ္စည်း ၁၁ မျိုးနှင့် ဒန်အိုး၊ ဒန်ခွက်များ၊ ဖျာ၊ စောင်၊ ခြင်ထောင်၊ ကျား၊ မဝတ် လုံချည်နှင့် ကလေးဝတ်အင်္ကျီများ ထောက်ပံ့ပေးအပ်ခဲ့သည်။



ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ လှေစီးဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ထို့နောက် စခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်းအား စခန်းတာဝန်ခံထံ ပေးအပ်၍ အားပေးစကား ပြောကြားခဲ့ပြီး ညနေပိုင်းတွင် မောင်တောမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွန်တော်တို့ ဒုက္ခရောက်ပြီး မြန်မာနိုင်ငံရောက်လာချိန်မှာ အစိုးရဘက်က ကူညီစောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်

## ရသေ့တောင်မြို့နယ် သာစည်ကျေးရွာအနီး ပင်လယ်ကမ်းစပ်၌ ပျက်စီးနေသောစက်လှေပေါ်မှ ကူညီစောင့်ရှောက်ထားသည့် လှေစီးဒုက္ခသည်များအား တွေ့ဆုံမေးမြန်းခြင်း

ဇွန် ၁၁ ရက် နံနက်ပိုင်းက ရသေ့တောင်မြို့နယ် အောင်ဗလချောင်း၀၊ သာစည်ကျေးရွာအနီး ပင်လယ်ကမ်းစပ်၌ ပျက်စီးနေသော စက်လှေတစ်စင်းနှင့် အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၀၄ ဦးတို့အား စိစစ်တွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများက ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ပို့ဆောင်ပေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိစစ်မှုများ ပြုလုပ်ခဲ့ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ခဲ့သည်။

အဆိုပါလှေစီးဒုက္ခသည်များမှ အချို့နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-


ရှာဒရာဘီဘီ


မာမောတ်ရှော်ဖိက်


မီဇာနူရော်မော်မန်


မိုဟာမက် ဇေလောက်အူဒိန်


ဒီရှာ

**ရှာဒရာဘီဘီ**
**(မောင်တောမြို့နယ်)**

ဘင်္ဂလားဒေ့ရှ်ဘက်မှာ အမေ့ရဲ့ ညီမ အဒေါ်နဲ့ အမျိုးတွေရှိပါတယ်။ ဒါကြောင့် ဘင်္ဂလားဒေ့ရှ်ကို သွားတာပါ။ သူများတွေက မလေးရှားသွားချင်ကြတယ်။ အဒေါ်က ကျန်းမာရေးမကောင်းဘူး။ အဲဒါကြောင့် အမျိုးတွေရော၊ အဒေါ်ရောရှိတဲ့ ဘင်္ဂလားဒေ့ရှ်ဘက်ကို သွားတာပါ။ သွားပြီးပြန်လာတာပါ။ ဒီဘက်မှာက ကျွန်မအမေနဲ့ အဖေလည်း ရှိပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံကို ပြန်လာတာဖြစ်ပါတယ်။

**မာမောတ်ရှော်ဖိက်**
**(ဘော်ဒေါ်ဆော့ရားရွာ၊ ကျော့ဘဇားမြို့နယ်)**

ကျွန်တော် မလေးရှားနိုင်ငံကို သွားမလို့ပါ။ မလေးရှားနိုင်ငံမှာ ကြုံရာအလုပ်လုပ်ဖို့ ရည်ရွယ်တာပါ။ အဲဒီမှာ အလုပ်သွားလုပ်တဲ့သူ အများကြီးရှိပါတယ်။ သူတို့လို အလုပ်သွားလုပ်ချင်လို့ ပွဲစားနဲ့ ဆက်သွယ်ခဲ့တာပါ။ လူတော်တော်များများကို အဲဒီပွဲစားက မလေးရှားဘက်မှာ အလုပ်ရမယ်၊ အဆင်ပြေမယ်ဆိုပြီး စည်းရုံးပါတယ်။ မလေးရှားဘက်ကို သွားပြီး အလုပ်လုပ်ဖို့ ပိုက်ဆံပေးရပါတယ်။ မလေးရှားအရောက် အပြီးအစီး တာကာငွေ တစ်သိန်း ရှစ်သောင်း ပေးရပါတယ်။ ပွဲစားက ပထမဆုံးလှေနဲ့သွားမယ်၊ ပြီးမှ သင်္ဘောပေါ်တက်ပြီး မလေးရှားကို သွားမယ် ပြောပါတယ်။ အဲဒီလိုသွားဖို့လုပ်ရင်း ဒီကိုရောက်လာတာပါ။ တော်တော်ဒုက္ခရောက်ခဲ့ပါတယ်။

အခု မြန်မာနိုင်ငံရောက်တော့ တော်တော်လေး အဆင်ပြေပါတယ်။ မလေးရှားကို သွားချင်တယ်။ ပြီးတော့ မလေးရှားငွေတန်ဖိုးက မြင့်တယ်၊ ဒါကြောင့် မလေးရှားဘက်မှာ တစ်နေ့အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံက ဘင်္ဂလားဒေ့ရှ်မှာ အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံထက် ပိုများတယ်။ အဲဒါကြောင့် အဲဒီမှာပဲ အလုပ်လုပ်ချင်တာပါ။ မောင်ခိုလမ်းနဲ့တော့ မသွားချင်တော့ဘူး။ အစိုးရကူညီထောက်ပံ့မှုနဲ့ပဲ သွားချင်ပါတယ်။

ကျွန်တော်တို့ ဒုက္ခရောက်ပြီး မြန်မာနိုင်ငံကို ရောက်လာတဲ့အချိန်မှာ မြန်မာနိုင်ငံအစိုးရဘက်က ထောက်ပံ့ပေးတယ်။ ကူညီပေးတယ်။ စောင့်ရှောက်ပေးပါတယ်။ အဲဒီအတွက် အင်မတန် ကျေးဇူးတင်ပါတယ်။

**မီဇာနူရော်မော်မန်(နေယာဖာရာကျေးရွာ၊ တက်နက်မြို့နယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ)**

မလေးရှားနိုင်ငံကို သွားတာပါ။ မလေးရှားနိုင်ငံမှာ အလုပ်လုပ်ရင် ပိုက်ဆံအများကြီးရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အလုပ်လုပ်ရတာ ပင်ပန်းပါတယ်။ ကျွန်တော့် မိတ်တွေက အသက်ကြီးပါပြီ၊ ကျွန်တော်က မိဘတွေကို လုပ်ကိုင်ကျွေးမွေးချင်ပါတယ်။ မလေးရှားက ပိုက်ဆံပိုရပြီး အလုပ်လုပ်ရတာလည်း ဘင်္ဂလားဒေ့ရှ်မှာလောက် မပင်ပန်းဘူးလို့ ပြောကြပါတယ်။ ကျွန်တော်က ဘင်္ဂလားဒေ့ရှ် ဘောလုံးသမားတစ်ယောက်ပါ။

ကျွန်တော်က သွားချင်တော့ ပွဲစားနဲ့ ချိတ်ဆက်ပါတယ်။ ပွဲစားကို တာကာငွေ တစ်သိန်းရှစ်သောင်း ပေးရပါတယ်။ ဒီလိုနဲ့ စက်လှေနဲ့ သွားတော့ မုန်တိုင်းမိပါတယ်။ စက်လှေပျက်ပြီးတော့ မြန်မာနိုင်ငံကို ရောက်လာတာပါ။ မြန်မာအစိုးရက ကောင်းကောင်းမွန်မွန်နဲ့ ကူညီထောက်ပံ့စောင့်ရှောက်ပေးထားပါတယ်။ အဆင်ပြေရင်တော့ ဘင်္ဂလားဒေ့ရှ်ကို ပြန်ချင်ပါတယ်။

**မိုဟာမက် ဇေလောက်အူဒိန် (ဆော်ဖောရ်ရောန်ဒီးကျေးရွာ၊ ကော့ဘဇားမြို့နယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ)**

မလေးရှားနိုင်ငံကိုသွားရင် ပင်ပန်းမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ဘင်္ဂလားဒေ့ရှ်ဘက်မှာ တစ်နေကုန်အလုပ်လုပ်လည်း ရတဲ့ပိုက်ဆံက မိသားစုအတွက် မလောက်ပေါ်ဘူး။ ဒါ့ကြောင့် စွန့်စားပြီးသွားတာပါ။ သွားရင်းနဲ့ ဒုက္ခရောက်ပြီး မြန်မာနိုင်ငံကို ရောက်လာတာပါ။ ဒီကိုရောက်လာတော့ မြန်မာအစိုးရက ကူညီထောက်ပံ့ပေးပါတယ်။ မြန်မာနိုင်ငံရဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနဲ့အညီ ဒီစခန်းမှာနေဖို့လည်း ပြောပါတယ်။ ကျွန်တော်တို့ နားလည်ပါတယ်။ အဲဒီလိုလည်း နေထိုင်မှာပါ။ မြန်မာအစိုးရရဲ့ အကူအညီနဲ့ ကိုယ့်နိုင်ငံ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုပဲ ပြန်သွားချင်ပါတယ်။

**ဒီရှာ**
**(မြို့မ ကညင်တန်းကျေးရွာ၊ မောင်တောမြို့နယ်)**

ကျန်းမာရေးမကောင်းလို့ ဘင်္ဂလားဒေ့ရှ်ဘက်ကို ဆေးကုဖို့ သွားခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ ဆေးကုပြီး ပြန်လာတယ်၊ ဘင်္ဂလားဒေ့ရှ်ကနေ ဒီဘက်ကိုလာဖို့အတွက် လောင်းလှေစီးခ တာကာငွေ ငါးထောင်ပေးရပါတယ်။ ပြီးတော့ လောင်းလှေပေါ်မှာ လူတွေကများတယ်။ ပြီးတော့ လှေထဲကို ရေတွေဝင်တော့ ကြောက်ပြီး ငိုကြတယ်၊ ဒီလိုနဲ့ မလေးရှားသွားမယ့် စက်လှေနဲ့ တွေ့တယ်။ ဒါ့ကြောင့် စက်လှေပေါ်တက်ကြတယ်၊ စက်လှေပေါ် တက်ပေမယ့် မလေးရှားသွားမယ့် စက်လှေမှန်း မသိဘူး။ စက်လှေပေါ်ရောက်ပြီး နောက်နေ့မနက်ကျတော့ စက်လှေက ပျက်သွားတော့ သုံးရက်လောက် မျောနေပါတယ်။ အဲဒီနောက် မြန်မာနိုင်ငံဘက် ရောက်လာတာဖြစ်ပါတယ်။

**သတင်းအဖွဲ့**

# ရန်ကုန်မြို့တွင်းပြေးဆွဲနေသော စီးတီးတက္ကစီကုမ္ပဏီများကို ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ စည်းကြပ်မှု ဆောင်ရွက်ထားပြီးဖြစ်

ရန်ကုန် ဇွန် ၁၃

**ရန်ကုန်မြို့တွင်း နေရာအနှံ့ ပြေးဆွဲနေသော စီးတီးတက္ကစီကုမ္ပဏီများကို ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ စည်းကြပ်မှု ဆောင်ရွက်ထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။**

ယနေ့ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြလှစံ၏ မေးခွန်းကို ဖြေကြားရာတွင် ဝန်ကြီးက ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြလှစံက ရန်ကုန်မြို့အတွင်း နေရာအနှံ့ ပြေးဆွဲနေသော စီးတီးတက္ကစီများ ဖြစ်သည့် Grab, Uber, Oway, Hello Cabs စသည့် ကုမ္ပဏီများ၏ ဝင်ငွေခွန်အား မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

ထို့သို့ မေးမြန်းမှုအပေါ် ဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကောက်ခံသော ရုံးဌာန ငါးခု ရှိပါကြောင်း၊ ယင်းတို့မှာ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)နှင့် ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးတို့ ဖြစ်ပါကြောင်း၊ အဆိုပါဌာနများတွင် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့် စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးသည် ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် နှစ်ချုပ်ရောင်းရငွေ၊ ဝင်ငွေပမာဏ အကြီးဆုံးဖြစ်သော ကုမ္ပဏီများကို စည်းကြပ်မှု ဆောင်ရွက်ရပါကြောင်း၊ ရန်ကုန်မြို့တွင်း နေရာအနှံ့ပြေးဆွဲနေသော စီးတီးတက္ကစီများဖြစ်သည့် Grab, Uber, Oway, Hello Cabs စသည့် ကုမ္ပဏီများသည် နိုင်ငံခြားသား အစုရှင်များ ပိုင်ဆိုင်ပါဝင်သည့် ကုမ္ပဏီများဖြစ်ပါကြောင်း၊ Grab စီးတီးတက္ကစီ၊ Uber စီးတီးတက္ကစီနှင့် Hello Cabs စီးတီးတက္ကစီတို့သည် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၂) တွင် စည်းကြပ်မှုခံယူလျက် ရှိပါကြောင်း၊ ယင်းတို့အနက် Hello Cabs စီးတီးတက္ကစီသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မှတ်ပုံတင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ လုပ်ငန်းစတင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၎င်းတို့သည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်အတွက် အခွန်စည်းကြပ်မှုဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဝင်ငွေနှစ်နှင့် ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်တို့အတွက် ကြိုတင်ကုန်သွယ်လုပ်ငန်းခွန်၊ ကြိုတင်ဝင်ငွေခွန်များ ကောက်ခံရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)တွင် စည်းကြပ်မှုခံယူလျက်ရှိသည့် Oway စီးတီးတက္ကစီသည် လုပ်ငန်းစတင်လည်ပတ်သည့် ၂၀၁၆-၂၀၁၇ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ စည်းကြပ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**



ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော စီးတီးတက္ကစီကုမ္ပဏီတစ်ခုဖြစ်သည့် Uber တက္ကစီယာဉ်။

# မိုးမောက်၌ မိုးရာသီသစ်ပင် ပျိုးပင်ပေါင်း ၅၀၀ စိုက်ပျိုး

**မိုးမောက် ဇွန် ၁၃**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အလင်းကောင်ရပ်ကွက်ရှိ အမက(အောင်လောင်း)တွင် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက်က ကျင်းပခဲ့ရာ ပြည်နယ်သစ်တော ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး(၆)နှင့် ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများက မြို့နယ်ပညာရေးမှူးနှင့် အမျိုးသမီးရေးရာဥက္ကဋ္ဌတို့ထံ ပေးအပ်ကာ ပျိုးပင်များကို စိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးသည့် ပျိုးပင်စုစုပေါင်း ၅၀၀ ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် ဇွန် ၁၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။

**မြန်မာ့အလင်း**

# မြန်မာ့ရိုးရာလက်ဝှေ့ နောက်ဆုံးနေ့ဗိုလ်လုပွဲများ ယှဉ်ပြိုင်၊ စုပေါင်းတံခွန်စိုက်ဒိုင်း ကရင်ပြည်နယ် ဆွတ်ခူး

ရန်ကုန် ဇွန် ၁၃

**မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကျင်းပသော (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ နောက်ဆုံးနေ့ ဗိုလ်လုပွဲစဉ်များကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အတန်းလိုက်တံခွန်စိုက်ဒိုင်းများရရှိသော ကရင်ပြည်နယ် ရိုးရာလက်ဝှေ့အသင်းက စုပေါင်းတံခွန်စိုက်ဒိုင်းကို ရရှိဆွတ်ခူးသွားသည်။**

(၁၆) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ နောက်ဆုံးနေ့တွင် ကရင်ပြည်နယ် ရိုးရာလက်ဝှေ့အသင်းအနေဖြင့် ရှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် ခြောက်ပွဲနိုင်ပြီး နှစ်ပွဲ ရှုံးနိမ့်ခဲ့သည်။ အလားတူ ယခင်နေ့ ဗိုလ်လုပွဲများတွင်လည်း ကရင်ပြည်နယ်အနေဖြင့် ၁၁ ပွဲ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ရာ ရှစ်ပွဲအနိုင်ရရှိခဲ့သဖြင့် (၁၆) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခဲ့သော မျိုးဆက်သစ်တန်း၊ (ဂ) တန်း၊ (ခ) တန်းနှင့် (က) တန်း လေးတန်းစလုံး၌ ဒိုင်းဆုများ အသီးသီးဆွတ်ခူးကာ နောက်ဆုံး စုပေါင်းဒိုင်းဆုကြီးကိုပင် ကရင်ပြည်နယ်က ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများ၌ အစဉ်အလာ ကြီးမားခဲ့သော ကရင်ပြည်နယ်အသင်းသည် ယခင်နှစ်ကလည်း ဒိုင်းဆုကြီးဆွတ်ခူးရရှိခဲ့၍ နှစ်နှစ်ဆက်ရရှိခဲ့ခြင်းဖြစ်သည်။ ကရင်ပြည်နယ် ရိုးရာလက်ဝှေ့အဖွဲ့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲများတွင် ယခုဒိုင်းဆုများ အပါအဝင် ဒိုင်းဆုကို ၁၀ ကြိမ်ထက် မနည်းရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့ ပြိုင်ပွဲနောက်ဆုံးနေ့ ဗိုလ်လုပွဲများ ယှဉ်ပြိုင်ထိုးသတ်ရာ (ခ) အဆင့် ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ဖြိုးသီဟ (ကချင်)က ဆင်ကြာရိုင်း(ကရင်)ကို အမှတ်ဖြင့် အနိုင်ရ၍ လည်းကောင်း၊ (က) အဆင့် ၄၈ ကီလိုတန်းတွင် စောထွန်းမြိုင် (ကရင်)က ကျော်ဇေယျအောင် (မန္တလေး)ကို ဒုတိယအချီတွင် အလဲထိုးဖြင့် လည်းကောင်း၊ ၅၁ ကီလိုတန်းတွင် သိန်းစိုး (ရန်ကုန်)က အောင်ဆန်းဝင်း(မန္တလေး)ကို ဒုတိယအချီ ၁ မိနစ် ၀၅ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ၅၄ ကီလိုတန်းတွင် သက်ပိုင်အောင်(ကရင်) က ခေတ်သစ်စိန် (ရန်ကုန်)ကို ပထမအချီ ၄၄ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ၅၇ ကီလိုတန်းတွင် နက္ခတ်အောင်(ကရင်)က ထက်ပိုင်မှူး(မန္တလေး)ကို ပထမအချီ ၁၃ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ (၆၀) ကီလိုတန်းတွင် ထူးနေသူ (ကရင်)က နေသွေးအောင်(ရန်ကုန်)ကို ဒုတိယအချီ ၅၇ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ဟံသာဝတီ(ရန်ကုန်)က ရွှေချစ်အောင်(ကရင်)ကို ၁ မိနစ် ၂၄ စက္ကန့် တွင် အလဲထိုးဖြင့် လည်းကောင်း၊ ၆၇ ကီလိုတန်းတွင် ချိုင်းထူး(ရန်ကုန်)က ရဲမွန်အောင်(မန္တလေး)ကို ပထမ အချီ ၂၆ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ၇၅ ကီလိုတွင် ဝမ်းစတား(ကရင်)က စိုင်းလူမွန်(ကချင်)ကို ပထမအချီတွင် အလဲထိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ယူကာ ဗိုလ်စွဲသွားကြသည်။

အမျိုးသမီး ၄၈ ကီလိုတန်း၌ ရွှေကိုလေး(ပဲခူး)နှင့် မီးလေး(ရန်ကုန်)တို့ ဗိုလ်လုပွဲတွင် မီးလေး ဆေးကျသဖြင့် ရွှေကိုလေး အနိုင်ရရှိကာဗိုလ်စွဲခဲ့ပြီး ၅၁ ကီလိုတန်းတွင် နော်ဖောလော်အဲ (ကရင်)က ဖြူဖြူခိုင်(တနင်္သာရီ) ကို အမှတ်ဖြင့် အနိုင်ရခဲ့သည်။ တစ်ဖန် ၅၄ ကီလိုတန်းတွင် မာရီးနာ(ရန်ကုန်)က ပိုးပိုး(ပဲခူး)ကို အမှတ်ဖြင့် လည်းကောင်း၊ ၅၇ ကီလိုတန်းတွင် မေသဇင်ထူး (ကယား) က ရွှေရည်မိုး(တနင်္သာရီ)ကို ပထမအချီ ၃၅ စက္ကန့် မှာပင် အလဲထိုးဖြင့် လည်းကောင်း၊ အမျိုးသမီး(၆၀) ကီလိုတန်းတွင် အိရွှေစင်(ရှမ်း)က ကေသွယ်ငြိမ်း ( တနင်္သာရီ)ကို လက်ရည်မမျှ ဒိုင်ပွဲရပ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရကာ ဗိုလ်စွဲသွားကြသည်။



**ဟံသာဝတီ(ရန်ကုန်)က ရွှေချစ်အောင်(ကရင်)ကို ညာဒူးတိုက်ချက်ဖြင့် ပွဲသိမ်း အနိုင်ယူစဉ်။**

ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး အားကစားသမားအဖြစ် လူသစ်တန်းမှ ရွှေဘ(ပဲခူး)၊ (ဂ)အဆင့် ၅၄ ကီလိုတန်းမှ စောစိုးမင်းထိုက်(ကရင်)၊ (ခ)အဆင့် ၆၃ ဒသမ ၅ ကီလိုတန်းမှ သွေးသစ်မောင် (ရန်ကုန်)၊ (က) အဆင့် ၅၁ ကီလိုတန်းမှ သိန်းစိုး(ရန်ကုန်)တို့ ရရှိခဲ့ပြီး၊ ပွဲစဉ်တစ်လျှောက် အရှုံးပွဲစဉ်များထဲမှ အကောင်းဆုံးဆုကို လူသစ်တန်း ၆၃ ဒသမ ၅ ကီလိုမှ အောင်ခန့်ညား (မန္တလေး)နှင့် အကြိုးစားဆုံးအားကစားသမားဆုကို နောက်ဆုံးဗိုလ်လုပွဲတွင် အနိုင်၊ အရှုံး အငြင်းအခုန်ဖြစ်ခဲ့သော (ခ) အဆင့် ၇၁ ကီလိုတန်းမှ ရွှေဝင်း(ရန်ကုန်) တို့က ရရှိကြသည်။ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့က ပူးတွဲရရှိခဲ့ပြီး အကောင်းဆုံးအမျိုးသမီးဆုကို မာရီးနာ (ရန်ကုန်) ကရရှိခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

# မြန်မာ ယူ-၁၉ အသင်း ခြေစမ်းပွဲ ယှဉ်ပြိုင်ကစား

**ရန်ကုန် ဇွန် ၁၃**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် စတုတ္ထ ခြေစမ်းပွဲအဖြစ် ယနေ့ ညနေပိုင်းက ဗဟန်းမြက်ခင်းတုကွင်း၌ MNL ကလပ် ဟံသာဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူ ခြေစမ်းခရီးစဉ်မသွားရောက်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ခြေအသာဖြင့် ကစားနိုင်သော်လည်း အဆုံးသတ်အားနည်းသောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြီးခဲ့သည့်နှစ်က ဖွဲ့စည်းခဲ့သော ယူ-၁၈ အသင်းမှ ကစားသမားများအပါအဝင် လူစုံအသုံးပြုခဲ့သော်လည်း ဇွန် ၁၁ ရက်မှသာ လူစုံလေ့ကျင့်နိုင်သောကြောင့် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိခဲ့ပေ။ ဟံသာဝတီအသင်းသည် ဇွန် ၁၀ ရက်တွင် မကွေးအသင်းနှင့် အမှတ်ပေးပွဲ ကစားထားရသောကြောင့် ယင်းပွဲတွင်ကစားခဲ့သည့် ကစားသမားများကိုအသုံးပြုခြင်းမရှိဘဲ အရန်ကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၆၃ နှင့် ၈၈ မိနစ်တွင် အောင်မျိုးသူရက သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲလေးပွဲကစားထားပြီး ပထမတန်းကလပ် မောရဝတီကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ MNL ကလပ်အသင်းများဖြစ်သည့် ဇွဲကပင်ကို သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံကို သုံးဂိုး-တစ်ဂိုး၊ ဟံသာဝတီကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ထားသည်။ **ရဲရင့်ရှိုင်း**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ အိမ်ရှင်က အိမ်အကူ နှစ်ဦးအား ညှဉ်းပန်းနှိပ်စက်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၁၃**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်း ရပ်ကွက်နေ ဦးဖုန်းနိုင် (၄၃ နှစ်)၏နေအိမ်၌ အိမ်အကူအဖြစ် အလုပ်လုပ်ကိုင်နေသူ ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်နေ မမေသကြ်န် (၁၄ နှစ်)နှင့် ညီမဖြစ်သူ မစန်းစန်းအေး (၁၂ နှစ်)ကို ဦးဖုန်းနိုင်၏ဇနီးဖြစ်သူ ဒေါ်တင်ဇာမြင့်(၃၁နှစ်)က ရိုက်နှက်ညှဉ်းဆဲသဖြင့် မမေသကြ်န်မှာ ထွက်ပြေးခဲ့ပြီး ၎င်း၏မိခင် ဒေါ်မို့မို့ရွှေနှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်း ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိနေ၍ ဇွန် ၁၂ ရက် ညနေ ၄ နာရီ ၃၀ မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်ထူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မေတင့်တို့အဖွဲ့က သွားရောက်မေးမြန်းခဲ့သည်။

မေလအတွင်း၌ မမေသကြ်န်ကို အိမ်လုပ်ငန်းများ လုပ်ကိုင်ရာတွင် အမှားအယွင်းများရှိပါက ဒေါ်တင်ဇာမြင့်က ကြိမ်လုံး၊ ခါးပတ်ဖြင့်ရိုက်ခြင်း၊ ရေနွေးပူ ဆီပူတို့ဖြင့်ပက်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း၊ ညီမဖြစ်သူ မစန်းစန်းအေးကိုလည်း ရိုက်နှက်မှုများရှိခဲ့ကြောင်း ပြောပြသိရှိရပြီး မမေသကြ်န်တွင် ပေါင်နှစ်ဖက်၊ နောက်ကျော၊ ယာဘက်ပခုံးတို့တွင် ညိုမည်းဒဏ်ရာများတွေ့ရှိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် စုမဲလိမ်လည်ရောင်းချခဲ့သူအား အရေးယူထား

နေပြည်တော် ဇွန် ၁၃

**ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် ငွေရရှိမည်ဟု ယုံကြည်အောင်ပြောဆို၍ စုမဲလိမ်လည်ရောင်းချခဲ့သူအား အရေးယူထားကြောင်း သိရသည်။**

ရန်ကုန်မြို့ သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက် သောက်တော်တွင်း ၆ လမ်းနေ မဇင်ဇင်ထွေး(၂၇ နှစ်) သည် မေ ၆ ရက် နံနက် ၁၁ နာရီခန့်က ၎င်း၏ ဖေ့စ်ဘွတ်ခ်အကောင့်ဖြစ်သော Zin Zin အကောင့်သို့ Dawyamin အကောင့်မှ ဆက်သွယ်လာပြီး ၎င်း၏ စုမဲအား ၇-၅-၂၀၁၈ ရက်တွင် စုမဲ တစ်မဲလျှင် ငွေကျပ် ၈၀၀၀၀ သွင်းပါက ၁၃-၅-၂၀၁၈ ရက်တွင် ငွေကျပ် တစ်သိန်း ရရှိမည်ဟုပြောဆိုကာ စုမဲရောင်းလာသောကြောင့် မဇင်ဇင်ထွေးက စုမဲ ၁၀ မဲအတွက် ငွေကျပ် ရှစ်သိန်းကို ဘဏ်မှတစ်ဆင့် Dawyamin အကောင့်ပိုင်ရှင် ဒေါ်ယမင်းနွယ်ထံသို့ လွှဲပေးခဲ့ကြောင်း ထို့နောက် ထပ်မံ၍ ဒေါ်ယမင်းနွယ် (စိစစ်ဆဲ)က ၁၁-၅-၂၀၁၈ ရက်တွင် နောက်ထပ်စုမဲအတွက် ငွေကျပ် ၁၂ သိန်း ထပ်သွင်းပါက ၁၆-၅-၂၀၁၈ ရက်တွင် ငွေကျပ် ၁၅ သိန်းပြန်ရမည်ဟု ပြောဆိုခဲ့သဖြင့် မဇင်ဇင်ထွေးက ၁၁-၅-၂၀၁၈ ရက်တွင် ငွေကျပ် ၁၂ သိန်းကို ဘဏ်မှတစ်ဆင့် ထပ်မံငွေလွှဲပေးခဲ့ကြောင်း၊ ညနေပိုင်းတွင် ဒေါ်ယမင်းနွယ်(စိစစ်ဆဲ) က ငွေကျပ် လေးသိန်း ထပ်သွင်းပါက ၁၄-၅-၂၀၁၈ ရက်တွင် ငွေကျပ် ငါးသိန်း ပြန်ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သဖြင့် ဘဏ်မှတစ်ဆင့် ငွေကျပ် နှစ်သိန်းနှင့် ၎င်းကိုင်ဆောင်သည့် ဖုန်းနံပါတ်သို့ ငွေကျပ် နှစ်သိန်း ထပ်မံလွှဲပေးခဲ့ကြောင်း။

ယင်းနောက် ဒေါ်ယမင်းနွယ် (စိစစ်ဆဲ)က ရရှိမည့်ငွေများကို ပြန်လည်လွှဲပေးခြင်းမရှိသောကြောင့် မဇင်ဇင်ထွေးက ၎င်းနေထိုင်သည့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့သို့ သွားရောက်တောင်းဆိုခဲ့သော်လည်း ဒေါ်ယမင်းနွယ်က တိမ်းရှောင်နေသဖြင့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ငွေကျပ် ၂၄ သိန်းကို လိမ်လည်သွားသူ Dawyamin အကောင့်ပိုင်ရှင် ဒေါ်ယမင်းနွယ်အား အရေးယူပေးရန် တိုင်တန်းချက်အရ သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဝေါမြို့၌ ခွေးရူးကိုက်မှုကြောင့် လူလေးဦး ဆေးရုံတက်ရောက်ကုသ

**နေပြည်တော် ဇွန် ၁၃**

ဝေါမြို့၌ ခွေးရူးကိုက်ခံရမှုကြောင့် လူလေးဦး ဆေးရုံတက်ရောက်ကုသနေရကြောင်း သိရသည်။

ဝေါမြို့ အေးချမ်းသာယာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဝေါ)၌ ဇွန် ၁၂ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က မြင့်မြတ်အောင်(၆ နှစ်)၊ ချမ်းမြသာစည်ရပ်ကွက်နေ ဦးအောင်အောင်သက်(၃၆ နှစ်)နှင့် အေးချမ်းသာယာရပ်ကွက်နေ အမျိုးသမီးနှစ်ဦးတို့ ခွေးရူးကိုက်၍ ပေါက်ပြဲဒဏ်ရာများ (မစိုးရိမ်ရ)ရရှိသဖြင့် ဝေါမြို့နယ်ပြည်သူ့ဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြောင်းနှင့် ခွေးရူးသည် ကျောင်းပိုင်ခွေးမဟုတ်ဘဲ ပြင်ပခွေးဖြစ်ကြောင်း သိရှိရသဖြင့် တာဝန်ရှိသူများက ပူးပေါင်းကာ မြို့ပေါ်ရှိ ခွေးလေခွေးလွင့်များကို ရှင်းလင်းနိုင်ရေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်နေ့မှ ဇွန်လ ၁၂ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ပန်းနာရင်ကျပ်ရောဂါနှင့် ဆေးလက်ဆောင်ပေးချင်တယ် -၂ | ဦးဝင်းဇော် (သုံးဇော်) | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂ | ဂျူးသမိုင်း | ကိုကိုလေး (မြန်မာပြန်) | ၃၅၀၀ | ယဉ်မျိုး |
| ၃ | ဆင်တစ်ကောင်၏အသက်ကို အရှက်နဲ့လဲခဲ့ခြင်း | မောင်ရင့်မာ (ကျောင်းကုန်း) | ၃၅၀၀ | ဝန်ချတောင် |
| ၄ | လျှို့ဝှက်သင်္ကေတ အာရောဂျံ | နတ်နွယ် | ၂၅၀၀ | စိတ်ကူးချိုချို |
| ၅ | အရိယသစ္စာကျမ်း (English - Myanmar) | ဦးဘခင် | ၂၀၀၀ | မြဝတီစာပေ |
| ၆ | လက်သည်းမှပြောသော ကျန်းမာရေးစကားများ | ဆင်ဖြူကျွန်းကျော်လှိုင်ဦး | ၁၅၀၀ | မိဘမေတ္တာ |
| ၇ | အရာအားလုံး၏ မူလအစပထမများ | စိုးသိဏ်း | ၆၀၀၀ | စိတ်ကူးချိုချို |
| ၈ | ရှင်ဘုရင်နဲ့ညားရင်မိဖုရား | မောင်သာရ | ၂၀၀၀ | လင်းလွန်းခင် |
| ၉ | တစ္ဆေညွှန့်ပေါင်းကျမ်း | ပဋ္ဌရူပ ဦးခ | ၃၅၀၀ | လမ်းသစ် |
| ၁၀ | ကျွန်တော် ဂေါက်သီးသမား | ဦးလှဝင်း(လေသူရဲတစ်ဦး) | ၃၀၀၀ | ရတနာပုံ |
| ၁၁ | သမားတော်တစ်ဦး၏ ငြိမ်းချမ်းရေးဒိုင်ယာရီ | ရဲနောင်(ဘာသာပြန်) | ၄၅၀၀ | အိပ်မက်သစ် |
| ၁၂ | ကမ္ဘာ့ဂြိုဟ်ကြီးနဲ့ အာကာသဟင်းလင်းပြင် | မိုးဇက်ပိုင် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၃ | ဗေဒင်မမေးခင် ဗေဒင်သင် | ဝင်းဇော် (သစ်တော) | ၂၅၀၀ | မြတ်ပွင့် |
| ၁၄ | နေ့စဉ်ခေါင်းဆောင်မှု အကြံပြုချက်များ | ဒေါက်တာသာထွန်းဦး | ၄၀၀၀ | တူဒေး |
| ၁၅ | ရက္ခဗေဒ၊ ဓာတုဗေဒနှင့် စိုက်ပျိုးရေး ပေါင်းကူးဆောင်းပါးများ | ဦးဖရက်သိန်းဖေ | ၅၀၀၀ | ပုလဲစာပေ |
| ၁၆ | လူတွေ၊ လမ်းတွေ၊ အလုပ်အကိုင်တွေနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ | ချစ်မင်းဝေ | ၃၀၀၀ | နှင်းဆီနီ |
| ၁၇ | ဘာကြောင့် မငြိမ်းချမ်းတာလဲ | အရှင်သာသန | ၂၅၀၀ | မျိုးဆက်သစ် |
| ၁၈ | ယနေ့မှစ၍ ကျွန်တော်၊ ကျွန်မတို့သည်... | သျှင်မ | ၃၀၀၀ | ပတ္တမြားသိုက် |
| ၁၉ | မေယုကို ဆန်...မေယုကိုစုန်၍...အနောက်ဘက်တံခါးကို ဖြတ်သန်းကြည့်ရှုခြင်း | ချစ်ဝင်းမောင် | ၃၀၀၀ | Home media |
| ၂၀ | သင်ခန်းစာများကို မိတ္တူပွားခြင်း | ဥသျှောင်မှူး (လှိုင်လင်) | ၂၅၀၀ | ယဉ်မျိုး |

*(ဆက်လက်ဖော်ပြပါမည်)*



# နှိုးဆော်လွှာ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ခုနစ်ရက်သားသမီး အလှူရှင် ဘုရားဒါယကာ ဒါယိကာမများစုပေါင်း၍ **"ထာဝရငြိမ်းချမ်းရေးစေတီတော်"**ကို တည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

| | | | |
|---|---|---|---|
| **ဦးသောင်းဝင်း** | ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ရုံးအမှတ် (၃၁)၊နေပြည်တော် | ဖုန်း ၀၉-၄၂၀၇၀၁၄၆၃ ၀၆၇၃-၄၀၆၂၇၆ |
| **ဦးမောင်မောင်မျိုး** | ညွှန်ကြားရေးမှူး နေပြည်တော်တိုင်း သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်၊ နေပြည်တော် | ဖုန်း ၀၉-၂၁၃၂၁၉၁ ၀၆၇၃-၅၅၀၁၈၃ |
| **ဦးကြင်ခိုင်** | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ကမ္ဘာအေးဘုရားဝင်း ရန်ကုန်မြို့ | ဖုန်း ၀၉- ၈၆၀၀၁၁၃ ၀၉-၅၁၈၃၄၇၁ ၀၁-၆၆၁၂၇၅ |
| **ဦးကျော်စိန်ဝင်း** | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ ၆၂လမ်း၊ မန္တလေးမြို့ | ဖုန်း ၀၉- ၂၀၀၀၁၀၀ ၀၉- ၄၃၁၂၅၃၇၃ ၀၂- ၆၁၁၁၃ |

**ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ**

## ဖီဖာကွန်ဂရက် မြန်မာဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်

**ရန်ကုန် ဇွန် ၁၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ကွန်ဂရက်ကို ယနေ့ နံနက်ပိုင်းက ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်း၊ ဦးပြည့်ဖြိုး တေဇနှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ တက်ရောက်ခဲ့ကြသည်။



ယင်းကွန်ဂရက်တွင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံအား ရွေးချယ်ခဲ့ပြီး လူငယ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပမည့်အစီအစဉ်များ၊ ဖီဖာမှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့သည် ဇွန် ၁၄ ရက်**(ယနေ့)** ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲနှင့် အိမ်ရှင် ရုရှား-ဆော်ဒီအသင်းတို့ ယှဉ်ပြိုင်မည့် အဖွင့်ပွဲကို တက်ရောက်ကြည့်ရှုအားပေးမည် ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ- MFF**

❍ *ကျောဖုံးမှ*

ကန်သွင်းခဲ့ခြင်း ဖြစ်သည်။ ဒုတိယပိုင်းတွင် ရောဝတီအသင်း ချေပဂိုးရရှိရန် ရုန်းကန်မှုကြောင့် အပြန်အလှန်ရှိလာခဲ့သည်။ ၅၆မိနစ်တွင် မကွေးအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး မောင်မောင်စိုးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ နှစ်မိနစ်အကြာတွင် ရောဝတီအသင်းချေပဂိုးပြန်ရခဲ့၍ ပွဲမှာအသက်ဝင်လာပြီး ပထမချေပဂိုးကို ကာစီယိုက သွင်းယူခဲ့သည်။

ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာပြီး ၇၄ မိနစ်တွင် သီဟဇော်က ရောဝတီအတွက် ဒုတိယချေပဂိုးသွင်းခဲ့သည်။ မိနစ် ၉၀ တွင် နှစ်ဂိုးစီသရေကျနေပြီး အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ဂိုးမရှိ သရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။

ပယ်နယ်တီ ကန်ရာတွင် ၁၂ လုံးအထိ ကန်သွင်းခဲ့ရပြီး ကာစီယိုမှာ ပယ်နယ်တီ နှစ်ကြိမ်စလုံး လွဲချော်ခဲ့၍ ရောဝတီအသင်းက ၁၀ ဂိုး-၉ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ပယ်နယ်တီကန်ရာတွင် ရောဝတီမှ သုံးဂိုး၊ မကွေးမှ နှစ်ဂိုးလွဲချော်ခဲ့ပြီး ၁၁ ဦးစလုံး ကန်ပြီးဖြစ်သောကြောင့် ကာစီယို(ရောဝတီ)နှင့် မောင်မောင်စိုး (မကွေး)မှာ နှစ်ကြိမ်စီကန်ခဲ့ရကာ မောင်မောင်စိုးမှာ နှစ်ကြိမ်စလုံး ဂိုးဝင်ခဲ့၍ မကွေးအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက GFA အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီနှင့် အမှတ်ပေးပွဲမှ ဖြစ်ရပ်များကြောင့် နည်းပြချုပ် ဦးမျိုးမင်းထွန်း ကွင်းအတွင်းကြီးကြပ်နိုင်ခြင်းမရှိသလို တိုက်စစ်မှူး ဆယ်လာမှာလည်း ပွဲပယ်ခံထားရ၍ ရန်ကုန်အသင်းသည် အပြောင်းအလဲပြုလုပ်ခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေပြီး ရန်ကုန်အတွက် အနိုင်ဂိုးများကို ၆၅ မိနစ်တွင် အီစိုး၊ ၇၆ မိနစ်တွင် ဇော်မင်းထွန်းတို့က သွင်းယူခဲ့သည်။

ကွာတားဖိုင်နယ် (ဒုတိယနေ့)ကို ဇွန် ၂၀ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်နှင့် ရှမ်းယူနိုက်တက်၊ စစ်ကိုင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မကွေးနှင့် ရန်ကုန်အသင်းသည် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံနေသည်။

**ညီမြတ်သော်တာ**

❊ *ကျောဖုံးမှ*

ဖြစ်ကြောင်းနှင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၄ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ လုဇ်နီကီအားကစားကွင်း (Luzhniki Stadium) ၌ ကျင်းပသွားမည်ဖြစ်ရာ ယင်းနေ့ ည ၈ နာရီခွဲမှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ- ရုရှား(၂၀၁၈) (ဇွန် ၁၄ - ဇူလိုင် ၁၅)

| အုပ်စု (က) | အုပ်စု(ခ) | အုပ်စု(ဂ) | အုပ်စု(ဃ) |
|---|---|---|---|
| ရုရှား | ပေါ်တူဂီ | ပြင်သစ် | အာဂျင်တီးနား |
| ဆော်ဒီအာရေဗျ | စပိန် | သြစတြေးလျ | အိုက်စလန် |
| အီဂျစ် | မော်ရိုကို | ပီရူး | ခရိုအေးရှား |
| ဥရုဂွေး | အီရန် | ဒိန်းမတ် | နိုင်ဂျီးရီးယား |

| အုပ်စု(င) | အုပ်စု(စ) | အုပ်စု(ဆ) | အုပ်စု(ဇ) |
|---|---|---|---|
| ဘရာဇီး | ဂျာမနီ | ဘယ်လ်ဂျီယံ | ပိုလန် |
| ဆွစ်ဇာလန် | မက္ကဆီကို | ပနားမား | ဆီနီဂေါ |
| ကော်စတာရီကာ | ဆွီဒင် | တူနီးရှား | ကိုလံဘီယာ |
| ဆားဘီးယား | တောင်ကိုရီးယား | အင်္ဂလန် | ဂျပန် |

### အုပ်စုပွဲစဉ်

| ပွဲစဉ်အမှတ် | ပြသမည့်ရက်စွဲ | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|---|
| ၁ | ၁၄-၆-၁၈ (ကြာသပတေး) | ၂၁း၃၀ | (က) | ရုရှား နှင့် ဆော်ဒီအာရေဗျ |
| ၈ | ၁၇-၆-၁၈ (တနင်္ဂနွေ) | ၁း၃၀ | (ဃ) | ခရိုအေးရှား နှင့် နိုင်ဂျီးရီးယား |
| ၁၄ | ၁၉-၆-၁၈ (အင်္ဂါ) | ၀၀း၃၀ | (ဆ) | တူနီးရှား နှင့် အင်္ဂလန် |
| ၁၇ | ၂၀-၆-၁၈ (ဗုဒ္ဓဟူး) | ၀၀း၃၀ | (က) | ရုရှား နှင့် အီဂျစ် |
| ၂၆ | ၂၃-၆-၁၈ (စနေ) | ၀၀း၃၀ | (င) | ဆားဘီးယားနှင့် ဆွစ်ဇာလန် |
| ၃၁ | ၂၅-၆-၁၈ (တနင်္လာ) | ၀၀း၃၀ | (ဇ) | ပိုလန်နှင့် ကိုလံဘီယာ |
| ၄၀ | ၂၇-၆-၁၈ (ဗုဒ္ဓဟူး) | ၀၀း၃၀ | (ဃ) | အိုက်စလန် နှင့် ခရိုအေးရှား |
| ၄၂ | ၂၈-၆-၁၈ (ကြာသပတေး) | ၀၀း၃၀ | (င) | ဆွစ်ဇာလန် နှင့် ကော်စတာရီကာ |
| ၄၆ | ၂၉-၆-၁၈ (သောကြာ) | ၀၀း၃၀ | (ဆ) | ပနားမား နှင့် တူနီးရှား |

### ၁၆ သင်းအဆင့်

| ပွဲစဉ်အမှတ် | ပြသမည့်ရက်စွဲ | အချိန် | ကစားမည့်ကွင်း | ပွဲစဉ် |
|---|---|---|---|---|
| ၄၉ | ၁-၇-၁၈ (တနင်္ဂနွေ) | ၀၀း၃၀ | Fisht Olympic Stadium | က(၁) နှင့် ခ(၂) |
| ၅၂ | ၂-၇-၁၈ (တနင်္လာ) | ၀၀း၃၀ | Nizhny Novgorod Stadium | ဃ(၁)နှင့် ဂ(၂) |

### ကွာတားဖိုင်နယ်

| ပွဲစဉ်အမှတ် | ပြသမည့်ရက်စွဲ | အချိန် | ကစားမည့်ကွင်း | ပွဲစဉ် |
|---|---|---|---|---|
| ၅၈ | ၇-၇-၁၈ (စနေ) | ၀၀း၃၀ | Kazan Arena Stadium | ၅၃ နိုင် နှင့် ၅၄ နိုင် |
| ၅၉ | ၈-၇-၁၈ (တနင်္ဂနွေ) | ၀၀း၃၀ | Fisht Olympic Stadium | ၅၁ နိုင် နှင့် ၅၂ နိုင် |

### အကြိုဗိုလ်လုပွဲ

| ပွဲစဉ်အမှတ် | ပြသမည့်ရက်စွဲ | အချိန် | ကစားမည့်ကွင်း | ပွဲစဉ် |
|---|---|---|---|---|
| ၆၁ | ၁၁-၇-၁၈ (ဗုဒ္ဓဟူး) | ၀၀း၃၀ | Krestovsky Stadium | ၅၇ နိုင်နှင့် ၅၈ နိုင် |
| ၆၂ | ၁၂-၇-၁၈(ကြာသပတေး) | ၀၀း၃၀ | Luzhniki Stadium | ၅၉ နိုင် နှင့် ၆၀ နိုင် |

### ဗိုလ်လုပွဲ

| ပွဲစဉ်အမှတ် | ပြသမည့်ရက်စွဲ | အချိန် | ကစားမည့်ကွင်း | ပွဲစဉ် |
|---|---|---|---|---|
| ၆၄ | ၁၅-၇-၁၈(တနင်္ဂနွေ) | ၂၁း၃၀ | Luzhniki Stadium | ၆၁ နိုင် နှင့် ၆၂ နိုင် |




**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကျိုင်းတုံ၊ တာချီလိတ်၊ မောင်တော၊ မူဆယ်၊ ကလေးနှင့် တမူးမြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**

မူးယစ်တပ်ဖွဲ့စု ၂၈ ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၉ နာရီခန့်က ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းတံတား၌ အားကျာ မောင်းနှင်ပြီး မဘူးသို လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ မဘူးသိုထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃ ပြားနှင့် ဘိန်းစိမ်း ၃၅ ဂရမ်တို့ကို လည်းကောင်း၊ ဇွန် ၁၂ ရက် နံနက်ပိုင်း က မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြင် ရပ်ကွက်တွင် ဖြိုးဂျေ(ခ) အာပေါ မောင်းနှင်ပြီး အာဒို လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဖြိုးဂျေ၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းဖြူ ၁၈ ဂရမ်ကို လည်းကောင်း။

အလားတူ မူးယစ်တပ်ဖွဲ့စု ၂၈ ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းခတ်မြို့နယ် ပန်နော်လောင်းကျေးရွာနေ ကျားဘို၏ နေအိမ်မှ စိတ်ကြွရူးသွပ် ဆေးပြား ၂၉၀ ကိုလည်းကောင်း။

မေယု (၂)စစ်ဆင်ရေးအရ မူးယစ်တပ်ဖွဲ့စု ၄၆ မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မောင်တောမြို့ အမှတ် ၅ ရပ်ကွက် အလယ်ရွာနေ မာမက်အာမိန်၏ နေအိမ်ကိုရှာဖွေရာ မာမက်အာမိန်နှင့် ခေါ်ရီမူလ္လာတို့အား တွေ့ရှိရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၅ ပြားနှင့် ငွေကျပ် ၁၀၇၀၀၀ တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန့်နောင်ကျေးရွာအနီး၌ စိုင်းကွမ်းလှိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိုင်းကွမ်းလှိုင်ထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ ညနေပိုင်းတွင် မူဆယ်မြို့ စွမ်စော် ရပ်ကွက်နေ ယော်ဗာဆိုင်၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု ၅ ကလေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့နယ် တမူး-ကလေးသွားကားလမ်း အင်ဒိုင်းကြီးကျေးရွာအနီး၌ မောင်နိုင်မောင်းနှင်ပြီး မဇင်မီမီဝင်း (ခ)မမီမီခင် လိုက်ပါလာသည့် ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ မဇင်မီမီဝင်း (ခ)မမီမီခင်ထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀ နှင့် ဘိန်းဖြူ ၁ ဒသမ ၄ ဂရမ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိပြီး ကလေးမြို့နယ် စခန်းကြီးကျေးရွာ နယ်မြေ ၂ ရှိ ၎င်းတို့၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၀ နှင့် ဘိန်းဖြူ ၆ ဂရမ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



ဖြိုးဂျေ(ခ)အာပေါ၊ အာဒို၊ ကျားဘို၊ မဘူးသိုနှင့် အားကျာတို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်တပ်ဖွဲ့စု ၇ တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် ခါမ်းပါတ်မြို့ တမူး-ကလေးကားလမ်း နန်စပါတံတားအနီး၌ စိုးမင်းဝင်း မောင်းနှင်ပြီး ထွန်းထွန်းဝေ(ခ)ထွန်းမြ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိုးမင်းဝင်းထံမှ ဘိန်းဖြူ ၁၂ ဒသမ ၅ ဂရမ်ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဓားလှံလက်နက်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**

ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းနယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိဒုတိယရဲအုပ် ချစ်နိုင်ထူးနှင့်အဖွဲ့သည် ဇွန် ၁၂ ရက် နံနက် ၁ နာရီခွဲခန့်က သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်၏ ကြီးကြပ်မှုဖြင့် စက်ဆန်းရပ်ကွက် မင်းမဟော်လမ်းအတွင်းရှိ သိန်းထွန်းနိုင်(ခ)ရှမ်းမ ငှားရမ်းနေထိုင်သည့် နေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ သက်ခိုင်ထွေး၊ မေချမ်းမြေ့(ခ)ငြိမ်းငြိမ်းနှင့် ယုဇနလွင်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ပြားနှင့် ဆက်စပ်ပစ္စည်းများ ၊ ဓားဦးချွန်ဆိုက်စုံ ခြောက်ချောင်းနှင့် စတီးပိုက်အရိုးတပ် ဓားလှံရှည်နှစ်ချောင်းတို့ကိုပါ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

သတင်းကွင်းဆက်အရ ယင်းနေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဘလုတ်ညွှန့် ရပ်ကွက် ကန်သာအေး ၂ လမ်းရှိ မနီနီအေး(ခ)အိပုံနှင့် ခင်ပွန်းဖြစ်သူ စိုးထိုက် (ခ) စိုးကြီး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အလေးချိန် ငါးဂရမ်ခန့်ရှိသော ဆေးခြောက်ဟု ယူဆရသည့် အညိုရောင် အရွက်ခြောက်တစ်ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော အပြား ၁၀၂ ပြားနှင့် ဆက်စပ်ပစ္စည်းများကို ရှာဖွေဖမ်းဆီးရမိခဲ့သည်။



နီနီအေး(ခ)အိပုံနှင့် စိုးထိုက်(ခ)စိုးကြီး။

မူးယစ်ဆေးဝါးနှင့် လက်နက်များ ဖမ်းဆီးရမိသည့်အတွက် သိန်းထွန်းနိုင်(ခ)ရှမ်းမ(၃၈နှစ်)၊ သက်နိုင်ထွေး (၂၇နှစ်)၊ မေချမ်းမြေ့ (ခ)ငြိမ်းငြိမ်း (၁၈နှစ်)၊ ယုဇနလွင် (၂၂နှစ်)၊ နီနီအေး (ခ)အိပုံ (၂၆နှစ်)၊ စိုးထိုက်(ခ)စိုးကြီး (၂၀နှစ်)တို့ကို ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းနယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် ချစ်နိုင်ထူးက တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးတင်**

# ကျိုက်မရောတွင် ခရီးသည်တင်ယာဉ် လမ်းချော်တိမ်းမှောက် နှစ်ဦး သေဆုံး

**ကျိုက်မရော ဇွန် ၁၃**

မွန်ပြည်နယ် ကျိုက်မရောမြို့တွင် ယနေ့ နံနက်ပိုင်းက ခရုံဂူကျောက်မိုင်းအနီး လမ်းချော်၍ ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ ခရီးသည်တင်လိုင်းကားသည် ခရီးသည်နှင့်ဈေးသည်များ တင်ဆောင်၍ ဘားအံသို့အသွား ခရုံဂူကျောက်မိုင်းအနီး၌ လမ်းချော်တိမ်းမှောက်ခြင်းဖြစ်ပြီး အမျိုးသမီး ၁၀ ဦး၊ အမျိုးသားငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဒဏ်ရာရလူနာများအား ရာမညလူမှုကယ်ဆယ်ရေးအသင်းနှင့် မော်လမြိုင် လူမှုကယ်ဆယ်ရေးအသင်းယာဉ်များ စုစုပေါင်းယာဉ်ခုနစ်စီးဖြင့် မော်လမြိုင်ဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့သည်။

အမျိုးသားတစ်ဦးမှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးမှာ မော်လမြိုင်ဆေးရုံကြီးအရောက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စဉ့်အိုးတန်းဆိပ်ကမ်းမှ ဒလဘက်ကမ်းသို့ကူးသော စက်လှေတိမ်းမှောက် ခရီးသည်ရှစ်ဦးသာ ပြန်လည်ဆယ်ယူရရှိသေး

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်ဘက်ရှိ စဉ့်အိုးတန်း ဆိပ်ကမ်းမှ ဒလဘက်ကမ်းရှိ ကမာကသွယ်ဆိပ်သို့ ခရီးသည် ၁၂ ဦး တင်ဆောင်လာသော စက်လှေမှာ ယနေ့ည ၈ နာရီ ၃၅ မိနစ်က ရန်ကုန်မြစ်လယ်တွင် တိမ်းမှောက်သွားရာ ခရီးသည်ရှစ်ဦးကို ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး စက်တပ်သမ္ဗန်မောင်းသမားအပါအဝင် ကျန်ခရီးသည် လေးဦးပျောက်ဆုံးနေကြောင်း သိရသည်။

ဒလဘက်ကမ်းမှ စဉ့်အိုးတန်းဆိပ်ကမ်းသို့ တစ်နေ့လျှင် ခရီးသည် လေးသောင်းကျော် အလုပ်အကိုင်အတွက် သွားလာရာတွင် စက်တပ်သမ္ဗန်များကိုသာ အားပြုသွားလာရလျက်ရှိပြီး မိုးသက်လေပြင်း တိုက်ခတ်မှုမပြတ်သော ယခုရက်ပိုင်းအတွင်း ရန်ကုန်မြစ်ပြင်တွင် လှိုင်းထန်လျက်ရှိရာ စက်သမ္ဗန်များ ဂရုပြုသွားလာကြရန် ဂိတ်မှူးများက နှိုးဆော်ထားကြောင်းလည်း သိရသည်။

စဉ့်အိုးတန်းဆိပ်ကမ်းမှ ကမာကသွယ်သို့ ခရီးသည် ၁၂ ဦး (စက်လှေမောင်းသမားအပါအဝင်) တင်ဆောင်လာသော စက်တပ်သမ္ဗန်မှာ ပန်ကာကို ဒိုက်မော်ပတ်သည့်အတွက် စက်ရပ်သွားပြီး ဒီရေအကျနှင့် မျောပါသွားကာ ပန်းဆိုးတန်းဆိပ်ကမ်းရေယာအရောက်တွင် ဆိုက်ကပ်ထားသော စီဘီတွဲအားတိုက်မိပြီး တစ်ချက်ပြန်ကန်ထွက်၍ နောက်တစ်ကြိမ် တိုက်မိချိန်တွင် တိမ်းမှောက်သွားရာ ခရီးသည်ရှစ်ဦးကို ပြန်လည်ဆယ်ယူရရှိခဲ့ကာ လေးဦး ပျောက်ဆုံးနေကြောင်း၊ သုံးဦးအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း ကနဦးသတင်းများအရ သိရသည်။

**၁၆၄**

# ရွှေဘိုမြို့တွင် ဂျီပီအက်စ် တပ်ထားသည့်ဆိုင်ကယ် ခိုးယူသူအား တစ်နာရီအတွင်း ဖမ်းဆီးရမိ

**ရွှေဘို ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဂျီပီအက်စ်တပ်ထားသော ဆိုင်ကယ်ခိုးယူသူအား အခင်းဖြစ်ပွားပြီး တစ်နာရီအတွင်း ဂျီပီအက်စ် အကူအညီဖြင့် တည်နေရာသိရှိပြီး ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မ ရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်နေယုမောင်ထံမှ သိရသည်။

ရွှေဘိုမြို့တွင် ဇွန် ၁၃ ရက် နံနက် ၃ နာရီခွဲက ရွှေဘိုမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်နေယုမောင် တာဝန်ထမ်းဆောင်နေစဉ် ရွှေဘိုမြို့ အမှတ် ၁၀ ရပ်ကွက် တပ်မြို့တောင်ရပ်နေ ဆိုင်ကယ်ပိုင်ရှင် ဦးနန္ဒနှင့်အဖွဲ့ ရောက်ရှိလာပြီး ၎င်း၏ နေအိမ်မှ ကလစ်ဆိုင်ကယ်တစ်စီးအား အခိုးခံရကြောင်း၊ ဆိုင်ကယ်တွင် ဂျီပီအက်စ်စနစ်တပ်ထား၍ ဖွင့်ကြည့်ရာ ရွှေဘိုမြို့နယ် မင်းကျောင်းကျေးရွာ အရှေ့ဘက်တွင် ရောက်ရှိနေကြောင်းပြသ၍ လာရောက်သတင်းပေး တိုင်ကြားသဖြင့် လိုက်လံဖမ်းဆီးရာ မင်းကျောင်းကျေးရွာအရှေ့ဘက် ရွှေဘို-ကျောက်မြောင်း ကားလမ်းမ ဘေးမြောက်ဘက်ဇရပ်တွင် လူငယ်တစ်ဦးနှင့် ဆိုင်ကယ်တစ်စီး၊ ဖုန်းတစ်လုံးအား တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ၎င်းမှာ လင်းထက်အောင် (ခ) မင်းထက်အောင်(၁၇ နှစ်) စဉ့်ကူး မြို့နယ်နေသူဖြစ်ကြောင်းသိရပြီး ဆိုင်ကယ်နှင့် ဖုန်းအား ခိုးယူလာခဲ့ကြောင်း သိရှိရသဖြင့် ရွှေဘိုမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ကမာရွတ်၌ နိုင်ငံခြားသား တစ်ဦး သေဆုံး

**နေပြည်တော် ဇွန် ၁၃** - ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ၈ ရပ်ကွက်ရှိ ဒိုင်းမွန်းကွန်ဒိုတာဝါနေ တရုတ်နိုင်ငံသား Mr.Su Biao Feng(၆၄ နှစ်) (စီးပွားရေးဗီဇာ၊ သက်တမ်း ၂၃-၅-၂၀၁၈ မှ ၂၃-၇-၂၀၁၈ ရက်ထိ)သည် ဇွန် ၁၁ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က ၎င်းနေထိုင်သော တိုက်ခန်း၏ မီးဖိုဆောင်ဝရန်တာ၌ မှောက်လျက်သတိလစ်မေ့မျောနေသည်ကို အတူနေ စကားပြန် အေးပိုင်(၂၇ နှစ်)က တွေ့ရှိ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့သဖြင့် ကမာရွတ်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်းနှင့် အသည်းအဆီဖုံး၊ အဆုတ်၊ ကျောက်ကပ်ပျက်စီးမှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# မြန်မာ့ရုပ်မြင်သံကြား

၁၄ - ၆ - ၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၀ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၆၀)
- ၁၀:၀၀ - **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများ စကားဝိုင်း(မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ)**
- ၁၃:၁၀ - ငြိမ်းချမ်းရေး ဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၁) (နေပြည်တော်)(ဒုတိယပိုင်း)
- ၁၄:၃၅ - **မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍အသိပညာပေး စကားဝိုင်း** (အပိုင်း-၁)

**ညပိုင်း**

- ၁၆:၃၅ - "ငွေခေတ် သူရဲကောင်းများ" (အပိုင်း-၁)
- ၁၉:၁၅ - မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများကွန်ရက်** (အပိုင်း-၂) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်သြဘာ)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၀ - **၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၂၁:၀၀ - **၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်** (Russia Vs Saudi Arabia)

# အမေရိကန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဖိတ်ကြားမှုကို ကင်လက်ခံ

**ပြုံယမ်း ဇွန် ၁၃**

အမေရိကန်နိုင်ငံသို့ လာရောက်လည်ပတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဖိတ်ကြားမှုကိုမြောက်ကိုရီးယားနိုင်ငံ သမ္မတကင်ဂျုံအန်းက လက်ခံခဲ့ကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင်ကေစီအင်န်အေသတင်းဌာနမှ ဇွန် ၁၃ ရက်က ဖော်ပြခဲ့သည်။

**အပြန်အလှန်ဖိတ်ခေါ်**

မြောက်ကိုရီးယားသမ္မတ ကင်ဂျုံအန်းကလည်း စင်ကာပူနိုင်ငံတွင် ပြုလုပ်သော ထိပ်သီးအစည်းအဝေး ကာလအတွင်း မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနှင့် အမေရိကန်နိုင်ငံအကြား ပြုလုပ်ခဲ့သည့်ဆွေးနွေးမှုများသည် ကောင်းမွန်သော အခိုက်အတန့် ဖြစ်ခဲ့သည်။

**ပူးတွဲစစ်ရေးလေ့ကျင့်မှုယာယီရပ်တန့်**

အဆိုပါ ဆွေးနွေးမှုများတွင် မြောက်ကိုရီးယားနိုင်ငံဘက်က ရန်စမှုဖြစ်သည်ဟု ယူဆထားသော အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ဆင်ရေးလေ့ကျင့်မှုကို ယာယီရပ်တန့်ထားရန် အမေရိကန်က သဘောတူကြောင်း၊ မြောက်ကိုရီးယားနိုင်ငံ၏လုံခြုံရေးကို အာမခံကြောင်းနှင့် နှစ်နိုင်ငံဆွေးနွေးမှု၊ ညှိနှိုင်းမှုများပြုလုပ်ပြီး နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်လာပါက ဒဏ်ခတ်ပိတ်ဆို့မှုများကို ပယ်ဖျက်ပေးသွားမည်ဟုအမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။




**ပြန်လည်သုံးသပ်မည်**

မြောက်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့အကြား ဆန့်ကျင်နေမှုများကိုလည်း ပြန်လည်သုံးသပ်သွားကြရန် ကတိပြုခဲ့ကြပြီး ဥပဒေလမ်းကြောင်းများအရလည်း ခိုင်မာမှုများရရှိသည်အထိလုပ်ဆောင်သွားရန် မြောက်ကိုရီးယားနိုင်ငံ သမ္မတကင်ဂျုံအန်းက မျှော်လင့်ထားကြောင်း သိရသည်။

ထို့အပြင် မြောက်ကိုရီးယားသမ္မတ ကင်ဂျုံအန်းက တစ်ဖက်နှင့် တစ်ဖက်စစ်ရေးအရ ရန်လိုနေမှုများကို အဆုံးသတ်နိုင်ရေး၊ ဆွေးနွေးခဲ့သည့်အကြောင်းအရာများကိုလည်း လက်တွေ့ကျကျ ဆက်လက်လုပ်ဆောင်သွားနိုင်ရေး၊ နှစ်နိုင်ငံပူးတွဲကြေညာချက်များ ထုတ်ပြန်သွားနိုင်ရေးတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

**ထရန့်၏တောင်းဆိုမှုကို သဘောတူ**

လွန်ခဲ့သော ၁၉၅၀- ၁၉၅၃ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သော ကိုရီးယားကျွန်းဆွယ်စစ်ပွဲအတွင်း ကျဆုံးခဲ့သည့် အမေရိကန်စစ်သားများ၏ ရုပ်အလောင်းများကို ရှာဖွေအတည်ပြု၍ နေရပ်သို့ပြန်လည်ပို့ဆောင်ပေးရေးအတွက် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ တောင်းဆိုမှုကို မြောက်ကိုရီးယားသမ္မတကင်ဂျုံအန်းက ချက်ချင်းသဘောတူခဲ့သည်။ **ဆင်ဟွာ**

# အမေရိကန်နှင့် မြောက်ကိုရီးယားဆွေးနွေးပွဲ အောင်မြင်မှုကို တောင်ကိုရီးယားကြိုဆို

**ဆိုးလ် ဇွန် ၁၃**

အမေရိကန်နှင့်မြောက်ကိုရီးယားတို့၏ သမိုင်းဝင်ဆွေးနွေးပွဲအောင်မြင်မှုကိုကြိုဆိုကြောင်းတောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းက ပြောသည်။ အင်္ဂါနေ့က စင်ကာပူ၌ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲအပြီးထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်တွင် တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းက မြောက်ကိုရီးယားခေါင်းဆောင်နှင့် အမေရိကန်သမ္မတတို့သည် ပြောင်းလဲမှုများသို့ဦးတည်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ပြောခဲ့သည်။

ဆွေးနွေးပွဲမှ သဘောတူညီချက်များကိုတည်ဆောက်ရင်း တောင်ကိုရီးယားသည် လမ်းကြောင်းသစ်သဖွယ်ဆောင်ရွက်မည်ဟုလည်း ၎င်းကပြောခဲ့သည်။ ယခုဆွေးနွေးပွဲမှာ အစပင်ရှိသေးကြောင်း အခက်အခဲများနှင့် ကြုံတွေ့လျှင်ပင် လုံးဝလက်လျှော့သွားမည်မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

တောင်ကိုရီးယားသည် အမေရိကန်၊ မြောက်ကိုရီးယားနှင့် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများနှင့် ပူးပေါင်းကာ ဆွေးနွေးပွဲသဘောတူညီချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ဂျယ်အင်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်တွင် ထာဝရတည်တံ့သော ငြိမ်းချမ်းရေးရရှိစေရေး၊ အတူတကွပူးတွဲနေထိုင်နိုင်ရေး၊ ကြွယ်ဝချမ်းသာရေးတို့ကို တောင်ကိုရီးယားသမ္မတတစ်ဦးအနေဖြင့် ဆောင်ရွက်သွားမည်ဟုလည်း ကတိပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကိုရီးယားကျွန်းဆွယ်အရေးတွင် တရုတ်နိုင်ငံသည်အရေးကြီးသောကဏ္ဍမှပါဝင်ကြောင်း ကုလပြောကြား

**ဂျီနီဗာ ဇွန် ၁၃**

ကိုရီးယားကျွန်းဆွယ်အရေးတွင် တရုတ်နိုင်ငံသည် အရေးကြီးပြီး အပြုသဘောဆောင်သော ကဏ္ဍမှ ပါဝင်ခဲ့ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးက မကြာသေးမီရက်ပိုင်းတွင် ပြောကြားလိုက်သည်။

နေ့စဉ်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ကိုရီးယားကျွန်းဆွယ်အရေးတွင် တရုတ်နိုင်ငံက အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့ပြီး အပြုသဘောဆောင်သည့် အခန်းကဏ္ဍကနေပါဝင်ခဲ့သည်ဟု ကုလမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ပြောရေးဆိုခွင့်ရှိသူ စတီဖန်ဒူဂျာရစ်က ပြောကြားခဲ့သည်။




ထို့အပြင် အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံ၏ နှစ်နိုင်ငံခေါင်းဆောင်များအကြား ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးအားအရေးကြီးသည့် သမိုင်းမှတ်တိုင်ဖြစ်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ချီးကျူးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယား သမ္မတ ကင်ဂျုံအန်းတို့သည် ကိုရီးယားကျွန်းဆွယ်အား နျူကလီးယားကင်းစင်ရေးနယ်မြေအဖြစ် လုပ်ဆောင်သွားရန် ကတိပြုမှုများအပါအဝင် ကိစ္စရပ်အတော်များများ ပါဝင်သော သတင်းထုတ်ပြန်ချက်တစ်ခုကို သဘောတူညီမှုရရှိကာ စင်ကာပူနိုင်ငံတွင် ပြုလုပ်သော အစည်းအဝေးကို အောင်မြင်စွာ အဆုံးသတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မြောက်အမေရိက နိုင်ငံများကို ၂၀၂၆ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ရွေးချယ်

**မော်စကို ဇွန် ၁၃**

ဖီဖာအဖွဲ့ဝင်များသည် မြောက်အမေရိကနိုင်ငံများ သို့မဟုတ် မော်ရိုကိုတို့ကို ၂၀၂၆ကမ္ဘာ့ ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးဗုဒ္ဓဟူးနေ့တွင် မဲပေးခဲ့သည်။ မော်ရိုကိုနိုင်ငံသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အာဖရိကသို့ တစ်ဖန်ပြန်လည်သယ်ဆောင်လာနိုင်ရေးမျှော်လင့်ထားသော နိုင်ငံလည်းဖြစ်သည်။

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တက်ရောက်ရန် နိုင်ငံပေါင်း ၂၀၇ နိုင်ငံမှ ကိုယ်စားလှယ်များ မော်စကိုသို့ရောက်ရှိလာခဲ့ကြပြီး မော်စကို၌ ပြုလုပ်သည့်ဖီဖာကွန်ဂရက်တွင် ပြတ်သားသည့် ရွေးချယ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြောက်အမေရိကနိုင်ငံများဖြစ်သည့် အမေရိကန်၊ မက္ကဆီကို၊ ကနေဒါနိုင်ငံတို့သည် ခေတ်မီသော အားကစားရုံကြီးများ သယ်ယူပို့ဆောင်ရေးစနစ်ကောင်းများရှိသည်။ တစ်ဖက်မှကြည့်လျှင်လည်း မော်ရိုကိုနိုင်ငံသည် အာဖရိကနိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲလက်ခံကျင်းပနိုင်ရေး စိတ်အားထက်သန်လျက်ရှိသည်။

မြောက်အမေရိကနှင့်ယှဉ်လျှင် မော်ရိုကိုသည်လမ်းများ၊ အားကစားရုံများ ဆောက်လုပ်ရန်ရှိနေပြီး ၂၀၂၆ ခုနှစ်ပြိုင်ပွဲကို မည်သို့လက်ခံကျင်းပမည်နည်းဟု မေးခွန်းများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ ဖီဖာမှ စစ်ဆေးသူများသည် မြောက်အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မော်ရိုကို နိုင်ငံ၏ အားကစားရုံများ၊ တည်းခိုနေထိုင်စရာအဆောက်အအုံများနှင့် သယ်ယူပို့ဆောင် ရေးစနစ်တို့ကို အကဲဖြတ်ခဲ့ရာ ကျေနပ်အားရမှုမရှိခဲ့ပေ။ ထို့ကြောင့် အပြီးသတ်ရွေးချယ်မှုအနေဖြင့် မဲပေးဆုံးဖြတ်ခဲ့ရာ ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့ကို ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# အနောက်ဘက်ကမ်းတွင် တရားမဝင်နေထိုင်သူများအား အစ္စရေးနှင်ထုတ်

**ဂျေရုဆလင် ဇွန် ၁၃**

အစ္စရေးအခြေချ နေထိုင်သူများနှင့် ရဲများကြား အင်္ဂါနေ့က ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း သိရသည်။ အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက် ပါလက်စတိုင်းပိုင်နယ်မြေတွင် တရားမဝင်အခြေချနေထိုင်နေသော နေအိမ် ၁၅ လုံးမှ လူများကို နေရာမှ ဖယ်ရှားပေးရန်နှင်ထုတ်ရာတွင် ယင်းကဲ့သို့ ပဋိပက္ခဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အထူးတရားရုံးက ယင်းနေအိမ်များကိုဖယ်ရှားရန် အမိန့်ချပြီးနောက် ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နေအိမ်အတွင်းမှ လူများသည် အိမ်ခေါင်မိုးပေါ်သို့တက်ကာ ရဲများနှင့်အချင်းများခဲ့ကြသည်။

ယင်းကဲ့သို့အနောက်ဘက်ကမ်းတွင် အခြေချနေထိုင်ခြင်းကို ထောက်ခံသော လူငယ်ရာပေါင်းများစွာတို့က စုဝေးခဲ့ကြပြီး ရဲများ၏နှင်ထုတ်မှုကို ဝိုင်းဝန်းနှောင့်ယှက်ခဲ့ကြသည်။



ယင်းသို့ဆန္ဒပြမှုများမှာဂျေရုဆလင်မြို့အထိပျံ့နှံ့ခဲ့ကြပြီး ဆန္ဒပြသူများသည် မြို့အတွင်း ဝင်ရောက်ရာလမ်းများကို ပိတ်ဆို့ခဲ့ကြသည်ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မစ်ကီရိုဆန်ဖဲလ်ကပြောသည်။

အပြည်ပြည်ဆိုင်ရာဥပဒေများက အနောက်ဘက်ကမ်းနှင့် ဂျေရုဆလင်မြို့အရှေ့ဘက်တို့တွင် ဂျူးလူမျိုးများ အခြေချနေထိုင်ခြင်းမှာ တရားမဝင်ပေ။ တရားရုံးချုပ်၏အမိန့်အရ Netiv Ha ' avot တွင် ဆောက်လုပ်ထားသော နေအိမ်များမှာ အစိုးရ၏ တရားဝင်ခွင့်ပြုချက်မရဘဲ ဆောက်လုပ်ထားခြင်းဟု သတ်မှတ်ထားသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မြောက်ကိုရီးယားအပေါ် ဖိအားပေးသွားမည်ဖြစ်ကြောင်း ဂျပန်ပြော

**တိုကျို ဇွန် ၁၃**

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးအစ်ဆူနိုရီ အွန်နိုဒါရာက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားအစီအစဉ်ကို အပြည့်အဝစွန့်လွှတ်ခြင်းရှိမရှိ ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံအပေါ် ဖိအားဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ဇွန် ၁၃ ရက်က ပြောခဲ့သည်။

အွန်နိုဒါရာက ပြုံယမ်းအနေဖြင့် အမေရိကန်- မြောက်ကိုရီးယားအစည်းအဝေးမကျင်းပမီ တစ်ရက်အလိုတွင် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် ကတိပေးခဲ့ကြောင်း ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ အဖျက်စွမ်းအားကြီးမားသည့် နျူကလီးယားလက်နက်ကို စွန့်လွှတ်ရေးမှာ လုံးဝအရေးကြီးကြောင်းနှင့် ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးအစ်ဆူနိုရီ အွန်နိုဒါရာက ပြောခဲ့သည်။

နျူကလီးယားကင်းစင်ရေးအတွက် မည်သည့်အဆင့်ကို ကနဦးစတင်လုပ်ဆောင်မည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်အနေဖြင့် တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရပ်နားမည်ဆိုသည့်အပေါ် ဂျပန်ကာကွယ်ရေးဝန်ကြီးက နှစ်နိုင်ငံစစ်ရေးဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အရှေ့အာရှလုံခြုံရေးကို ထိန်းသိမ်းရန်အတွက် အရေးကြီးကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### အနောက်ဆူမတြားပြည်နယ်၌ ငလျင်လှုပ်

**ဂျကာတာ ဇွန် ၁၃**

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း အနောက်ဆူမတြားပြည်နယ်တွင် ဇွန် ၁၃ ရက် အစောပိုင်းက အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း၊ သို့သော်လည်း ဆူနာမီဖြစ်ပေါ်နိုင်ခြေမရှိကြောင်း မိုးလေဝသနှင့် ဘူမိရူပဌာနက ပြောခဲ့သည်။

ရစ်ချ်စတာစကေး ၅ ဒသမ ၉ အဆင့်ရှိ ငလျင်သည် မန်တာဝေကျွန်းများ၏ အနောက်တောင်ဘက် ၁၀၅ ကီလိုမီတာအကွာရှိ ပင်လယ်ကြမ်းပြင်အောက် အနက် ၄၁ ကီလိုမီတာကို ဗဟိုပြုကာ ဒေသစံတော်ချိန် ဇွန် ၁၃ ရက် နံနက် ၆ နာရီ ၈မိနစ်တွင် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဘူမိရူပဌာန တာဝန်ရှိသူတစ်ဦးဖြစ်သူ ဂျာဂျတ်ဒီဂျက်မီကာက ပြောခဲ့သည်။ ပထမလျှင်လှုပ်ခတ်ပြီး ၅၈ မိနစ်အကြာတွင် အင်အား ၅ ဒသမ ၅ ပမာဏရှိ နောက်ဆက်တွဲငလျင်တစ်ခုသည် မန်တာဝေကျွန်းများ၏ အနောက်တောင် ပိုင်း၁၀၅ ကီလိုမီတာအကွာရှိ ပင်လယ်ကြမ်းပြင်အောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုကာလှုပ်ခတ်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# နျူကလီးယားကင်းစင်ရေးအတွက် သမိုင်းတစ်ခေတ်ဖွင့်လှစ်နိုင်ခဲ့တဲ့ ကင်နဲ့ထရန့်

**တင်လင်းအောင်**



**သမိုင်းတွင်မယ့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့ရဲ့ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီမှာ စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းရှိ ကက်ပီလာဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ ယခုကျင်းပတဲ့ အစည်းအဝေးဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့အကြား ပထမဆုံးအကြိမ်ပြုလုပ်တဲ့ အစည်းအဝေးဖြစ်ပါတယ်။**

**အေးခဲမှုတွေအရည်ပျော်**

အမေရိကန်- မြောက်ကိုရီးယားတွေ့ဆုံဆွေးနွေးပွဲဟာ နှစ်နိုင်ငံကြား အေးခဲနေတဲ့ အခြေအနေတွေအရည်ပျော်ပြီး ကောင်းမွန်တဲ့ဘက်ကို ရောက်ရှိစေမယ့် အနေအထားကို ဖြစ်စေခဲ့ပါတယ်။ နှစ်နိုင်ငံ တကယ့်တွေ့ဆုံညှိနှိုင်းမယ့် ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ်နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ်ဒုံးကျည်လက်နက်ဆိုင်ရာ နည်းဗျူဟာ စမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိကဦးစားပေးဆွေးနွေးခဲ့ပါတယ်။

ယခင် ၁၉၉၄ ခုနှစ်နျူကလီးယားပဋိပက္ခအတွင်း မြောက်ကိုရီးယားနဲ့ အမေရိကန် ညှိနှိုင်းဆွေးနွေးရေး အကြီးအကဲဖြစ်သူ ရောဘတ် ကလေ့စီတို့ နျူကလီးယာအရေး ဆွေးနွေးညှိနှိုင်းမှုလုပ်ခဲ့သော်လည်း ယခုလိုအောင်မြင်မှုမရရှိခဲ့ဖူးပါပေ။

**နှစ်နိုင်ငံ ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့**

ပထမဆုံးအကြိမ် ပြုလုပ်ခဲ့တဲ့ သမိုင်းဝင် အမေရိကန်ပြည်ထောင်စုနဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ရဲ့ ထိပ်သီးအစည်းအဝေးမှာ နှစ်နိုင်ငံဆက်ဆံရေးကို တည်ဆောက်သွားနိုင်ခဲ့ပါတယ်။ သို့သော်လည်း နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှုတွေကို ဆက်လက်လုပ်ဆောင်သွားဖို့ လိုကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မကြာသေးမီက အိမ်ဖြူတော်မှာ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

လျှော့ချည်တစ်ခါ တင်းချည်တစ်လှည့်နဲ့ အစုန်အဆန်အဝှေ့အဝိုက်တွေကြားမှာ အကောင်အထည်ပေါ်လာတဲ့ သမိုင်းတွင်မယ့် အမေရိကန် - မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲမှာ အမေရိကန် ပြည်ထောင်စုအနေနဲ့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ နည်းဗျူဟာကြွယ်တဲ့ သံတမန်ဆိုင်ရာ လုပ်ဆောင်မှုတွေဖြစ်လို့ ရုရှားသမ္မတပူတင်ကတောင် ချီးကျူးခဲ့ပါတယ်။

**ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေး တရုတ်ကူညီပေးမည်**

ထို့အတူ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးမှာ အလယ်ဗဟိုကနေပါဝင်ခဲ့တဲ့ သမ္မတရှီကျင့်ဖျင် ဦးဆောင်တဲ့ တရုတ်အစိုးရကလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့တရုတ်ခရီးစဉ်အပေါ်သဘောကျကျေနပ်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ မြောက်ကိုရီးယားနဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိတာကြောင့် ကိုရီးယားကျွန်းဆွယ်မှာ စစ်ပွဲဖြစ်ပွားခဲ့ပါက အဲဒါဟာ တရုတ်နိုင်ငံကို အဓိကခြိမ်းခြောက်လာမယ့် အရေးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးရဖို့ အရေးမှာ တရုတ်နိုင်ငံကလည်း ကူညီဖို့ အဆင်သင့်ဖြစ်ခဲ့ပါတယ်။

**အတိတ်ကို အတိတ်မှာထားခဲ့**

အနှစ်နှစ်အလလက ရည်မှန်းခဲ့တဲ့ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးရည်မှန်းချက်ဟာ အခုတော့ အကောင်အထည်ပေါ်လာပါပြီ။ မကြုံစဖူး ထူးကဲလှတဲ့ သမိုင်းဝင်မယ့်မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတတို့ရဲ့ တွေ့ဆုံမှုမှာ နှစ်နိုင်ငံခေါင်းဆောင်တွေ အနေနဲ့ အတိတ်ကိုအတိတ်မှာပဲထားခဲ့ဖို့ ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့တယ်လို့ နှစ်နိုင်ငံထိပ်သီးခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးပွဲအပြီးမှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောခဲ့ပါတယ်။

**ကမ္ဘာကြီးကို အံ့သြမှင်တက်စေ**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ အမေရိကန် သမ္မတဒေါ်နယ်ထရန့်တို့ဟာ တစ်ဖက်နဲ့ တစ်ဖက် လအတော်ကြာ ကျီစယ်မှုတွေ၊ အပြန်အလှန်ခြိမ်းခြောက်မှုတွေ၊ စကားလုံး စစ်ထိုးမှုတွေ လုပ်ခဲ့ပါတယ်။ အဲလို ခာတ်မတည့်တဲ့ တစ်ဖက်နဲ့တစ်ဖက်ဟာ အခုတော့ သမိုင်းတွင်မယ့်ပြောင်းလဲမှုကြီးကို လုပ်ဆောင်နိုင်လိုက်တာဖြင့် ကမ္ဘာကြီးကိုအံ့သြမှင်တက်စေခဲ့ပါတယ်။

**အတိုင်းမသိဝမ်းသာရမယ့်ကိစ္စ**

မြောက်ကိုရီးယားဟာ သူ့ရဲ့ရည်မှန်းချက်ဖြစ်တဲ့ နျူကလီးယားနိုင်ငံတော်ကြီးပေါ်ပေါက်လာရေး အစီအစဉ်ကို ဘယ်တော့မှ လက်လျှော့မှာမဟုတ်ပါဘူး၊ သူ့ရဲ့နျူကလီးယားအစီအစဉ်နဲ့ပတ်သက်ပြီး ဆွေးနွေးစရာတွေမရှိဘူးလို့ တစ်ချိန်က မလျှော့တမ်း ပြောခဲ့သော်လည်း တစ်ဖက်နဲ့တစ်ဖက်မည်သို့ပင် ဆိုခဲ့ဆိုခဲ့ အခုတော့ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့အတွက် မတူတာတွေ ဘေးဖယ်ပြီး နှစ်နိုင်ငံအနေနဲ့ အောင်မြင်စွာဆွေးနွေးနိုင်ခဲ့တယ်ဆိုတာကို ကြားသိရတာဖြင့် အတိုင်းမသိဝမ်းသာရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။

> **"အဲဒီ စာချုပ်ဟာ အလွန်အရေးကြီးပါတယ်၊ အတော်လေးပြည့်စုံကျယ်ပြန့်တဲ့ စာချုပ်လည်း ဖြစ်ပါတယ်၊ အတိတ်ကိုအတိတ်မှာထားခဲ့ပြီး နှစ်နိုင်ငံကြား ကဏ္ဍသစ်တွေကို စတင်ဆောင်ရွက်နိုင်တော့မှာပါလို့ အမေရိကန်သမ္မတထရန့်က ပြောခဲ့ပါတယ်"**

"ယနေ့ ကျွန်တော်တို့နှစ်နိုင်ငံအနေနဲ့ သမိုင်းဝင်မယ့် ဆွေးနွေးပွဲတစ်ခုကို ပြုလုပ်နိုင်ခဲ့ပြီး အတိတ်ကို အတိတ်မှာပဲထားခဲ့ဖို့ သဘောတူခဲ့ပါတယ်၊ သမိုင်းတွင်မယ့် စာချုပ်တစ်ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်၊ အခုလို အစည်းအဝေးပေါ်ပေါက်လာခဲ့တဲ့ အတွက်လည်း အမေရိကန်သမ္မတထရန့်ကို ကျေးဇူးတင်ပါတယ်၊ ထို့အတူ ကမ္ဘာကြီးအနေနဲ့ အဓိကပြောင်းလဲမှုတွေကို တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်" လို့ မြောက်ကိုရီးယားခေါင်းဆောင်က ပြောခဲ့ပါတယ်။

"အဲဒီစာချုပ်ဟာ အလွန်အရေးကြီးပါတယ်၊ အတော်လေးပြည့်စုံကျယ်ပြန့်တဲ့ စာချုပ်လည်းဖြစ်ပါတယ်၊ အတိတ်ကို အတိတ်မှာထားခဲ့ပြီး နှစ်နိုင်ငံကြားကဏ္ဍသစ်တွေကို စတင်ဆောင်ရွက်နိုင်တော့မှာပါ" လို့ အမေရိကန်သမ္မတ ထရန့်ကပြောခဲ့ပါတယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ကိုရီးယားကျွန်းဆွယ် လုံးဝနျူကလီးယားကင်းစင်ဖို့ လုပ်ဆောင်မယ်ဆိုတဲ့အကြောင်း မြောက်ကိုရီးယားခေါင်းဆောင်က နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့တဲ့ ပူးတွဲသဘောတူညီချက်မှာ ပြောခဲ့ပါတယ်။ နှစ်နိုင်ငံ လက်မှတ်ရေးထိုးပွဲပြီးတဲ့နောက် အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဘေးမှာရပ်ပြီး "ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ ကျွန်တော်တို့ နောက်ထပ်အများကြီးတွေ့ဖို့ရှိသေးတယ်"လို့ ပြောခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က စင်ကာပူအစည်းအဝေး ပြီးတဲ့နောက် သူ့အနေနဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို အိမ်ဖြူတော်သို့ စိတ်ရင်းအမှန်ဖြင့် ဖိတ်ကြားချင်ပါကြောင်း သတင်းထောက်များကို ပြောကြားခဲ့တာကိုကြည့်ရင် နှစ်နိုင်ငံဆွေးနွေးပွဲမှာ မြောက်ကိုရီးယားကလည်း လိုလိုလားလားရှိသလို အမေရိကန်ကလည်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့အတွက် စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက်ကြိုးစားတာကို တွေ့မြင်ရမှာဖြင့် အတိုင်းမသိဝမ်းသာရမယ့်ကိစ္စ ဖြစ်ပါတယ်။

အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ရဲ့ ပထမဆုံးအကြိမ်တွေ့ဆုံမှုဟာ အခြားသူများ ခန့်မှန်းထားတာထက် အခြေအနေပိုမိုကောင်းမွန်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ဟာ အမေရိကန်အကျဉ်းသားများ ပြန်လည်လွှဲပြောင်းပေးရေးနဲ့ ဒုံးကျည်စမ်းသပ်နေရာအား ဖျက်ဆီးရေးတို့ကို လုပ်ဆောင်နိုင်ခဲ့တာကြောင့် ခန့်မှန်းထားတာထက်ကို ပိုမိုအောင်မြင်မှုရရှိခဲ့တယ်လို့ ဆိုချင်တာ ဖြစ်ပါတယ်။

**ဒဏ်ခတ်ပိတ်ဆို့မှုတွေ ဖယ်ရှားပေးမည်**

အကယ်၍ နှစ်နိုင်ငံအစည်းအဝေးသာမလုပ်ဖြစ်ခဲ့ပါက အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် နောက်ထပ်စီးပွားရေးပိတ်ဆို့မှု ၃၀၀ ထက်မနည်းချမှတ်နိုင်မှာပါ။ သို့သော်လည်း အဲဒီအစီအစဉ်ဟာ နှစ်နိုင်ငံသမိုင်းဝင် အစည်းအဝေး ကျင်းပနိုင်ခဲ့တာကြောင့် သဲထဲရေသွန် ရေထဲအရုပ်ရေးသလိုဖြစ်ခဲ့ပါတယ်။ အမေရိကန်က မြောက်ကိုရီယားနိုင်ငံကို ချမှတ်ခဲ့တဲ့ ဒဏ်ခတ် ပိတ်ဆို့မှုတွေကိုလည်း တဖြည်းဖြည်းနဲ့ ဖယ်ရှားပေးသွားမှာဖြစ်ပါတယ်။ နှစ်နိုင်ငံသမိုင်းဝင်ထိပ်သီး အစည်းအဝေးပြုလုပ်နိုင်ခဲ့တဲ့ အကျိုး ရလဒ်ကြောင့် နျူကလီးယားဒုံးကျည်ထိပ်ဖူး ၂၄ ခုထက်မနည်း ပိုင်ဆိုင်ခဲ့တဲ့ မြောက်ကိုရီးယားဟာ အမေရိကန်ကို ချိန်ရွယ်ပစ်လွှတ်နိုင်မယ့်တိုက်ချင်းပစ် နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်တည်ဆောက်တာကို ပိတ်သိမ်းလိုက်မယ်လို့ကြားသိရတာ နျူကလီးယားစစ်ပွဲဖြစ်ပွားခြင်းကိုရှောင်ရှားပြီး ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ကောင်းမွန်တဲ့ အလားအလာပဲ ဖြစ်ပါတယ်။

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ချီးကျူးစကားဆို**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းတို့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ အရေးသဘောတူခဲ့ပြီးနောက် အပြန်အလှန်အဖြစ် အမေရိကန်နိုင်ငံအနေနဲ့ တောင်ကိုရီးယားနဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆိုင်းငံ့ရမှာဖြစ်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကတော့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ အခုလို အမေရိကန်နဲ့ မြောက်ကိုရီးယားတို့ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့တာကို ချီးကျူးကြောင်းပြောကြားခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကိုဆက်လက် အကောင်အထည်ဖော်ဖို့ တိုက်တွန်းခဲ့ပါတယ်။

**အလားအလာကောင်းတွေဖြစ်ပေါ်**

နှစ်နိုင်ငံ အစည်းအဝေးကျင်းပရတဲ့ ရလဒ်ကြောင့် အာဆီယံစတော့ဈေးကွက်ဟာလည်း ဆက်လက်မြင့်တက်ဖို့အလားအလာကောင်းတွေရှိနေတာကို တွေ့ခဲ့ရပြီး ဒေါ်လာဈေးမှာ ဆက်လက်ခိုင်မာလျက်ရှိပါတယ်။ အမေရိကန်သမ္မတထရန့်နဲ့ မြောက်ကိုရီးယားခေါင်းဆောင်တို့ ဆယ်စုနှစ်ပေါင်းများစွာအကြာ ရှားရှားပါးပါးပထမဆုံးအကြိမ် တွေ့ဆုံနိုင်ခဲ့ခြင်းကြောင့် တောင်ကိုရီးယားစတော့ဈေးကွက်နဲ့ ဝမ်တန်ဖိုးလည်း ပိုမိုခိုင်မာလာမယ့်ဘက်ကို ဦးတည်လျက်ရှိသလို ချေးငွေလက်မှတ်နဲ့ စာချုပ်စာတမ်းဈေးကွက်ဟာလည်း ပိုမိုတည်ငြိမ်လာမှာ ဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ ဒါတွေဟာ ကမ္ဘာကြီးအတွက် ကောင်းကျိုးတွေ ယူဆောင်လာတာပဲ ဖြစ်ပါတယ်။ နှစ်နိုင်ငံ သမိုင်းဝင်အစည်းအဝေး ကျင်းပနိုင်ခဲ့ခြင်းဟာ နျူကလီးယားစစ်ပွဲဖြစ်ပွားမယ့်ဘေးကို ကြိုတင်ရှောင်ရှားခဲ့တာပဲဖြစ်ပြီး နျူကလီးယားကင်းစင်ဖို့အတွက် သမိုင်းတစ်ခေတ်ဖွင့်လှစ်နိုင်ခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ထို့အတူ ကမ္ဘာကြီးအတွက်လည်းအေးချမ်းတဲ့ လက္ခဏာတွေကို ဆောင်ကြဉ်းပေးခဲ့တာပဲဖြစ်ပါကြောင်း။ ။

**ကိုးကား - အေအက်ဖ်ပီ**

# လျှပ်စစ်အန္တရာယ်ကင်းဝေးကြစေဖို့ အပိုင်း(၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

**လျှပ်စစ်ဓာတ်ကို ကမ္ဘာ့လူသားတို့ စတင်တွေ့ရှိခဲ့သည်မှာ နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ရှေးအခါက ဂရိလူမျိုးတို့သည် မြေထဲပင်လယ်မှ ရရှိသော ပယင်းကို အဝတ်ဖြင့် ကြိမ်ဖန်များစွာ ပွတ်တိုက်သောအခါ ပယင်းချောင်းသည် သစ်ရွက်ခြောက်နှင့် ချည်မျှင်စကလေးများကို ဆွဲယူနိုင်စွမ်းရှိကြောင်း တွေ့ရှိခဲ့ကြသည်။ ဤသည်မှာ ပယင်းချောင်းတွင် ဖြစ်ပေါ်နေသော လျှပ်စစ်ဓာတ်ကြောင့် ဖြစ်ရကြောင်းကိုလည်း သိနားလည်ခဲ့ကြသည်။ သို့ရာတွင် ပယင်းချောင်း၌ ဖြစ်ပေါ်သော လျှပ်စစ်ဓာတ်သည် ယနေ့ခေတ် လျှပ်စစ်ဝိုင်ယာကြိုးများ၌ စီးဆင်းနေသော လျှပ်စစ်ဓာတ်မျိုးမဟုတ်ဘဲ တည်ငြိမ်လျှပ်စစ်သာလျှင် ဖြစ်သည်။**

တစ်နေရာမှ အခြားတစ်နေရာဆီသို့ စီးဆင်းသွားနိုင်သော လျှပ်စစ်ဓာတ်ကို လူသားတို့က ၁၈ ရာစုအတွင်း၌ ဖော်ထုတ်တွေ့ရှိပြီး ထုတ်လုပ်ဖြန့်ဖြူး သုံးစွဲနိုင်ခဲ့ကြသည်။ ယနေ့မျက်မှောက် အချိန်ကာလတွင် လျှပ်စစ်ဓာတ်သည် လူသားအားလုံး၏ လက်တစ်ကမ်း၌ ရှိနေသည်။ တိုးပွားများပြားလာသော ကမ္ဘာ့လူဦးရေနှင့် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိကြသော လျှပ်စစ်ပစ္စည်း များစွာတို့ကြောင့် တိုး၍လိုအပ်လာသော လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် ထုတ်လုပ် ဖြန့်ဖြူးပေးနေရသည်။ လျှပ်စစ်ဓာတ်အားကို နည်းလမ်းအသွယ်သွယ်ဖြင့် ထုတ်လုပ်လျက်ရှိနေကြသော်လည်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပြောရလျှင်မူ လျှပ်စစ်ဓာတ်အားမှာ လုံလောက်မှု မရှိသေးပေ။ အနာဂတ်ကမ္ဘာတွင်လည်း လျှပ်စစ်ဓာတ်အားလိုအပ်ချက် ကိန်းဂဏန်းပမာဏမှာ ယခုထက် ပိုမိုများပြားလာဦးမည်သာ ဖြစ်သည်။

လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲကြရာ၌ လျှပ်စစ်ဓာတ်၏ သဘောသဘာဝတစ်နည်းဆိုရသော် လျှပ်စစ်၏ အတွင်းသန္တာန်ကို အခြေခံအားဖြင့် သိထားကြရန် လိုအပ်သည်။ လျှပ်စစ်ကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ဘေးအန္တရာယ် အသွယ်သွယ်ကိုလည်း ကောင်းစွာ သိရှိထားကြရန် လိုအပ်သလို လျှပ်စစ်အန္တရာယ်ကင်းဝေးအောင် ပြုမူလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကိုလည်း မမေ့မလျော့ မပေါ့မဆ လုပ်ဆောင်ကြရန် အလွန်အရေးကြီးသည်။

လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရယူ၍ အများပြည်သူထံသို့ ဖြန့်ဖြူးသုံးစွဲစေရာတွင် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးကြစေရန်အတွက် လျှပ်စစ်ပညာရှင်များအနေဖြင့် အစီအမံများ ပြုလုပ်ကြရသည်။ လျှပ်စစ်အန္တရာယ် ကင်းဝေးကြစေရေးအတွက် အဓိကကျသော အစီအမံများမှာ အောက်ပါအတိုင်း ဖြစ်သည်။

### မြေစိုက်ကြိုးတပ်ဆင်ခြင်း

အေစီလျှပ်စစ်ဓာတ်အား စီးဆင်းနေသော ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ဆက်သွယ်တပ်ဆင်မှု ပစ္စည်းများကို လျှပ်ကာပစ္စည်း တစ်စုံတစ်ရာမပါဘဲ ထိမိကိုင်မိလျှင်လည်းကောင်း၊ အေစီလျှပ်စစ်ကို အသုံးပြုသော ပစ္စည်းတစ်ခုခု ချွတ်ယွင်းပြီး ယင်းပစ္စည်း၏ ကိုယ်ထည် (Body) တွင် လျှပ်စစ်ဓာတ်အား ပျံ့နှံ့နေစဉ် ကိုင်တွယ်ထိမိလျှင်လည်းကောင်း ခန္ဓာကိုယ် ချွတ်ယွင်းမှုမှသည် အသက်အန္တရာယ်အထိပင် ဖြစ်ပွားနိုင်သည်။

သို့ဖြစ်၍ အေစီလျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးရာတွင် ဓာတ်အားတည်ငြိမ်မှု (Power Stability) ရှိစေရန်နှင့် လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရန်အတွက် မြေစိုက်ကြိုးကို သုံးရသည်။ မြေစိုက်ကြိုး (Earth Wire)ဆိုသည်မှာ အဆောက်အအုံတစ်ခုအတွင်း အသုံးပြုသည့် လျှပ်စစ်ဆိုင်ရာ ဆက်သွယ်တပ်ဆင်မှုပစ္စည်းများတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် ပထဝီမြေဓာတ်ကို အသုံးချ ဆက်သွယ်ထားသောကြိုး ဖြစ်သည်။

လျှပ်စစ်ပစ္စည်းများတွင် တစ်စုံတစ်ခုသော ချွတ်ယွင်းမှုကြောင့် ပျံ့နှံ့လာမည့် လျှပ်စစ်စီးကြောင်းကို ပထဝီမြေကြီးအတွင်းသို့ ရောက်ရှိသွားအောင် မြေစိုက်ကြိုးက ကြိုတင်၍ လမ်းလွှဲပေးထားခြင်း ဖြစ်သည်။ မြေစိုက်ကြိုး တပ်ဆင်ထားခြင်းမရှိပါက သို့တည်းမဟုတ် တပ်ဆင်ထားသည့်တိုင် စနစ်တကျ မရှိပါက လျှပ်စစ်စီးကြောင်းသည် ကိုင်တွယ်မိသူ၏ ခန္ဓာကိုယ်အတွင်း အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် စီးဝင်ပျံ့နှံ့သွားကာ ဓာတ်လိုက်မှုဖြစ်ပေါ်ပြီး ယင်းကဲ့သို့ ဓာတ်လိုက်မှု အချိန်ကြာသွားပါက အသက်ဆုံးရှုံးမှုအထိပင် ဖြစ်ပေါ်နိုင်သည်။

### ဒဏ်ခံကြိုးအသုံးပြုခြင်း

လျှပ်စစ်ဝိုင်ယာကြိုး အချင်းချင်းသော်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားရှိသော ဝါယာကြိုးနှင့် မြေစိုက်ကြိုးတို့သော်လည်းကောင်း ထိတွေ့မိသောအခါ တစ်နည်းအားဖြင့် ရှော့(ထ်) (Short Circuit) ဖြစ်သောအခါ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုနှင့် လျှပ်စစ်အန္တရာယ် ဖြစ်ပွားမှုတို့မှ ကာကွယ်ရန်အတွက် လျှပ်စီးပတ်လမ်းကို အလိုအလျောက် ပြတ်တောက်သွားအောင် တပ်ဆင်အသုံးပြုသော ကြားခံကြိုးကို ဒဏ်ခံကြိုး(Fuse)ဟု ခေါ်သည်။

ဒဏ်ခံကြိုးသည်လည်း လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ လျှပ်စစ်သွယ်တန်းမှု မှန်သမျှတွင် ဒဏ်ခံကြိုးကို မလွဲမသွေ ထည့်သွင်း အသုံးပြုကြရမည် ဖြစ်သည်။ ယင်းသို့ အသုံးပြုရာ၌လည်း ဒဏ်ခံကြိုး၏ အရွယ်အစားကို မှန်ကန်စွာ ရွေးချယ်ရန် အရေးကြီးသည်။ အသုံးပြုမည့် လျှပ်စစ်ဓာတ်အား ပမာဏကိုလိုက်၍ ဒဏ်ခံကြိုး၏ အရွယ်အစားကို



လိုက်လျောညီထွေဖြစ်အောင် ရွေးချယ်တပ်ဆင်ခြင်းအားဖြင့် လျှပ်စီးပတ်လမ်းကြောင်းအတွင်း ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော လျှပ်စစ်အန္တရာယ်ကို ဒဏ်ခံကြိုးအား ပြတ်တောက်သွားစေခြင်းဖြင့် ကာကွယ် တားဆီးနိုင်သည်။

ဒဏ်ခံကြိုးသည် လူနေအဆောက်အအုံနှင့် စက်ရုံအလုပ်ရုံများတွင် သွယ်တန်းထားသော လျှပ်စီးပတ်လမ်းကြောင်းအတွင်း ချွတ်ယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ယင်းအဆောက်အအုံများတွင် လျှပ်စစ်ကြောင့်ဖြစ်ရသော အန္တရာယ်အမျိုးမျိုးနှင့် မီးလောင်ကျွမ်းမှု စသည်တို့မှ ကာကွယ်ရန် အလို့ငှာ အသုံးပြုကြရသော ပစ္စည်းဖြစ်သည့်အတွက် လျှပ်စစ်အန္တရာယ် တစ်စုံတစ်ရာ ရှိနေသည်နှင့် တစ်ပြိုင်နက် ဒဏ်ခံကြိုးမှာ ချက်ချင်းပြတ်တောက်သွားရန် အရေးကြီးသည်။ ဒဏ်ခံကြိုး၏ အရွယ်အစားမှာ ရှိသင့်သည်ထက် ကြီးနေမည်ဆိုပါက လျှပ်စစ်ချွတ်ယွင်းမှုဖြစ်သည့်အခါ ပြတ်တောက်သွားနိုင်ခြင်း ရှိမည်မဟုတ်သည့်အတွက် အန္တရာယ်ရှိနေသော လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးနိုင်ခြင်း ရှိတော့မည် မဟုတ်ပေ။

သို့ဖြစ်၍ သွယ်တန်းတပ်ဆင် အသုံးပြုသော လျှပ်စစ်ဝန်အား ပမာဏနှင့် လိုက်လျောညီထွေဖြစ်မည့် ဒဏ်ခံကြိုးအရွယ်အစားကို ရွေးချယ်တပ်ဆင်ကြရမည် ဖြစ်သည်။ ဒဏ်ခံကြိုး အရွယ်အစား မှန်ကန်ပါက ယင်းဒဏ်ခံကြိုးသည် အန္တရာယ်ကင်းသော လျှပ်စီးအင်အား ပမာဏ စီးဆင်းနေချိန်တွင် ပြတ်တောက်ခြင်းမရှိဘဲ လျှပ်စီးပတ်လမ်းအတွင်း၌ အန္တရာယ်ရှိသော လျှပ်စီးအင်အားပမာဏသို့ မြင့်တက်လာချိန်မှသာ ပြတ်တောက်သွားမည် ဖြစ်သည်။

လျှပ်စစ်ပစ္စည်းများကို စနစ်တကျ ထုတ်လုပ်ရောင်းချသော ကုမ္ပဏီကြီးများသည် ဝါယာနန်းမျှင် ဒဏ်ခံကြိုး နှစ်မျိုးကို အထူးပြုလုပ်ကာ ဈေးကွက်တင်၍ ရောင်းချကြသည်။ အဆိုပါ ဒဏ်ခံကြိုးနှစ်မျိုးမှာ ခဲနှင့်သံဖြူစပ် ဒဏ်ခံကြိုးနှင့် သံဖြူရည်စိမ် ကြေးနန်းမျှင် ဒဏ်ခံကြိုးများ ဖြစ်ကြသည်။ လျှပ်စစ်ဒဏ်ခံကြိုးများကို လျှပ်စစ်ဝိုင်ယာကြိုးခွေများကဲ့သို့ပင် အခွေများပြုလုပ် ထုပ်ပိုးပြီး အဆိုပါ ဒဏ်ခံကြိုးခွေထုပ်ပိုးခွံပေါ်၌ ကြိုးအရွယ်အစားအလိုက် အန္တရာယ်ကင်းစွာ သယ်ဆောင်နိုင်သော လျှပ်စီးပမာဏ(အင်ပီယာ) များကို ရေးသား ဖော်ပြထားကြသည်။

သို့ရာတွင် မြန်မာနိုင်ငံအတွင်း၌ လျှပ်စစ်သုံးစွဲသူ အများစုတို့သည် ရိုးရိုးကြေးနန်းမျှင်များကိုသာ ဒဏ်ခံကြိုးများအဖြစ် အသုံးပြုလျက်ရှိနေကြပြီး ယင်းသို့ သုံးစွဲကြရာ၌လည်း အရွယ်အစား မှန်ကန်အောင် ရွေးချယ်တပ်ဆင်ခြင်းမျိုး မဟုတ်ဘဲ အနီးစပ်ဆုံးဖြစ်နိုင်သည့် အရွယ်အစားများကို စိတ်မှန်းဖြင့်သာ တပ်ဆင် သုံးစွဲနေကြခြင်းဖြစ်သည်။

ကြေးဝိုင်ယာဒဏ်ခံကြိုးများ၏ အရွယ်အစားကိုလိုက်၍ ပြတ်တောက်သွားနိုင်သော လျှပ်စီးအင်အား ပမာဏကို $I = a \times d$ ပုံသေနည်းဖြင့် တွက်ချက်ရသည်။ $I$ သည် ပြတ်တောက်မည့် လျှပ်စီးပမာဏဖြစ်၍ $d$ မှာ ဒဏ်ခံကြိုး ကြေးနန်းမျှင်၏ အချင်းဖြစ်သည်။ $a$ သည် မြှောက်ဖော်ကိန်းဖြစ်၍ ကြေးဝိုင်ယာအတွက် တန်ဖိုးမှာ ၁၀၂၄၄ ဖြစ်သည်။ အဆိုပါ ပုံသေနည်းဖြင့် တွက်ချက်သော် ကြေးနန်းမျှင် ဒဏ်ခံကြိုး၏ အရွယ်အစားအလိုက် ပြတ်တောက်မည့် လျှပ်စီးပမာဏ အသီးသီးကို အောက်ပါအတိုင်း ရရှိမည်ဖြစ်သည်။

| ဒဏ်ခံကြေးနန်းမျှင်၏ SWG နံပါတ် | ကြေးနန်းမျှင် ဝိုင်ယာ၏အချင်း (လက်မ) | အန္တရာယ်ကင်းသော လျှပ်စီးပမာဏ (အင်ပီယာ) | ပြတ်တောက်မည့် လျှပ်စီးပမာဏ (အင်ပီယာ) |
|---|---|---|---|
| ၃၄ | ၀.၀၀၉၂ | ၄.၅ | ၉.၀ |
| ၃၂ | ၀.၀၁၀၈ | ၅.၇ | ၁၁.၅ |
| ၃၀ | ၀.၀၁၂၄ | ၇.၀ | ၁၄.၀ |
| ၂၈ | ၀.၀၁၄၈ | ၉.၀ | ၁၈.၅ |
| ၂၆ | ၀.၀၁၈၀ | ၁၂.၄ | ၂၄.၇ |
| ၂၄ | ၀.၀၂၂၀ | ၁၆.၅ | ၃၃.၀ |
| ၂၂ | ၀.၀၂၈၀ | ၂၄.၀ | ၄၈.၀ |
| ၂၀ | ၀.၀၃၆၀ | ၃၅.၀ | ၇၀.၀ |
| ၁၈ | ၀.၀၄၈၀ | ၅၄.၀ | ၁၀၈.၀ |
| ၁၆ | ၀.၀၆၄၀ | ၈၃.၀ | ၁၆၆.၀ |
| ၁၄ | ၀.၀၈၀၀ | ၁၁၆.၀ | ၂၃၂.၀ |
| ၁၂ | ၀.၁၀၀၀ | ၁၇၂.၀ | ၃၄၄.၀ |

အထက်ပါဇယားကို လေ့လာကြည့်လျှင် အရွယ်အစားသေးငယ်သော SWG 34 ဒဏ်ခံကြိုးသည် လျှပ်စီးပမာဏ ကိုးအင်ပီယာ အရောက်တွင် ပြတ်တောက်မည်ဖြစ်သော်လည်း အရွယ်အစား ကြီးမားသော SWG 12 ဒဏ်ခံကြိုးကမူ လျှပ်စီးပမာဏ ၃၄၄ အင်ပီယာရောက်မှသာ ပြတ်တောက်မည်ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ သို့ဖြစ်၍ မလိုအပ်ဘဲ ဒဏ်ခံကြိုးအရွယ်အစား ကြီးနေခြင်းသည် လျှပ်စစ်အန္တရာယ်ကို ဖိတ်ခေါ်ရာရောက်နေသည်ကို သတိပြုကြရမည် ဖြစ်သည်။ ။

**မြန်မာနိုင်ငံအတွင်း၌ လျှပ်စစ်သုံးစွဲသူ အများစုတို့သည် ရိုးရိုးကြေးနန်းမျှင်များကိုသာ ဒဏ်ခံကြိုးများအဖြစ် အသုံးပြုလျက်ရှိနေကြပြီး ယင်းသို့ သုံးစွဲ ကြရာ၌လည်း အရွယ်အစား မှန်ကန်အောင် ရွေးချယ်တပ်ဆင်ခြင်းမျိုး မဟုတ်ဘဲ အနီးစပ်ဆုံး ဖြစ်နိုင်သည့် အရွယ်အစားများကို စိတ်မှန်းဖြင့်သာ တပ်ဆင်သုံးစွဲနေကြခြင်းဖြစ်သည်။**

## မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲ တီးတိန်၌ပြုလုပ်

**တီးတိန် ဇွန် ၁၃**

ချင်းပြည်နယ် တီးတိန်မြို့တွင် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲကို Tedim CSOs Network အဖွဲ့၏ ဦးဆောင်မှုဖြင့် ခွါဒိုခန်းမ၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့ရာ ဟောပြောပွဲတွင် ဦးဇင့်ဇါလ်းက Tedim CSOs Network အကြောင်း ရှင်းလင်းပြောကြားပြီး ဒေါက်တာဇော်မြင့်နိုင်က ကျန်းမာရေးနှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ဟောပြောကာ ဓမ္မဆရာမဒေါ်လင့်ခန့်ကျိုန်က ပတ်ဝန်းကျင်နှင့် မူးယစ် ဆေးဝါးခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးအောင်လွင်က မူးယစ်ဆေးဝါးနှင့်ဥပဒေ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ဟောပြောပွဲသို့ Tedim CSOs Network အဖွဲ့နှင့် မြို့ပေါ်မှ လူငယ်များ တက်ရောက်ခဲ့သည်။

Tedim CSOs Network သည် တီးတိန် လူမှုရေးအသင်းအဖွဲ့ ၁၂ ခု ပူးပေါင်းထားသော အဖွဲ့ဖြစ်ပြီး ဟောပြောပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ် လက်ကမ်းစာစောင်နှင့် ယာဉ်အန္တရာယ်သတိပြုဖွယ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာနိုင်ငံတွင်အကြီးဆုံး ဖြန့်ချိရေးကုန်လှောင်ရုံ အဆောက်အအုံ သီလဝါစီးပွားရေးဇုန်၌ ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၃**

ဂျပန်နိုင်ငံ၏ ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးတစ်ခု ဖြစ်ပြီး မြန်မာနိုင်ငံတွင်အကြီးဆုံး ဖြန့်ချိရေးကုန်လှောင်ရုံ အဆောက်အအုံ (Distribution Warehouse)ဖွင့်ပွဲကို သီလဝါအထူး စီးပွားရေးဇုန် ဇုန် (A) ၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကုန်လှောင်ရုံကြီး ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ မာရုယာမာ အိချိရိုနှင့် Ryobi Myanmar ဖြန့်ချိရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ မီဆုနိုဘုကိုဂျိမာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာ ဖွင့်ပွဲသို့ ရန်ကုန်စီးပွားရေး အသိုက်အဝန်းမှ မြန်မာနှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင် ၃၀၀ ကျော်လည်း တက်ရောက်လေ့လာခဲ့ကြသည်။

"သီလဝါအထူးစီးပွားရေးဇုန်မှာ ခုလို မြန်မာနိုင်ငံမှာအကြီးဆုံးဖြန့်ချိရေး ကုန်လှောင်ရုံ ပေါ်ပေါက်လာခြင်းဟာ ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ စီးပွားရေးဖွံ့ဖြိုးဖို့ဆိုတာ ထုတ်လုပ်မှုတစ်ခုတည်းနဲ့ မပြီးပါဘူး၊ ကုန်ပစ္စည်းတွေ လိုအပ်တဲ့အချိန်မှာ ထုတ်ယူနိုင်ဖို့ သိုလှောင်ဖြန့်ချိရေးစနစ်ဟာလည်း အရေးကြီးပါတယ်၊ ဒီကနေတစ်ဆင့် ပို့ကုန်သွင်းကုန်လုပ်ငန်းတွေကိုလည်း အဆင်ပြေချောမွေ့စွာ လုပ်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ဝန်ကြီး ဦးမြင့်သောင်းက ပြောသည်။

အဆိုပါ ဖြန့်ချိရေးကုန်လှောင်ရုံကို ဂျပန်နိုင်ငံရှိ Ryobi Myanmar ဖြန့်ချိရေးဝန်ဆောင်မှု ကုမ္ပဏီလီမိတက်က ဂျပန်ယန်းငွေ စုစုပေါင်း ၂၉ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံကာ ၂၀၁၇ ဖေဖော်ဝါရီလက စတင်တည်ဆောက်ခဲ့ပြီး ယခု ၂၀၁၈ ဇွန်လတွင် ပြီးစီးဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ တိုးတက်လာဖို့ ဂျပန်အစိုးရအနေနဲ့ ODAချေးငွေအသုံးပြုပြီး ဆောင်ရွက်နေပါတယ်၊ ဒီ ODA နဲ့ ဂျပန်စီးပွားရေးကုမ္ပဏီတွေက လာရောက်ရင်းနှီးမြှုပ်နှံကြမယ်၊ ODA နဲ့ ဂျပန်စီးပွားရေးလုပ်ငန်းရှင်တွေ အားကောင်းလာမယ်ဆိုရင် မြန်မာစီးပွားရေးတိုးတက်ဖို့ အခိုင်အမာယုံကြည်ပါတယ်၊ သီလဝါအထူးစီးပွားရေးဇုန်မှာ ခုလို ဂျပန်စီးပွားရေးလုပ်ငန်းတွေ ဆက်တိုက်ဆက်တိုက်ဖွင့်လှစ်သွားနိုင်ဖို့ တွန်းအားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဂျပန်သံအမတ်ကြီးကပြောသည်။

အဆိုပါ ဖြန့်ချိရေးကုန်လှောင်ရုံကို အကျယ်အဝန်း စတုရန်းမီတာ ၅သောင်းကျော်သော မြေနေရာတွင် ဧရိယာ ၃၆၀၀၀ စတုရန်းမီတာအကျယ် တည်ဆောက်ထားသဖြင့် မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်ကြောင်း၊ ကုန်လှောင်ရုံတွင် Frozen, Chilled, Aircon, Dry စသည်ဖြင့် အပူချိန်အမျိုးမျိုးကို ထားရှိပေးနိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်အတွက် သင့်လျော်သော နောက်ဆုံးပေါ် လေအေးပေးစနစ်ဖြစ်သည့် အမိုးနီးယားနှင့် ကာဗွန်ဒိုင်အောက်ဆိုက် လေအေးပေးစနစ်ကို ထည့်သွင်းအသုံးပြုထားကြောင်း၊ ယင်းစနစ်မှာ မြန်မာနိုင်ငံတွင် ပထမဆုံးအသုံးပြုသည့် စနစ်လည်းဖြစ်ကြောင်း၊ ၄၈ နာရီ လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးနိုင်သောစနစ်လည်း ပါဝင်သောကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုများမှလည်း ကာကွယ်နိုင်ကြောင်း သိရသည်။




အဆောက်အအုံတွင် အထပ်နှစ်ထပ်ပါရှိပြီး ပထမထပ်တွင် ကုန်တင်ယာဉ်အစီး ၂၀၊ ဒုတိယထပ်တွင် အစီး ၂၀ တစ်ပြိုင်တည်း ကုန်တင်ကုန်ချ ပြုလုပ်နိုင်သဖြင့် အဆိုပါ ဖြန့်ချိရေးကုန်လှောင်ရုံကြီးမှာ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ အကြီးဆုံး ကုန်လှောင်ရုံဖြစ်သည်သာမက နည်းပညာအမြင့်မားဆုံး ကုန်လှောင်ရုံလည်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-မြင့်မောင်စိုး**

## ပုဂံဗိုလ်ချိုဘုရားကြီးကွင်းပြင်တွင် သစ်ပင်များစိုက်ပျိုး



**ငါ့သရောက် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ မြနန္ဒာကျောက်ထီးဘုရားခေါ် ပုဂံဗိုလ်ချိုဘုရားကြီး ကွင်းပြင်တွင် အရိပ်ရသစ်ပင်ကြီးမျိုးများနှင့် ပန်းအလှပင်များကို ဇွန် ၁၂ ရက် နံနက်ပိုင်းက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သစ်ပင်များစိုက်ပျိုးရာတွင် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ငါ့သရောက်မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ မြို့မရဲစခန်းမှူး ရဲအုပ်ဇေယျာနှင့် တပ်ဖွဲ့ဝင်များ၊ ငါ့သရောက်မြို့ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်းစိုက်ပျိုးခဲ့ကြပြီး မြနန္ဒာကျောက်ထီးဘုရားကြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် မြနန္ဒာသောက်သုံးရေကန်ကြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန် စိုက်ပျိုးရခြင်းဖြစ်ကြောင်း မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ပြောကြားသည်။

အရိပ်ရသစ်ပင်ကြီးမျိုးများအဖြစ် မယ်ဇယ်(မဥ္ဇူသကနတ်ပန်း)ပင်၊ ခရေပင်၊ ကုက္ကိုပင်၊ စိန်ပန်းပင်၊ ပိတောက်ပင် စသည့် အရိပ်ရ သစ်ပင်ကြီးများနှင့် ရွှက်လှ၊ ငုဝါ၊ စိန်ပန်းဝါ စသည့် ပန်းအလှပင်များ စိုက်ပျိုးခဲ့ကြခြင်းဖြစ်ကာ ဆက်လက်၍လည်း အဆိုပါကွင်းပြင်ကြီး ပတ်ဝန်းကျင်တွင် အရိပ်ရသစ်ပင်ကြီးမျိုးများ ထပ်မံစိုက်ပျိုးသွားဦးမည်ဖြစ်ကြောင်း ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောသည်။

**ကိုထိန်(ငါ့သရောက်)**

## ကသာတွင် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေး

**ကသာ ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းမှ ယာဉ်များအတွက် ယာဉ်မှတ်ပုံတင်အသစ်၊ နယ်ဝင်မှတ်ပုံတင်၊ နှစ်လဲမှတ်ပုံတင်များနှင့် ယာဉ်မောင်းလိုင်စင်များ၊ စပယ်ယာလိုင်စင်များ အသစ်ပြုလုပ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းကို ကသာမြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(စစ်ကိုင်း)မှ နယ်လှည့်စစ်ဆေးရေးအဖွဲ့က ကသာခရိုင်အတွင်းရှိ ထီးချိုင့်၊ ဗန်းမောက်၊ အင်းတော်နှင့် ကသာမြို့များသို့ ကွင်းဆင်း၍ မော်တော်ယာဉ်၊ ဆိုင်ကယ်များ မှတ်ပုံတင်ခြင်းနှင့် ယာဉ်မောင်းလိုင်စင်၊ စပယ်ယာလိုင်စင်များ ပြုလုပ်ပေးခြင်းကို တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ခရိုင်ရုံး (စစ်ကိုင်း)မှ လက်ထောက်အင်ဂျင်နီယာ ဦးစဘားစတင်း၏ ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(စစ်ကိုင်း)၏ ဦးဆောင်မှုဖြင့် ခရိုင်ရုံး(စစ်ကိုင်း)က ကသာမြို့၌ ယာဉ်မှတ်ပုံတင်နှင့် လိုင်စင်များ ပြုလုပ်ပေးခဲ့ရာတွင် ကားမျိုးစုံ အစီး ၁၁၀၊ ဆိုင်ကယ် ၄၄၉ စီးအတွက် မှတ်ပုံတင်များနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ၁၄၀ ကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## လျှော်ဒဏ်သင့် ပုဂံဘုရားများ ပြုပြင်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပြုလုပ်

**ညောင်ဦး ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီပုထိုးများ ပြုပြင်ဆောင်ရွက်သည့် ကိစ္စများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ ရက်က ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံ ၃၈၉ ဆူအနက် လက်ရှိအချိန်အထိ အဆူ ၃၁၀ ကို ပြုပြင်ပြီးစီးသွားပြီဖြစ်ကာ ပြုပြင်ရန်ကျန်ရှိသည့် ဘုရား၊ စေတီပုထိုး ၇၉ ဆူအနက် ၂၇ ဆူမှာ ပြုပြင်ဆဲဖြစ်ပြီး ၅၂ ဆူမှာ အရေးပေါ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် စပ်လျဉ်း၍ ပြုပြင်ထားသည့် အခြေအနေများနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် ဘုရား၊ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများအတွက် တက်ရောက်လာသည့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက ယခုနှစ် မိုးရာသီကာလတွင် မိုးရေကြောင့် ဘုရား၊ စေတီပုထိုးများ ထပ်မံထိခိုက်မှုမရှိစေရေးအတွက် ပြုပြင်ရန်ကျန်ရှိသည့်ဘုရား၊ စေတီပုထိုးများကို အရေးပေါ်ပြုပြင်ခြင်းများ ဆောင်ရွက်ခြင်း၊ အဖွဲ့ငယ်များခွဲ၍ စောင့်ကြည့်ခြင်းနှင့် အရေးပေါ် ပြုပြင်ရန်လိုအပ်ပါက ချက်ချင်းပြုပြင်နိုင်ရေး အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်နှင့် ငလျင်ဒဏ်သင့်ဘုရားများ ပြုပြင်ခြင်း ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကြံခင်း-ပြည်ကားလမ်းတွင် ရေကျော်၍ ခရီးစဉ်ကြန့်ကြာမှုများဖြစ်



**ကြံခင်း ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဇွန် ၁၀ ရက်ကစပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ်အတွင်း လမ်းအချို့နှင့် ကျေးရွာလမ်းများတွင် ရေကျော်မှုများဖြစ်ကာ ကြံခင်း-ပြည် လမ်းမကြီးတစ်လျှောက် ပြေးဆွဲသော ခရီးသည်တင်ကားများ၊ ကုန်တင်ကားများ သွားလာရကြန့်ကြာမှုများရှိနေကြောင်း သိရသည်။

ဇွန် ၁၂ ရက် နံနက် ၅ နာရီခွဲခန့်မှစ၍ ဖားတစ်ရှဉ်းချောင်းမှတစ်ဆင့် ဧရာဝတီမြစ်ရေတိုးတက်မှုကြောင့် ပေတော-အင်းကောက် ကားလမ်းပေါ် ဘိလပ်မြေစက်ရုံရှေ့တွင် ရေလျှံမှုများဖြစ်ပေါ်ခဲ့ကာ ပေတောကျေးရွာမှ ပြည်သူများ ယာယီသွားလာရေး အဆင်ပြေစေရန် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

**ကျောင်းကုန်း ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ယခုအချိန်သည် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်ကာလဖြစ်သဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရမည့်ကိစ္စများရှိသောကြောင့် မြို့နယ်ဦးစီးမှူးများအနေဖြင့် မိမိတို့လက်ကိုင်ဖုန်းများကို ပိတ်မထားဘဲ အချိန်တိုင်း ဖွင့်ထားကြဖို့လိုကြောင်း မှာကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးငြိမ်းချမ်းအောင်က ယခုရက်ပိုင်း မကြာခဏ မီးပျက်ရခြင်းအကြောင်းနှင့် မိမိတို့မြို့နယ်အတွင်း သစ်ပင်သစ်ကိုင်းများအခြေအနေကို လိုက်လံစစ်ဆေးပေးနေကြောင်း ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်မိုးက ပြေစာများအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်အတွက် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းမရှိပါက မြို့နယ်အခွန်ရုံးသို့ လာရောက်တိုင်ကြားနိုင်ကြောင်းနှင့် သတင်းပေးတိုင်ကြားသူအား ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများအဖြစ် ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးအန္တရာယ် ကင်းဝေးရေးအတွက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းကြရေးကိုလည်း ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရေစကြိုမြို့နယ်တွင် မိုးများ၍ ပဲတီစိမ်းစိုက်ခင်းအချို့ ရေနစ်မြုပ်ပျက်စီး

**ရေစကြို ဇွန် ၁၃**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် မိုးများဆက်တိုက်ရွာသွန်းနေမှုကြောင့် ပဲတီစိမ်းစိုက်ခင်းများအတွင်း မိုးရေဝင်ရောက်ကာ စိုက်ခင်းအချို့မှာ ရေနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှုများ ကြုံကြိုရလျက်ရှိကြောင်း သိရသည်။



"အခုအချိန်က ပဲတီစိမ်းခူးတဲ့အချိန်ရောက်နေတာ၊ မိုးမရွာခင်တုန်းက ပဲတွေကကောင်းတယ်၊ မိုးရွာလိုက်တော့ တချို့ပဲတီစိမ်းခင်းတွေဆိုရင် မိုးရေမြုပ်လို့ လုံးဝကို မခူးလိုက်ရဘူး၊ အကုန်မြုပ်သွားတာ၊ တချို့ဆို ဆုံးတာ၊ ရှုံးတာ မဟုတ်ဘူး၊ ကျွန်တော့်အခင်းဆိုရင် ရှုံးတယ်၊ မဆုံးသေးဘူး၊ နည်းနည်းပါးပါး ခူးလို့ရသေးတယ်၊ ပထမတစ်သီးကောက်နေတာ နောက်တစ်သီးထပ်ကောက်လို့မရတော့ဘူး၊ ပထမတစ်သီးတောင်မှ ရေပေါ်မှာပေါ်နေတဲ့ အသီးတွေ လိုက်ခူးရတာ၊ ရေအောက်က အသီးတွေတော့ ခူးမရတော့ဘူး၊ ရေထဲမှာရှိတဲ့အသီးတွေက အပင်ပေါက်ပြီး ပုပ်ကုန်ပြီ"ဟု ကံသစ်စိုက်ကွင်းမှ ပဲတီစိမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ထန်းဆယ်ပင်ကျေးရွာမှ ပဲတီစိမ်းစိုက်တောင်သူတစ်ဦးကလည်း "အခင်းထဲရေတွေဝင်တော့ တောင်းနဲ့တောင် ပဲတီစိမ်းကောက်လို့မရတော့ဘူး၊ တောင်းနဲ့ဆိုရင် တောင်းထဲရေတွေဝင်မှာစိုးလို့ ပဲစိုက်ခင်းရေထဲကို မိုးပြဲဒယ်အိုးတွေချပြီးတော့ ဒယ်အိုးထဲကို ခူးပြီးသား ပဲတောင့်တွေ ထည့်ရတယ်၊ ဒယ်အိုးထဲက ပဲတောင့်တွေကို လှေနဲ့ တစ်ခါပြန်သယ်နေရတယ်၊ လှေထဲကနေမှတစ်ခါ အိမ်ရောက်အောင် လှည်းနဲ့တစ်ဆင့်ပြန်သယ်နေရတယ်၊ စိုက်ခင်းထဲမှာ မိုးရေတွေ နှစ်ပေလောက်အထိ ရောက်နေတာ"ဟု ပြောပြသည်။

အဆိုပါစိုက်ခင်းများတွင် တောင်သူများစိုက်ပျိုးသော ပဲတီစိမ်းများသည် ပုံမှန်အားဖြင့် တစ်ဧကလျှင် ၁၈ တင်းမှ တင်း ၂၀ ခန့် ထွက်လေ့ရှိသော်လည်း ယခုကဲ့သို့ စိုက်ခင်းများအတွင်း မိုးရေဝင်ရောက်သဖြင့် အချို့စိုက်ခင်းများမှာ ရေနစ်မြုပ်ကာ လုံးဝဆုံးရှုံးခဲ့ရပြီး အချို့စိုက်ခင်းများတွင် ပဲပင်များ ရေမြုပ်မှုကြောင့် သုံးပုံတစ်ပုံခန့်သာ ခူးဆွတ်နိုင်သဖြင့် အရှုံးပေါ်ကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောမဟာဗျူဟာများချမှတ်ခြင်း အလုပ်ရုံဆွေးနွေး

**ဟားခါး ဇွန် ၁၃**

ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် DaNa Facility တို့ ပူးပေါင်းကျင်းပသည့် ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သော မဟာဗျူဟာများချမှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဇွန် ၁၁ ရက်က ဟားခါးမြို့ရှိ ပြည်နယ်စီမံကိန်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရန်အတွက် လိုအပ်သော မဟာဗျူဟာများ ကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအကြီးအကဲများအနေဖြင့် မိမိ၏ဌာနနှင့် ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုပြုနိုင်မည့် လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံရန်အလားအလာရှိသော လုပ်ငန်းများကို ဖော်ထုတ်ပြီး မှန်ကန်တိကျသော အချက်အလက်များဖြင့် ကဏ္ဍအလိုက် နေရာများ၊ ဇုန်များ သတ်မှတ်ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် DaNa Facility Team မှ Mr.Peter Brimble က ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သော မဟာဗျူဟာ စီမံကိန်းများ သတ်မှတ်ဆောင်ရွက်ရာတွင် လိုအပ်မည့် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာများတွင် ပံ့ပိုးဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၁ မှ ၁၂ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များနှင့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အထောက်အကူပေးရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**



# ကွမ်းခြံကုန်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတစ်ရုံ ဆောင်ရွက်ပေးမည်

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မုတ်ကျွန်းဒေသရှိ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်လျက်ရှိသော ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၇ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံကို လက်ခုပ်ကုန်းကားလမ်းနှင့် ငှက်ကြီးဒေါင်-သောင်ခုန် လမ်းထောင့်တွင် တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။



လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်

အဆိုပါဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် BE ဘတ်ဂျက်တွင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မရရှိပါက ဖြည့်စွက်ဘဏ္ဍာခွင့်ပြုငွေ (RE)ဘတ်ဂျက်တွင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ဇွန် ၁၁ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းမင်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သည့် ကွမ်းခြံကုန်းမြို့နယ် မုတ်ကျွန်းဒေသရှိ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်လျက်ရှိသော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကို ချထားပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ချထားပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ချထားပေးနိုင်မည်၊ ချထားပေးရန် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုကြောင်း မေးခွန်းကို ဝန်ကြီးက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

**နိုင်လင်းကျော်(ဒလ)**

# ပုသိမ်မြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ပုသိမ် ဇွန် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာအုပ်စုနှင့် မြို့ချောင်းကျေးရွာအုပ်စုများ ပူးပေါင်း၍ မြို့ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းနက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလှမျိုးအောင်က ပြည်သူ့စကားဝိုင်း ကျင်းပခြင်းရည်ရွယ်ချက်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်းက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဌေးနိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ၎င်းတို့ဌာနမှ ဆောင်ရွက်ပေးနေမှုများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးမြင့်က လမ်းပြုပြင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းများအကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးနိုင်ဦးလွင်က နိုင်ငံသား စိစစ်ရေးကတ်များ ထုတ်ပေးနေမှု၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသိမ်းက ရေသယံဇာတထိန်းသိမ်းရေးအကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်သူရက နွေစပါး၊ မိုးစပါးအထွက်တိုးရေးနှင့် မျိုးကောင်းမျိုးသန့် စပါးမျိုးများ အသုံးပြုရေးတို့ကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်နိုင်က ကျွဲနွားများကို ကာကွယ်ဆေးထိုးပေးနေမှုများ၊ တိရစ္ဆာန်များတွင်ဖြစ်ပွားသောရောဂါများအကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းက ရွာမြေ၊ လယ်မြေ၊ ယာမြေ၊ လမ်းမြေ၊ ပလပ်မြေနှင့် လယ်ယာမြေပြဿနာများ ဖြစ်ပွားနေမှုများအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# မင်းလှမြို့နယ်တွင် မိုးများ၍ ချောင်းကူးတံတားတစ်စင်း ပျက်ပြီး တံတားတစ်စင်း နိမ့်ကျ၊ ဆည်ရေလည်းတိုးနေသဖြင့် စောင့်ကြပ်လျက်ရှိ

**မင်းလှ ဇွန် ၁၃**

သရက်ခရိုင် မင်းလှမြို့နယ်အတွင်း ဇွန် ၁၁ ရက်က မိုးရွာသွန်းမှုကြောင့် ချောင်းကူးတံတားနှစ်ခု နိမ့်ကျပြီး လယ်လှကျေးရွာ ယင်ရိုးကြီးဆည်မှာလည်း ဆည်ရေတိုး၍ ကျိုးပေါက်မည်ကို စိုးရိမ်သည့်အတွက် စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် လက်ပံတံခါးကျေးရွာနှင့် လယ်ယားရှည်ကျေးရွာကြားရှိ လယ်ယားရှည်ကြိုးတံတား၏ ချဉ်းကပ်သစ်သားတံတား အလျား ပေ ၂၀၊ အနံခြောက်ပေခန့် ရေမျောပါခဲ့သလို ရှမ်းတပ်ငယ်ကျေးရွာနှင့် ရှမ်းတပ်ကျင်းကျေးရွာကြားရှိ ပနီချောင်းကူးတံတားမှာလည်း ရေလယ်တိုင် နှစ်ပေခန့်နိမ့်ကျခဲ့၍ ကျေးရွာသူကျေးရွာသားများက တံတားအခြေအနေကို စောင့်ကြည့်နေရကြောင်း သိရသည်။ ထို့အပြင် ပနီချောင်း ရေဝင်ရောက်မှုကြောင့် ရွာသာယာကျေးရွာ၌ ချောင်းကမ်းပါးတွင်နေသော အိမ်ထောင်စုလေးစုကို ရေဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နေရာချထားပေးရကြောင်း သိရသည်။

လယ်လှကျေးရွာ ယင်ရိုးကြီးဆည်မှာလည်း ရေများနေမှုကြောင့် ရေကြီးရေလျှံမည့်အန္တရာယ်ဖြစ်နိုင်သည့်အတွက် ရေဝင်ရောက်နိုင်သည့် နေအိမ်များမှ ပြည်သူများအား ဆွေမျိုးသားချင်းများထံတွင် ပြောင်းရွှေ့နေရာချထားပေးရသလို သခွတ်ရင်းကျေးရွာ မဒိုင်းဆည်တွင်လည်း စိုးရိမ်ရေမှတ်အထက် ရေကျော်လွန်နေခြင်းကြောင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**



# လေပြင်းတိုက်ခတ်၍ ဝေါမြို့၌ အိမ်အချို့ပျက်စီး

**ဝေါ ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ခင်တန်းကြီးကျေးရွာတွင် ဇွန် ၁၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ပြိုလဲခြင်းနှင့် အမိုး၊ အကာများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ခင်တန်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ပင်မဆောင် အမိုးလန်၊ ဆွမ်းစားဆောင် အမိုးလန်၊ စကြံလမ်း အမိုးလန်ခြင်းများဖြစ်ပွားခဲ့ပြီး လူနေအိမ်တစ်လုံး လဲပြိုကာ လူနေအိမ်ရှစ်လုံး အမိုးလန်၊ ထရံပွင့် ပြိုလဲပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။ ပျက်စီးခဲ့သော နေအိမ်များမှ ပြည်သူ ၂၅ ဦးခန့်သည် နီးစပ်ရာ ဆွေမျိုးများ၏နေအိမ်တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# အညာဒေသမှာလည်း လူ့စွမ်းအားအရင်းအမြစ်တွေက ဝေဖြာ

✻ မြင့်စိုး (နတလ) ✻

**၂၀၁၈ ခုနှစ် မေလ ၁၈ ရက်နေ့၊ ထိုနေ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းမှ ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ဝမ်းမြောက်ပျော်ရွှင်ဖွယ်ရာ ဆုလာဘ်တစ်ခုကို ပိုင်ဆိုင်ခွင့်ရသောနေ့ဟုဆိုလျှင် မမှားတန်ရာ။ မင်္ဂလာရှိသော ထိုနေ့ထိုအချိန်ထိုအခါတွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသစ်ကြီးကို ဖွင့်လှစ်ပေးခဲ့သည်။**

ကျောင်းသစ်ဟု ခေါ်ဝေါ်လိုက်သည့်အတိုင်း ထိုကျောင်းသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ၄၄ ကျောင်းမြောက် ဖွင့်လှစ်ခဲ့သော ကျောင်းဖြစ်ပါသည်။ သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများတက်ရောက်ကြပါသည်။ အခမ်းအနားအစီအစဉ်အရ သင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ပါသည်။



### ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့

ဆက်လက်၍ သင်တန်းကျောင်းခန်းမအတွင်း အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက သင်တန်းကျောင်းဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ သင်တန်းကျောင်း ဖွင့်လှစ်ခြင်းနှင့်အတူ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၁)ကို တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ရေးအတွက် ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခဲ့ကြသလို သင်တန်းသူများဖြစ်ကြသော ဒေသခံတိုင်းရင်းသူများ၏ ကောင်းမွန်မှန်ကန်သောခံယူချက်၊ လန်းဆန်းတက်ကြွသော ပညာသင်ယူလိုစိတ်များကြောင့် အောင်အောင်မြင်မြင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက သင်တန်းသူများနှင့် သင်တန်းနည်းပြများအတွက် ထောက်ပံ့ကြေးများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ သင်တန်းခန်းမ၊ စားရိပ်သာ၊ မီးဖိုဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ကျင်းပသည့် အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပါဝင်တက်ရောက်နေသော စာရေးသူကျွန်တော် လူကသာသူတို့နှင့်အတူ ကသာမြို့မှာ ရှိနေသော်ငြား စိတ်အစဉ်ကတော့ နယ်စပ်ဒေသ တစ်လွှားမှာ လူးလာခေါက်တုံ့ ရှိနေပါသည်။ နယ်စပ်ရေးရာ ဝန်ကြီးဌာနက ဖွင့်လှစ်ပေးခဲ့သော အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ သမိုင်းအစကို ပြန်လည်မှန်းဆသတိရနေမိပါသည်။ ထိုသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နယ်စပ်ဒေသရှိ တိုင်းရင်းသူကလေးများကို အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာများ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည့်အထိ ကူညီဆောင်ရွက်ပေးရန်၊

(ခ) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေးဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဂ) အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးလေးများ ဖြစ်လာစေရန်၊

(ဃ) တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးချစ်စိတ်ဓာတ်အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများ ဖြစ်လာစေရန်၊

(င) ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှု အတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန်။

### အကူအညီကိုရယူ

ထိုကဲ့သို့သော ရည်ရွယ်ချက်များချမှတ်၍ နယ်စပ်ဒေသအသီးသီးတွင် နေထိုင်လျက်ရှိကြသော အထူးသဖြင့် တစ်ဖက်နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော နေရာဒေသများတွင် နေထိုင်လျက်ရှိကြသော တိုင်းရင်းသူကလေးများအား အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာများကို သင်ကြားပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ပညာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်လျက် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ စက်မှု၊ စိုက်ပျိုးသက်မွေးပညာဦးစီးဌာနမှ နည်းပြများ၏ အကူအညီကိုရယူကာ သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါဦးစီးဌာနသည်ပင်လျှင် ၁၉၉၆ ခုနှစ်၌ လူမှုဝန်ထမ်းဝန်ကြီးဌာနအောက်သို့ ပြန်လည်ပြောင်းရွှေ့သွားကြောင်း သိရသည်။ နယ်စပ်ဒေသများတွင် အစောဆုံးဖွင့်လှစ်ခဲ့သော အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှာ ၁၉၉၂ ခုနှစ် မတ်လနှင့် ဇူလိုင်လများအတွင်း ဖွင့်လှစ်ပေးခဲ့သော တာချီလိတ်၊ ကော့သောင်း၊ လားရှိုး၊ ကျိုင်းတုံနှင့် မြိတ်ကျောင်းများ ဖြစ်ကြသည်။ ဆက်လက်၍ လွိုင်ကော်၊ ဟားခါး၊ မြဝတီမြို့နှင့်ရေးမြို့များတွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါကျောင်းများ၌ ကျောင်းအုပ်တာဝန်ထမ်းဆောင်သွားသူများမှာ တာချီလိတ်တွင် ဒေါ်နုနုကြည်(ကွယ်လွန်)၊ ကော့သောင်းတွင် ဒေါ်ခင်လှရီ (အငြိမ်းစားယူပြီး သုဝဏ္ဏတွင်နေထိုင်)၊ လားရှိုးတွင် ဒေါ်ကေစီငွေ (အငြိမ်းစားယူပြီး သမိုင်း/အုတ်ကျင်းတွင်နေထိုင်)၊ ကျိုင်းတုံတွင် ဒေါ်သန်းသန်းလွင် (ယခု ဒု-ညွှန်မှူး၊ ပညာ/လေ့ကျင့် ဦးစီးဌာန-ရုံးချုပ်)၊ မြိတ်တွင် ဒေါ်စောနွဲ့မူ (ကွယ်လွန်)နှင့် ဒေါ်ရင်ရင်သောင်း (ကွယ်လွန်)၊ လွိုင်ကော်တွင် ဒေါ်မြင့်ကြည်(ကွယ်လွန်)၊ ဟားခါးတွင် ဒေါ်ကြည်ကြည်လွင်(ယခုလက်ထောက်ညွှန်မှူး၊ ပညာ/လေ့ကျင့်ဦးစီးဌာန-ဘားအံ)၊ မြဝတီတွင် ဒေါ်ခင်သန်းလွင် (ယခု ဒု-ညွှန်မှူး၊ ပညာ/လေ့ကျင့် ဦးစီးဌာန-ရုံးချုပ်)တို့ဖြစ်ကြသည်။ ထိုအချိန်က လူငယ်သင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဆိုင်ရာကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူကွပ်ကဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ဖွဲ့စည်းပြီးနောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်းများဆက်လက် ဖွင့်လှစ်ပေးခဲ့ရာ ကလေးမြို့၌ မကြာမီဖွင့်လှစ်တော့မည့်ကျောင်းသည် ၄၅ ကျောင်းမြောက် ဖြစ်ပါမည်။

### လူမှုစီးပွားဘဝမြင့်မားတိုးတက်လာ

ကျွန်တော်၏ ဆောင်းပါးခေါင်းစဉ်တွင် အညာဒေသကို ရည်ညွှန်းထားပေရာ ယခု လက်ရှိဖွင့်လှစ်ပြီး ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော ကျောင်းပေါင်း ၄၅ ကျောင်းရှိသည့်အနက် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးနှင့် စဉ့်ကူးကျောင်းများသည် အညာဒေသရှိ သင်တန်းကျောင်းများ ဖြစ်ပါသည်။ တစ်ချိန်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့ကို အဓိကရည်မှန်းဆောင်ရွက်ခဲ့သော်လည်း အသစ်ပြန်လည်ဖွဲ့စည်းထားသော နတလဗဟိုကော်မတီတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုလုံးမှ ဝန်ကြီးချုပ်များသည် အဖွဲ့ဝင်အဖြစ်ပါဝင်နေသည်က တစ်ကြောင်း၊ မြေပြန့်ဒေသပင် ဖြစ်လင့်ကစား ရောဝတီမြစ်ကြီးနံဘေး၊ ချင်းတွင်းမြစ်နံဘေးတွင်ရှိနေကြသော အချို့ကျေးရွာ၊ ဒေသများသည် လမ်းပန်းဆက်သွယ်ရေး အရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း အလွန်ခက်ခဲကျပ်တည်းနေသည့် အခြေအနေတွင်ရှိနေကြသေးသည်က တစ်ကြောင်းတို့ကြောင့် နယ်စပ်ဒေသ မဟုတ်သော်ငြားလည်း ထိုဒေသများရှိ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာရေးအတွက် ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ သည့်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအချို့ ဆောင်ရွက်ပေးနေသကဲ့သို့ လူငယ်သင်တန်းကျောင်းများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ပါသည်။

### လူငယ်သင်တန်းကျောင်းများ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် မေလ ၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပင်လည်ဘူးမြို့နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့လည်း ရောက်ရှိခဲ့သည်။ ကဒူး၊ ကနန်း၊ ရှမ်း၊ ဗမာ၊ နာဂ၊ ကရင် အစရှိသော တိုင်းရင်းသား တိုင်းရင်းသူလေးပေါင်း ၁၆၀ တက်ရောက်သင်ကြားလျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးက ၎င်းတို့အတွက် ထောက်ပံ့ကြေးများပေးအပ်ပြီး နိုင်ငံတော်ကို ပြန်လည်အလုပ်ကျွေးပြုမည့် သားကောင်းသမီးကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန်၊ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်ကြရန်၊ လူမှုပေါင်းသင်းဆက်ဆံရေးကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်သွားရန်၊ အသိပညာ ဗဟုသုတများတိုးတက်စေရေး စာဖတ်ကြရန်၊ ကျန်းမာရေးကောင်းအောင် အစဉ်ဂရုတစိုက် နေထိုင်သွားကြရန် မှာကြားခဲ့ပါသည်။ အညာဒေသအတွင်း လူငယ်သင်တန်းကျောင်းများကို ပခုက္ကူ၊ ကလေး၊ ပင်လည်ဘူးမြို့များ၌ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါလူငယ်သင်တန်းကျောင်းများတွင် တက်ရောက်သင်ကြားနေသော တိုင်းရင်းသားကလေးငယ်များအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးပါက နယ်စပ်ရေးရာဝန်ကြီးဌာန အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)တို့သို့ ဆက်လက် တက်ရောက်သင်ယူကြကာ (B.Ed) ပညာရေးဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့များနှင့် A.G.T.I ဒီပလိုမာ ဘွဲ့များ ပေးအပ်ချီးမြှင့်၍ ဝန်ကြီးဌာနအသီးသီးတွင် လုပ်ငန်းတာဝန်များ ထမ်းဆောင်ခွင့်ရကြမည်ဖြစ်သည်။ ဆိုရလျှင် အညာဒေသသည်လည်းပဲ အခြားသောဒေသများနည်းတူ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဝိုင်းဝန်းပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**“လူငယ်သင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းဆိုင်ရာကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူကွပ်ကဲဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ၁၉၉၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကို ဖွဲ့စည်းပြီး နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ ဆက်လက်ဖွင့်လှစ်ပေးခဲ့ရာ ကလေးမြို့၌ မကြာမီဖွင့်လှစ်တော့မည့်ကျောင်းသည် ၄၅ ကျောင်းမြောက်ဖြစ်”**

## ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် ဇွန် ၁၃

ကလေးသူငယ်ဆိုင်ရာအခွင့်အရေးကို အထောက်အကူပြုကာကွယ်ပေးရန် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းကို ထိရောက်စွာတားမြစ်ပိတ်ပင်ရန်နှင့် ကလေးအလုပ်သမားအဖြစ်ခိုင်းစေမှုလုံးဝပပျောက်ဆုံးစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၁၂ ရက်က စုပေါင်းရုံးခန်းမ၌ ကျင်းပရာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခိုင်သဉ္ဇာ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဇီးပင်ကြီးမူလတန်းကြိုကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ပြုံးပြုံးကြည်နှင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်စိုးရီတို့က နိုင်ငံတော်အစိုးရမှလည်း ကလေးအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန်၊ ကလေးသူငယ်ဆိုင်ရာအခွင့်အရေးကို အထောက်အကူပြုကာကွယ်ပေးရေး စသည်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

ဇော်မျိုးထိုက် ( ပြင်ဦးလွင် )

# လားရှိုးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် လှုံ့ဆော်သည့် လှုပ်ရှားမှုပြုလုပ်

**လားရှိုး ဇွန် ၁၃**

လားရှိုးမြို့၌ မော်တော်ဆိုင်ကယ်စီးနင်းရာတွင် ဦးထုပ်ဆောင်းရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေးအတွက် လှုံ့ဆော်သည့် လူထုလှုပ်ရှားမှုကို လားရှိုးခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ဇွန် ၁၂ ရက်က ပြုလုပ်ခဲ့ပြီး



အဆိုပါလှုပ်ရှားမှုတွင် ဆိုင်ကယ်အစီး ၂၀၀ ကျော်နှင့် စက်ဘီးအစီး ၃၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုလှုပ်ရှားမှုတွင် လားရှိုးတက္ကသိုလ်မှ ဆရာ ဆရာမများက ဆိုင်ကယ် ၁၀ စီး၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ဆိုင်ကယ် အစီး ၂၀၊ သူနာပြုသင်တန်းကျောင်းမှ ဆိုင်ကယ် အစီး ၂၀၊ ရှမ်းတိုင်းရင်းလူငယ်အဖွဲ့ဝင်များက ဆိုင်ကယ်အစီး ၅၀ နှင့် ယာဉ်မောင်းသင်တန်းများ၊ မြို့ပေါ်ရပ်ကွက် ၁၂ ခုမှ ဆိုင်ကယ်များ ပါဝင်ကြသလို လားရှိုးစက်ဘီးစီးအဖွဲ့မှ အဖွဲ့ဝင်များကလည်း စက်ဘီးအစီး ၃၀ ကို စီးနင်း၍ လားရှိုးမြို့တော်ခန်းမရှေ့မှ စတင်ထွက်ခွာကာ ဘူတာလမ်းမကြီးအတိုင်း လားရှိုးမြို့တစ်ပတ်လှည့်လည်၍ လှုံ့ဆော်မှု ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လူထုလှုပ်ရှားမှုတွင် လားရှိုးမြို့၌ပြုလုပ်သွားသော Miss & Mister Tourism and Culture ပြိုင်ပွဲမှ ဆုတံဆိပ်ရ မောင်မယ်များ၊ Mister and Miss Sea World မှ မောင်မယ်များ၊ Miss Universe Lashio ပြိုင်ပွဲမှ ဆုတံဆိပ်ရ အလှမယ်များကလည်း အားဖြည့်ပါဝင်ခဲ့ကြောင်း သိရသည်။

**ဟန်ဋ္ဌေး (လားရှိုး)**

# မုန်တိုင်းဒဏ်ခံအဆောက်အအုံနှင့် မိုးရေလှောင်ကန် ဖွင့်လှစ်လွှဲပြောင်းပေးအပ်

**လပွတ္တာ ဇွန် ၁၃**

ဥရောပသမဂ္ဂ၏ ငွေကြေးပံ့ပိုးမှုဖြင့် မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မိတ်ဖက်အဖွဲ့၊ ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေး အစီအစဉ်နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်တို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့၏ ပူးပေါင်းကူညီမှုဖြင့် လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာအုပ်စု ဥယျာဉ်ကုန်းကျေးရွာ၌ ဆောက်လုပ်ပြီးစီးခဲ့သော ဘက်စုံသုံးမုန်တိုင်းဒဏ်ခံအဆောက်အအုံနှင့် မိုးရေလှောင်ကန် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဥယျာဉ်ကုန်းကျေးရွာ၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဘက်စုံသုံးမုန်တိုင်းဒဏ်ခံအဆောက်အအုံသည် အလျား ပေ ၅၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၂၅ ပေရှိပြီး အမြင့်တင် မိုးရေလှောင်ကန်မှာ ဂါလန် ၁၇၀၀၀ ဆံ့ကာ အဆောက်အအုံ၊ ရေလှောင်ကန်နှင့် နှစ်ခန်းတွဲအိမ်သာတို့ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ အခြေချနေထိုင်ရေးအစီအစဉ် UN.Habitat တို့ ပူးပေါင်းဆောက်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆောက်အအုံ ဖွင့်ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလှ၊ UN Habitat မှ Mr.Bijay Karmacharya နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် UN Habitat ကိုယ်စားလှယ်က အဆောက်အအုံကို လက်မှတ်ထိုးလွှဲပြောင်းပေးအပ်သည်။

**ခရိုင် (ပြန်/ဆက်)**

# သထုံခရိုင်အတွင်းရှိ ရေချိုချောင်းများနှင့် အင်းများကို ငါးလုပ်ငန်းအတွက် ရောင်းချ

**သထုံ ဇွန် ၁၃**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်နှင့် ပေါင်မြို့နယ်အတွင်းရှိ ရေချိုချောင်းများနှင့် အင်းများတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရေလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ဇွန် ၁၂ ရက် သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ရောင်းချခဲ့ကြောင်း သိရသည်။

"ရေချိုချောင်းများကို တင်ဒါစနစ်ဖြင့် ရောင်းချပြီး အင်းများကို လေလံတင်ရောင်းချခြင်းဖြစ်သည်၊ သထုံခရိုင် လေးမြို့နယ်မှာ ရေချိုချောင်း ပိုက်ချက် အားလုံး ၄၈ ချောင်းနဲ့ အင်း ၂၃ အင်းရှိတယ်။ ဒီနေ့ကတော့ သထုံနဲ့ ပေါင်မြို့နယ်တွေက ရေလုပ်သားတွေအတွက် ဒီမှာပဲ တစ်ပေါင်းတည်း လုပ်ပေးတာပါ၊ နောက်ရက်ကိုတော့ ဘီးလင်းနဲ့ ကျိုက်ထိုမှာလုပ်မယ်"ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောလင်းက ပြောသည်။

ရေချိုချောင်း တင်ဒါရောင်းချပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက တင်ဒါစည်းကမ်းများနှင့် ရေလုပ်ငန်းဆိုင်ရာဥပဒေများကို အသိပေးရှင်းလင်းပြီး သထုံမြို့နယ်နှင့် ပေါင်မြို့နယ်အတွင်းမှ တင်ဒါနှင့် လေလံဆွဲဝယ်ယူခွင့်လက်မှတ်ရရှိထားသည့် ရေလုပ်သား ၁၉ ဦး တို့က သက်ဆိုင်ရာ ချောင်းနှင့် အင်းများအလိုက် တင်ဒါနှင့် လေလံများကို ယှဉ်ပြိုင်ဝယ်ယူခဲ့ကြသည်။

အဆိုပါနေ့တွင် သထုံမြို့နယ်အတွင်းမှ ရေချိုချောင်း ၁၄ ချောင်းအနက် ချောင်းခြောက်ချောင်း ရောင်းချခဲ့ရပြီး တင်ဒါရောင်းချရငွေကျပ် ၃၂၆၈၀၀၀ ရရှိခဲ့ကာ ပေါင်မြို့နယ်အတွင်းမှ ရေချိုချောင်းသုံးချောင်းအနက် နှစ်ချောင်းအတွက် တင်ဒါရောင်းချရငွေ ကျပ် ၁၀၆၅၀၀၀ ရရှိခဲ့သည်။ အင်းလေလံတွင် သထုံမြို့နယ်မှ အင်းသုံးခုအတွက် ကျပ် ၂၃၀၀၀၀ ရရှိခဲ့ပြီး ကြမ်းခင်းဈေးမမီသည့် ချောင်းများ၊ တင်ဒါဝယ်ယူသူမရှိသည့် ချောင်းများနှင့် လေလံမအောင်သည့် အင်းများကို ဆိုင်းငံ့ထားကာ နောက်တစ်ကြိမ် ထပ်မံ၍ တင်ဒါခေါ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။ **သက်ဦး (သထုံ)**



**လှိုင်မြို့နယ် အမှတ် ၁၂ ရပ်ကွက် စက်မှုရိပ်သာဓမ္မာရုံတွင် မေ ၃၀ ရက်က သက်ငယ်မုဒိမ်းနှင့်လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်းများ ပပျောက်ရေးအတွက် ရပ်ကွက်နေပြည်သူများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဝင်းက ဟောပြောဆွေးနွေးစဉ်။** မီးမီး (လှိုင်)

**ဖခင်မည်မှန်**
မြင်းခြံမြို့၊ အထက(၁) ဝိတောက်အခန်းမှ မသင်းသင်းနု၏ ဖခင်အမည်မှန်မှာ ဦးစံမင်းအောင် ၉/မခန(နိုင်)၁၃၃၈၆၂ ဖြစ်ပါကြောင်း။
ဦးစံမင်းအောင်
၉/မခန(နိုင်)၁၃၃၈၆၂

**မွေးသက္ကရာဇ်အမှန်**
ဦးအောင်နိုင်၏သမီး မြောင်းမြမြို့၊ မဟာကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ နန့်ပြည့်ပြည့်ဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စု သန်းခေါင်စာရင်းအရ ၂၀-၃-၂၀၀၃ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မြောင်းမြမြို့၊ တောင်ပေါ်စု၊ အထက (နဝမတန်း)မှ မခင်သန္တာမိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ငွေ ၁၄/မမန(နိုင်)၅၂၀၀၉၇ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**
ဦးသိန်းမင်းနိုင်၏သမီး မြောင်းမြမြို့၊ စစ်ကွင်းအမက(မူလွန်) တတိယတန်းမှ မဖူးမေမီချိုအား မဖူးမေမီသန့်ဟု ပြောင်းလဲခေါ်ပါရန်။
မဖူးမေမီသန့်

**ဖခင်အမည်မှန်**
သဲကုန်းမြို့နယ်၊ ရပ်သာအုပ်စု၊ ကြို့ကုန်းရွာနေ ကိုမြင့်နိုင် ၇/သကန(နိုင်)၀၈၄၇၀၀၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးညွန့်ကြည် ဖြစ်ပါကြောင်း။ ဦးညွန့်ကြည်

**ဖခင်အမည်မှန်**
ဦးသန်းနိုင်၏သား ကျိုက္ခမီမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဇင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်နိုင် ၁၀/သဖရ(နိုင်)၁၂၄၈၃၅ ဖြစ်ပါကြောင်း။ ဦးနိုင်နိုင်

**ဖခင်အမည်မှန်**
ဦးကွန်ဘိုင်၏သား၊ မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာအထက(ခွဲ)၊ သတ္တမတန်းမှ မောင်ဇင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်မြင့် ၁၀/မဒန(နိုင်)၁၅၄၇၆၁ ဖြစ်ပါကြောင်း။
ဦးဉာဏ်မြင့်

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(မန္တလေး)**
**B.E/B.Arch သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း**

၁။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် နည်းပညာတက္ကသိုလ်(မန္တလေး)၏အင်ဂျင်နီယာနှင့် ဗိသုကာသင်တန်းများကို အောက်ပါအထူးပြုဘာသာရပ်များအလိုက် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။
(က) မြို့ပြအင်ဂျင်နီယာ(Civil Engg:)
(ခ) စက်မှုအင်ဂျင်နီယာ(Mechanical Engg:)
(ဂ) အီလက်ထရွန်နစ်အင်ဂျင်နီယာ(Electronic Engg:)
(ဃ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(Electrical Power Engg:)
(င) မက္ကာထရွန်နစ်အင်ဂျင်နီယာ(Mechatronic Engg:)
(စ) သုတနည်းပညာ(Information Technology)
(ဆ) ဓာတုအင်ဂျင်နီယာ(Chemical Engg:)
(ဇ) ရေနံအင်ဂျင်နီယာ(Petroleum Engg:)
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ(Mining Engg:)
(ည) ဗိသုကာ(Architecture)
၂။ (က) အမျိုးသား(၁၈၀)ဦးနှင့် အမျိုးသမီး(၁၅၀)ဦး စုစုပေါင်းကျောင်းသားဦးရေ(၃၃၀)ဦးအထိသာလက်ခံမည်။
(ခ) သင်တန်းကာလမှာ ခြောက်နှစ်ဖြစ်ပြီး သင်တန်းကာလ ခြောက်နှစ်လုံးပြီးစီးအောင်မြင်သည့်အခါ B.Eဘွဲ့/B.Arch ဘွဲ့ကို တိုက်ရိုက်အပ်နှင်းချီးမြှင့်မည်ဖြစ်သည်။
၃။ နည်းပညာတက္ကသိုလ်(မန္တလေး)အင်ဂျင်နီယာနှင့် ဗိသုကာသင်တန်းများသို့ လျှောက်ထားလိုသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။
(က) ၂၀၁၈ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သူဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာနှင့် အင်္ဂလိပ်စာလေးဘာသာ စုစုပေါင်းရမှတ်(၃၀၀)နှင့်အထက်ရရှိသူဖြစ်ရမည်။
(ဂ) နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးတို့သည် နိုင်ငံသားစိစစ်ရေးကတ်ပြား(နိုင်/ပြု/ဧည့်) ကိုင်ဆောင်ထားသူများဖြစ်ရမည်။
(ဃ) ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်များပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ သတ်မှတ်ချက်ကိုက်ညီပါက လျှောက်ထားနိုင်ပါသည်။
(င) လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းနိုင်သူ ဖြစ်ရမည်။
၄။ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း သင်တန်းသားခေါ်ယူသွားမည်ဖြစ်ပါသည်-
(က) **လျှောက်လွှာလက်ခံမည့်ရက်** - ၁၅-၆-၂၀၁၈ရက်မှ ၁၅-၇-၂၀၁၈ရက်အထိ
(ခ) **ဝင်ခွင့်ရရှိကြောင်းကြေညာမည့်ရက်** - ၁၅-၈-၂၀၁၈ရက်
(ဂ) **ကျောင်းအပ်စတင်လက်ခံမည့်ရက်** - ၁၆-၈-၂၀၁၈ရက်မှ ၁၂-၉-၂၀၁၈ရက်အထိ
၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါတို့ကိုပူးတွဲ၍ တင်သွင်းရမည်။
(က) တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်နှင့် အမှတ်စာရင်းမိတ္တူ၊
(ခ) ကျောင်းသားနှင့် မိဘနှစ်ပါးတို့၏နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ဂ) လွန်ခဲ့သော ခြောက်လအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံငါးပုံ (၁.၅ လက်မ×၁.၃ လက်မ)
**မှတ်ချက်။**
* ကျန်းမာရေးကောင်းမွန်ကြောင်း နည်းပညာတက္ကသိုလ်(မန္တလေး)ကျန်းမာရေးဌာန၏ဆေးစစ်မှုကို ကျောင်းအပ်နှံချိန်ကာလအတွင်း စစ်ဆေးပေးမည်။
* ဓာတ်ပုံရိုက်ကူးရာတွင် (အမျိုးသမီးများ ရင်စေ့၊ ရင်ဖုံးအဖြူ)၊ (အမျိုးသားများ အဖြူအင်္ကျီ)(တီရှပ်မဟုတ်ရ)များ ဝတ်ဆင်ရိုက်ကူးရမည်။
* ကျောင်းလာရောက်အပ်နှံပါက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီသော ဝတ်စားဆင်ယင်မှုဖြင့် လာရောက်အပ်နှံရန် တိုက်တွန်းပါသည်။
၆။ နည်းပညာတက္ကသိုလ်(မန္တလေး)သို့လျှောက်ထားလိုသူများသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် တက္ကသိုလ် သင်တန်းရေးရာဌာနသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်းပေးပို့၍ လျှောက်ထားနိုင်ပါသည်။
၇။ လျှောက်လွှာပုံစံများအား နည်းပညာတက္ကသိုလ်(မန္တလေး)သင်တန်းရေးရာဌာန၌လည်းကောင်း၊ တက္ကသိုလ် ဝက်ဘ်ဆိုက်ဖြစ်သော http://www.tum-mandalay.edu.mmမှ လည်းကောင်းရယူနိုင်ပါသည်။
၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နည်းပညာတက္ကသိုလ်(မန္တလေး)သင်တန်းရေးရာဌာန ဖုန်း-၀၉-၄၃၁၇၅၀၃၄၊ ၀၉-၉၇၇၇၉၉၈၄၂တို့သို့လည်းကောင်း၊ အီးမေးလ် tumdyobo@gmail.comသို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**နည်းပညာတက္ကသိုလ်(မန္တလေး)**

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**
**B.E/B.Arch/B.S သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း**

၁။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် မန္တလေးနည်းပညာတက္ကသိုလ်၏ အင်ဂျင်နီယာနှင့်ဗိသုကာသင်တန်း၊ ဇီဝနည်းပညာသင်တန်းကျောင်းများကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များအလိုက် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။
(က) မြို့ပြအင်ဂျင်နီယာ (Civil Engineering)
(ခ) ဗိသုကာ (architecture)
(ဂ) စက်မှုအင်ဂျင်နီယာ (Mechanical Engineering)
(ဃ) အီလက်ထရွန်နစ်အင်ဂျင်နီယာ (Electronic Engineering)
(င) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (Electrical Power Engineering)
(စ) ကွန်ပျူတာအင်ဂျင်နီယာနှင့်သတင်းအချက်အလက်နည်းပညာ (Computer Engineering & Information Technology)
(ဆ) မက္ကာထရွန်နစ်အင်ဂျင်နီယာ (Mechatronic Engineering)
(ဇ) ဓာတုအင်ဂျင်နီယာ (Chemical Engineering)
(ဈ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ (Mining Engineering)
(ည) နျူကလီးယားအင်ဂျင်နီယာ (Nuclear Engineering)
(ဋ) ဇီဝနည်းပညာ(BioTechnology)
၂။ (က) အမျိုးသား(၂၀၀)ဦးနှင့် အမျိုးသမီး(၁၆၅)ဦး စုစုပေါင်း ကျောင်းသားဦးရေ(၃၆၅)ဦးအထိသာ လက်ခံမည်။
(ခ) သင်တန်းကာလမှာ B.E/B.Arch ဘွဲ့အတွက် (၆)နှစ်၊ B.S ဘွဲ့အတွက် (၄)နှစ်ဖြစ်ပြီး သင်တန်းကာလ ပြီးစီးအောင်မြင်သည့်အခါ B.E/B.Arch ဘွဲ့နှင့် B.S ဘွဲ့အသီးသီးကို တိုက်ရိုက်အပ်နှင်းချီးမြှင့်မည်ဖြစ်သည်။
၃။ မန္တလေးနည်းပညာတက္ကသိုလ်အင်ဂျင်နီယာနှင့်ဗိသုကာသင်တန်း၊ ဇီဝနည်းပညာသင်တန်းများသို့ လျှောက်ထားလိုသူများသည် အောက်ပါ အရည်အချင်းများနှင့်ပြည့်စုံရမည်။
(က) ၂၀၁၈ခုနှစ်တွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သူဖြစ်ရမည်။
(ခ) အင်ဂျင်နီယာနှင့်ဗိသုကာသင်တန်းများအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာနှင့်အင်္ဂလိပ်စာလေးဘာသာ စုစုပေါင်းရမှတ် (၃၂၀)နှင့်အထက် ရရှိသူဖြစ်ရမည်။
(ဂ) ဇီဝနည်းပညာ သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒနှင့်သင်္ချာလေးဘာသာ စုစုပေါင်းရမှတ်(၂၈၀)နှင့်အထက်ရရှိသူဖြစ်ရမည်။
(ဃ) နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ဝင်ခွင့်လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးတို့သည် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်(နိုင်/ပြု/ဧည့်)ကိုင်ဆောင်ထားသူများဖြစ်ရမည်။
(င) အင်ဂျင်နီယာနှင့်ဗိသုကာသင်တန်းများအတွက် ၂၀၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်များပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ သတ်မှတ်ချက်ကိုက်ညီပါက လျှောက်ထားနိုင်ပါသည်။
(စ) ဇီဝနည်းပညာသင်တန်းအတွက် ၂၀၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့်ဇီဝဗေဒဘာသာရပ်များပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူများလျှောက်ထားနိုင်ပါသည်။
(ဆ) လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ဖော်ပြပါ အချိန်ဇယားအတိုင်း သင်တန်းသားခေါ်ယူဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။
(က) **လျှောက်လွှာလက်ခံမည့်ရက်-** ၁၅-၆-၂၀၁၈ရက်မှ ၁၅-၇-၂၀၁၈ရက်ထိ
(ခ) **ဝင်ခွင့်စာရင်းကြေညာမည့်ရက်-** ၁၅-၈-၂၀၁၈ရက်
(ဂ) **ကျောင်းအပ်လက်ခံမည့်ရက်** - ၁၆-၈-၂၀၁၈ရက်မှ ၁၂-၉-၂၀၁၈ရက်ထိ
၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါတို့ကို ဖြည့်စွက်၍ယူဆောင်လာရမည်။
(က)အခြေခံပညာအထက်တန်းအောင်လက်မှတ်၊ အမှတ်စာရင်း မိတ္တူ(သို့မဟုတ်)သက်ဆိုင်ရာ ဖြေဆိုအောင်မြင်ခဲ့သော ကျောင်း၏ အောင်မြင်ကြောင်း ထောက်ခံစာ၊ အမှတ်စာရင်းမိတ္တူ
(ခ) ကျောင်းသားနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ (ကျောင်းသားမိဘ ခရီးလွန်၊ နယ်ဝေး ခရီးထွက်ခွာနေပါက မော်ကွန်းထိန်းထံ ကတိဝန်ခံချက်ဖြင့် ကျောင်းအပ်နှံခွင့်ပြုသည်။)
(ဂ) လွန်ခဲ့သော(၆)လအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံ(၅)ပုံ (၁.၅လက်မ×၁.၃လက်မ)
**မှတ်ချက် -** ကျန်းမာရေး ကောင်းမွန်ကြောင်း မန္တလေးနည်းပညာတက္ကသိုလ်(တက္ကသိုလ်ဆေးရုံ)၏ဆေးစစ်မှုကို ကျောင်းအပ်နှံချိန်ကာလအတွင်း စစ်ဆေးပေးမည်။
- ဓာတ်ပုံရိုက်ကူးရာတွင် (အမျိုးသမီးများရင်စေ့၊ ရင်ဖုံး အဖြူ) (အမျိုးသားများ အဖြူအင်္ကျီ)(တီရှပ်မဟုတ်ရပါ)များဝတ်ဆင်ရိုက်ကူးရမည်။
- ကျောင်းလာရောက်အပ်နှံပါက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီသော ဝတ်စားဆင်ယင်မှုဖြင့် လာရောက်အပ်နှံရန် တိုက်တွန်းပါသည်။
၆။ မန္တလေးနည်းပညာတက္ကသိုလ်သို့ လျှောက်ထားလိုသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် မန္တလေးနည်းပညာတက္ကသိုလ် သင်တန်းရေးရာဌာနသို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။
၇။ လျှောက်လွှာပုံစံများအား မန္တလေးနည်းပညာတက္ကသိုလ် သင်တန်းရေးရာဌာန၌လည်းကောင်း၊ ဝက်ဘ်ဆိုက် http://www.mtu.edu.mm မှလည်းကောင်း ရယူနိုင်ပါသည်။
၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၀၂-၅၇၃၆၃နှင့် ၀၉-၂၀၁၆၅၀၉ တို့သို့လည်းကောင်း၊ အီးမေးလ် mtu.rector.mdy@gmail.com သို့လည်းကောင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်တင်
**အသက်(၈၇)နှစ်**

ဒေါက်တာကျော်နိုင်(ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန)-ဒေါ်အေးအေးဆွေ(ကထိက၊ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မိခင်ကြီး ဒေါ်ညွန့်တင်သည် ၁၂-၆- ၂၀၁၈ ရက်(အင်္ဂါနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညွန့်ဖေနှင့်**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(ပညာရေး)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်စိန် (ပုသိမ်)
**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းပြန်ကြားရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၏မိခင် ဒေါ်မြင့်စိန်သည် ၁၁-၆-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်အေးအေးရည်
**အသက်(၆၉)နှစ်**

မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း(မြန်မာပီဂျီအေ)အသင်းဝင် ဦးမျိုးဝင်းထွန်း၏မိခင်သည် ၁၂-၆-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၇း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း**

## ဆရာမကြီး ဒေါ်သီတာ(ခ)သီတာသိမ့်
**ကျောင်းအုပ်ကြီးဟောင်း၊ ကန်နားကျောင်း၊ အထက(၁)ပျဉ်းမနား၊ အလက(၁)၊ အထက(၁၄)နေပြည်တော်၊ ဒက္ခိဏခရိုင်ပညာရေးမှူးရုံး**
**သီတာဖောင်ဒေးရှင်း**
**အသက်(၅၀)**

ဒေးဒရဲမြို့နေ (ဦးငြိမ်းမောင်)-ဒေါ်တင်ရွှေတို့၏သမီး၊ ဦးစောလွင်-ဒေါ်အေးအေးမြင့်၊ ဦးခင်မောင်တင် (ဒုတိယဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)-ဒေါ်အေးအေးငြိမ်း၊ ဦးထွန်းထွန်းဦးတို့၏ညီမ၊ ဦးကိုကိုသိန်း-ဒေါ်မူမူလွင်၊ ဒေါ်ခင်မျိုးသက်၊ ဒေါ်လွင်လွင်မြင့်၊ ဦးစန်းလင်း-ဒေါ်အေးမြတ်ထွေး၊ ဦးမင်းမင်းဇော်-ဒေါ်သီသီနိုင်၊ ဦးညီညီလွင်-ဒေါ်အိအိချောတို့၏အစ်မ၊ မောင်နေမျိုးသူ-မမြတ်မီမီခင်၊ မဇင်ညီုတာတို့၏မိခင်၊ ဦးခင်မောင်ဝင်း(ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)၏ဇနီးသည် ၁၂-၆-၂၀၁၈ရက် ညနေ ၄း၅၅နာရီတွင် ဇမ္ဗူသီရိမြို့နယ်၊ ရန်မျိုးသန့်စင်လမ်းနှင့် သုခသီတာလမ်းထောင့်၊ အမှတ် ၅၄၄/၀၁နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သီတာ(ခ)ဒေါ်သီတာသိမ့်
**[ကျောင်းအုပ်ကြီးဟောင်း၊ ကန်နားကျောင်း၊ အထက(၁)ပျဉ်းမနား၊ အလက(၁)၊ အထက(၁၄)နေပြည်တော်၊ ဒက္ခိဏခရိုင်ပညာရေးမှူးရုံး]**
**အသက်(၅၀)**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၏ဇနီးဖြစ်သူ ဒေါ်သီတာ(ခ)ဒေါ်သီတာသိမ့် အသက်(၅၀)သည် ၁၂-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**ဝန်ထမ်းများ**
**မြန်မာ့စီးပွားရေးဘဏ်**

## ဝမ်းနည်းကြေကွဲခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၏ဇနီး ဆရာမကြီး ဒေါ်သီတာ(ခ)သီတာသိမ့် [ကျောင်းအုပ်ကြီးဟောင်း၊ ကန်နားကျောင်း၊ အထက(၁)ပျဉ်းမနား၊ အလက(၁)၊ အထက(၁၄)နေပြည်တော်၊ ဒက္ခိဏခရိုင်ပညာရေးမှူးရုံး၊ သီတာဖောင်ဒေးရှင်း] အသက်(၅၀)သည် ၁၂-၆-၂၀၁၈ရက် ၄း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ငွေတိုက်ဦးစီးဌာန၊**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၏ဇနီး ဆရာမကြီး ဒေါ်သီတာ(ခ)သီတာသိမ့် [ကျောင်းအုပ်ကြီးဟောင်း၊ ကန်နားကျောင်း၊ အထက(၁)ပျဉ်းမနား၊ အလက(၁)၊ အထက(၁၄)နေပြည်တော်၊ ဒက္ခိဏခရိုင်ပညာရေးမှူးရုံး၊ သီတာဖောင်ဒေးရှင်း] အသက်(၅၀)သည် ၁၂-၆-၂၀၁၈ရက် ၄း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးလှ(ခ)ဒေါ်ခင်လှ(ဖျာပုံ) အသက်(၈၇)နှစ်

ဖျာပုံမြို့နေ (ဦးဘိုးရုံ-ဒေါ်လှဝင်း)တို့၏သမီး၊ (ဦးမူ-ဒေါ်စိန်တွန့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ် ၁၈ (ခုနစ်လွှာ-B)နေ [ဦးအောင်စံအေး (အောင်သစ္စာပွဲရုံ)]၏ဇနီး၊ ပါမောက္ခ (ဒေါက်တာဦးမောင်မောင်စန်း)-ဒေါ်နုယဉ်၊ ဦးတင်ဦး-ဒေါ်အုန်းဟန်၊ ဒေါ်ခင်ဝင်း၊ ဦးဝေတင့်-ဒေါ်ခင်ဝင်းကြည်၊ (ဦးဝင်းတင်)-ဒေါ်ခင်မိုးမြင့်၊ ဦးမြင့်အောင် (ညောင်လေးပင်)-ဒေါ်စန်းမေတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၆-၂၀၁၈ရက်(အင်္ဂါနေ့)ည ၈း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးနေဝင်း အသက်(၆၀)
**ဖူးပွင့်ဝေမဂ္ဂဇင်း အယ်ဒီတာချုပ်**
**မြန်မာနိုင်ငံ မှိုအစုအဖွဲ့ (MFVP) ဥက္ကဋ္ဌ**
**ရွှေရောင်လွှင်ပြင်ကုမ္ပဏီ အမှုဆောင်ဒါရိုက်တာ**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးကျော်မင်း-ဒေါ်မြသန်း)တို့၏သား၊ ဒေါ်ချစ်ချစ်၏ခင်ပွန်း၊ ခင်ငြိမ်းချမ်းသော်-ဘုန်းအောင်ဟိန်းတို့၏ဖခင်၊ ဦးကျော်ထွဋ်၊ ဒေါ်ဝင်းမာ-ဦးကျော်စိုးသန်း၊ ဒေါ်မိုးသူ-ဦးခင်မောင်လွင်၊ ဒေါ်မေသက်၊ ဒေါ်မိုးဆန်း-(ဦးညိုလင်းအောင်)၊ ဒေါ်စုလှိုင်-ဦးမိုးကျော်ဦး၊ ဒေါ်ဇေယျာဝင်း-ဦးညီညီကျော်တို့၏အစ်ကိုသည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ (၃) ရပ်ကွက်၊ သဒ္ဓမ္မဘာဝိတဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မိမိအောင် (ပြည်မြို့/ကျိုင်းတုံမြို့)
**အကြီးတန်းစာရေး**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ကျိုင်းတုံမြို့**
**အသက်(၅၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နေ [ဦးအောင်တင့် (ဌာနခွဲမှူး၊ သမဝါယမဦးစီးဌာန) - ဒေါ်တင့်ရည်]တို့၏သမီး၊ ဦးချစ်သိန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန၊ ကျိုင်းတုံမြို့)၏ဇနီး၊ ဒေါ်ခင်မမအောင်၏ညီမ၊ ဦးကိုကိုအောင်-(ဒေါ်ခင်မာစန်း)၊ ဒုတိယဗိုလ်မှူးကြီးအေးကျော်အောင်(ငြိမ်း) (ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်မေသူခင်၊ ဒေါ်ဆန်းဆန်းယဉ်(မူလတန်းပြဆရာမ၊ ပြည်မြို့)၊ (ဦးတင့်ဇော်အောင်)တို့၏အစ်မသည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၂၀နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် တောင်အင်း မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မိမိအောင်
**အကြီးတန်းစာရေး**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ကျိုင်းတုံမြို့**
**အသက်(၅၉)နှစ်**

ဒုတိယဗိုလ်မှူးကြီးအေးကျော်အောင်(ငြိမ်း)(ဌာနမှူး၊ စစ်ဆေးရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်မေသူခင်တို့၏အစ်မ၊ ဦးချစ်သိန်း (လက်ထောက်ညွှန်ကြားရေးမှူး၊သာသနာရေးဦးစီးဌာန၊ ကျိုင်းတုံမြို့)၏ဇနီးဖြစ်သူ ဒေါ်ခင်မိမိအောင်သည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့) ညနေတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ဆေးရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရေးဌာန**
**အရာထမ်း၊ အမှုထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၏ဇနီး ဆရာမကြီး ဒေါ်သီတာ(ခ)သီတာသိမ့်[ကျောင်းအုပ်ကြီးဟောင်း၊ ကန်နားကျောင်း၊ အထက(၁)ပျဉ်းမနား၊ အလက(၁)၊ အထက(၁၄)နေပြည်တော်၊ ဒက္ခိဏခရိုင်ပညာရေးမှူးရုံး၊ သီတာဖောင်ဒေးရှင်း] အသက်(၅၀)သည် ၁၂-၆-၂၀၁၈ရက် ညနေ ၄း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံးဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာမကြီး ဒေါ်သီတာ(ခ)သီတာသိမ့်
**အသက်(၅၀)**

သူငယ်ချင်း ဗိုလ်မှူးကြီးခင်မောင်ဝင်း(ငြိမ်း)ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၏ဇနီး ဆရာမကြီး ဒေါ်သီတာ(ခ)သီတာသိမ့် [ကျောင်းအုပ်ကြီးဟောင်း၊ ကန်နားကျောင်း၊ အထက(၁)ပျဉ်းမနား၊ အလက(၁)၊အထက(၁၄)နေပြည်တော်၊ ဒက္ခိဏခရိုင် ပညာရေးမှူးရုံး၊ သီတာဖောင်ဒေးရှင်း] အသက်(၅၀)သည် ၁၂-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗသက(၆၆)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဇင်ဇင်ပြုံး (လက်ထောက်ညွှန်ကြားရေးမှူး)
**ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(အနောက်ပိုင်းခရိုင်)**
**ရန်ကုန်တိုင်းဒေသကြီး**
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်ကြင်းလမ်း၊ သီတာရပ်ကွက်၊ အမှတ်(၂)နေ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(အနောက်ပိုင်းခရိုင်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇင်ဇင်ပြုံး အသက်(၃၅)နှစ်သည် ၁၁-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စန်းမြင့်
**(BA, DT)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရိပ်သာ၊ အမှတ် (၃၀/၇)နေ [ဦးဥမ်ဝုက်(ခ)ဦးဌေးအောင် - ဒေါ်သက်တင်]တို့၏ သမီး၊ ဦးစိန်ဝင်း(BPI-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်လေးဝင်း၊ ဦးရှိန်ဝင်း-ဒေါ်ခင်မြတ်မြတ်မော်တို့၏မိခင်၊ မောင်ကောင်းဟိန်း၏အဘွားသည် ၁၂-၆-၂၀၁၈ရက် ည ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်နွဲ့ (ထားဝယ်)
**အသက်(၆၅)နှစ်**

ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ ရေးလမ်း၊ အမှတ် ၂၁၃နေ (ဦးတင်မြ-ဒေါ်ခင်လှ)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ် ၉၀ (ငါးလွှာ)နေ ဦးဆန်းမြင့်၏ဇနီး၊ ဦးလှသိန်း-ဒေါ်ခင်ခင်စု၊ ဦးကိုကိုလွင်-ဒေါ်သန်းသန်းရှိန်(ငွေပင်လယ်ငါးမုန့်)-ဒေါ်ဌေးဌေးမြင့်တို့၏အစ်မ၊ ကိုဇာနည်ထွန်း-မအိသန္တာ၊ ကိုခင်ဇော်၊ ကိုသန်းထွန်းဦး-မသင်းအိဖြူတို့၏မိခင်၊ မသွန်းရွှေစင်ထွန်း၊ မောင်မြတ်ဘုန်းသစ်တို့၏အဘွား၊ ဦးကျော်သူရိန်ဖြိုး(စွမ်းထက်ရည် ကုမ္ပဏီလီမိတက်)နှင့် တူ/တူမခြောက်ယောက်တို့၏ အဒေါ်သည် ၁၃-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ထွေးထွေး(ခ) လီမီဝိုး
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေထီးအိမ်ရာ၊ သမိုင်းဘူတာရုံလမ်း၊ အမှတ် ၂၊ အခန်း ၂၀၁နေ ဦးကြည်အောင် - ဒေါ်ခင်ဌေးမြင့်တို့၏ သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ကျုံနတ္တော်ကျေးရွာနေ (ဆရာကြီး ဦးဟံညွန့် - ဒေါ်ကျင်မေ)တို့၏ သမီးချွေးမ၊ ဧရာဝတီတိုင်းဒေသကြီး၊မအူပင်မြို့နယ်၊ မြို့ရှောင်လမ်းနေ ဦးစိုးဌေး (မူဆယ် စားသောက်ဆိုင်)၏ ဇနီး၊ ကိုသီဟထွန်း၊ မောင်မင်းသက်ခိုင်တို့၏မိခင်သည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၅၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ရွှေထီးအိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တဇောတမုနိ မဟာထေရ်
**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၇)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့၊ ဆေးရုံရပ်ကွက်၊ မုံရွာကျောင်းကြီးတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃသမ္မုတိရ သံဃကိုယ်စားလှယ် သံဃာ့နာယကအဖွဲ့ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဇောတမုနိ မဟာထေရ်သည် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၁၀ရက်) ၈-၆-၂၀၁၈ ရက်(သောကြာနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၂ရက်) ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဝါးခယ်မမြို့ မြေသုသာန်တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဈာပနကျင်းပရေးကော်မတီ
မုံရွာကျောင်းတိုက်၊ ဝါးခယ်မမြို့

## ဦးတင်မောင် (ပုသိမ်)
**ရှုထောင့်မြန်မာစာ**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ တိုက် ၂၀၉ (ဒုတိယထပ်)နေ (ဦးကြွယ်-ဒေါ်သိန်း)တို့၏သား၊ (ဒေါ်စန်းပို)၏ခင်ပွန်း၊ ဦးလှကို-ဒေါ်တင်တင်အေး၊ (ဦးအောင်ကို)-ဒေါ်အုန်းရင်၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းမော်၊ ဦးယုလွင်-ဒေါ်ချိုချိုမော်၊ ဦးအောင်သူစိုး-ဒေါ်နီလာအောင်၊ ဦးအောင်သူမိုး-ဒေါ်လတ်လတ်ဝင်း၊ ဦးတင်ကျော်ကျော်-ဒေါ်ရီရီခိုင်၊ ဦးကျော်ကျော်ထွေး-ဒေါ်အိအိမွန်တို့၏ဖခင်၊ မြေး ၂၀၊ မြစ် ကိုးယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၁၈ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး**
## ဦးညွန့်ဝင်း
**စိန်ပေါလ်ကျောင်းသားဟောင်း**
**အသက်(၇၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်နေ(ဦးသိန်းဟန်-ဒေါ်မြလေး)တို့၏သား၊ (ဦးဆင့်-ဒေါ်အုန်းရီ)တို့၏သားသမက်၊ (ဒေါ်အေးအေးမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးရဲရင့်ဝင်း-ဒေါ်ပိုးအိဖြူတို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုးသည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၈ရက်(တနင်္လာနေ့)တွင် (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ ရန်ကြီးအောင် (၁)လမ်း၊ တိုက် ၇၊ အခန်း ၀၀၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ကြည် (ပုသိမ်)
**ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ငြိမ်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အမှတ် ၄၁၅နေ (ဦးမောင်ချစ်-ဒေါ်အေးသွင်)တို့၏သား၊ (ဦးဘိုးဟန်-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ (ဦးတင်အောင်-ဒေါ်အမာကြည်)၊ (ဦးအောင်သန်း)-ဒေါ်ကျင်ဆိုင်၊ ဦးသန်းထွန်း(Gold Delta Co.,Ltd)-ဒေါ်ကျင်ဌေး၊ ဦးသန်းအောင်-ဒေါ်မြမြစီတို့၏အစ်ကို၊ ဦးကျော်မိုးလွင်(သစ်တောဦးစီးဌာန၊ ငြိမ်း)-ဒေါ်လှလှသိမ်း၊ ဒေါ်ခင်သီတာလွင်(Valency Int'l Trading Pte Ltd. Yangon Branch)၊ ဒေါ်ခင်စန္ဒာလွင်၊ ဦးကျော်စွာလွင်-ဒေါ်အေးအေးဝင်း (Master Color)တို့၏ဖခင်၊ မောင်ချစ်ဦးလွင်-မနွယ်လေး၊ မောင်ဘုန်းပြည့်မောင်မောင်တို့၏အဘိုး၊ ဒေါ်စမ်းသိန်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၆-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ မြောက်ဒဂုံမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်စိန်
**အသက်(၇၃)နှစ်**

ကော့ကရိတ်မြို့၊ ဝင်ကြီးရပ်နေ(ဦးကံစ-ဒေါ်ကျေးရင်)တို့၏သား၊ ရန်ကုန်မြို့နေ ဦးဝင်းအောင်-ဒေါ်သန်းသန်းမေ(ချိုချို)တို့၏အစ်ကို၊ တူ၊ တူမ လေးယောက်တို့၏ဘကြီး၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၂-၆-၂၀၁၈ ရက် နံနက် ၄း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးစိုးမြင့်
**ဦးစီးအရာရှိ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ပုဂံ၊ ညောင်ဦး)**
**အသက်(၅၈)နှစ်**

(ဦးအောင်မြတ်ကြည်-ဒေါ်သင်းစိန်)တို့၏သား၊ (ဦးအောင်ဖံ-ဒေါ်ရေ)တို့၏သားသမက်၊ ဒေါ်သောင်းကြည်၊ ဦးအေးမြင့်-ဒေါ်သန်းနွဲ့၊ ဦးအောင်မြင့်-ဒေါ်ပန်းအေး၊ ဦးမျိုးမြင့်-(ဒေါ်အုန်းမြင့်)၊ ဦးတင်သဏ်းဝင်း-ဒေါ်ရီရီသန်း၊ ဦးတင်ဆန်း-ဒေါ်အေးအေးသိန်း၊ ဦးတင်သန်း-ဒေါ်ယဉ်နု၊ ဦးတင်သိန်း-ဒေါ်သန်းသန်းနုတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ ကွေ့(၂)ဝန်ထမ်းအိမ်ရာ၊ အခန်း ၂၀၇နေ ဒေါ်နွဲ့နွဲ့ဆန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဟန်ရဲမြင့်၊ မောင်ဇွဲဟန်စိုးမြင့်၊ မောင်မျိုးနောင်စိုးမြင့်၊ မနှင်းရတနာစိုးမြင့်တို့၏ချစ်လှစွာသောဖခင်သည် ၁၃-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီအထိ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အောင်ဗလချောင်းဝတွင် တွေ့ရှိသော လှေစီးဒုက္ခသည်များအား ဥပဒေနှင့်အညီ စနစ်တကျစိစစ်၍ ဆောင်ရွက်ပေးသွားမည်



**စစ်တွေ ဇွန် ၁၃**

ဇွန် ၁၁ ရက် နံနက်ပိုင်းက ရသေ့တောင်မြို့နယ် အောင်ဗလချောင်းဝ သာစည်ကျေးရွာအနီး ပင်လယ်ကမ်းစပ်၌ ပျက်စီးနေသော စက်လှေတစ်စင်းနှင့် အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၀၄ ဦးတို့အား စိစစ်တွေ့ရှိခဲ့ပြီး တာဝန်ရှိသူများက ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိစစ်မှုများပြုလုပ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြင့်တိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးတို့နှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၂ ရက် ညနေပိုင်းတွင် ငါးခူရ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး လှေစီးဒုက္ခသည်များနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုလုပ်ငန်းစဉ်သည် ဒုက္ခရောက်နေသူများအား မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကူညီခြင်းဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားဟု ထွက်ဆိုသူများအား သံတမန်နည်းလမ်းဖြင့် လိုအပ်သော စီစဉ်ဆောင်ရွက်မှုများပြုလုပ်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်း

*စာမျက်နှာ ၉ ကော်လံ ၁* ●

## မကွေးအသင်း ပယ်နယ်တီဖြင့် အနိုင်ရပြီး ဆီမီးတွင် ရန်ကုန်နှင့်တွေ့ဆုံ

ရန်ကုန် ဇွန် ၁၃

**၂၀၁၈ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှီး၊ ထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်(ပထမနေ့)ကို ယနေ့ညနေပိုင်းက ကျင်းပရာ မကွေးနှင့် ရန်ကုန်အသင်း ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။**

အောင်ဆန်းကွင်း၌ ကျင်းပသည့် ပွဲတွင် ရောဝတီနှင့် မကွေးအသင်းတို့ မိနစ် ၉၀ တွင် နှစ်ဂိုးစီသရေ၊ အချိန်ပိုတွင် ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီ ဖြင့်ဆုံးဖြတ်ရာ မကွေးအသင်းက ၁၀ဂိုး-၉ ဂိုး စုစုပေါင်း ၁၂ဂိုး-၁၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် ရှုံးကန်နေရသည့် မကွေးအသင်း



**ရောဝတီမှ ကာစီယို၏ ဒုတိယအကြိမ် ပယ်နယ်တီကန်သွင်းမှုကို မကွေးဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နေစဉ်။** ဓာတ်ပုံ - စိုးညွှန့်

သည် ယခုပွဲတွင် နှစ်ဂိုးပြတ်အနိုင်ရလဒ်ကို မထိန်းနိုင်၍ ပယ်နယ်တီအထိ ယှဉ်ပြိုင်ခဲ့ရသည်။ ရောဝတီအသင်းသည် တစ်ကျော့ပြန်အောင်မြင်မှုရရန် ကြိုးပမ်းခဲ့သော်လည်း ပယ်နယ်တီကန်ရာတွင် ကံမကောင်းခဲ့၍ ရှုံးနိမ့်ခဲ့ရသည်။

ရောဝတီအသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သလို မကွေးအသင်းမှာလည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ အသင်းကြီးနှစ်သင်းတွေ့ဆုံသောကြောင့် အကြိတ်အနယ်ရှိမည်ဟု ထင်မှတ်ထားသော်လည်း ဘောလုံးအပျက်များနေ၍ ပွဲအေးတစ်ပွဲဖြစ်ခဲ့သည်။ သို့သော် မကွေးအသင်း၏ တိုက်စစ်တွဲလုံးများမှာ ထိရောက်မှုရှိသောကြောင့် ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သည်။ ၄၂ မိနစ်တွင် မကွေးအသင်း ဂိုးစရခဲ့ပြီး ဇေယျာနိုင်က အဝေးမှ

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

## ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအပါအဝင် စုစုပေါင်း ၁၆ ပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်

**နေပြည်တော် ဇွန် ၁၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) မှ ကျင်းပသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (FIFA World Cup-2018) ကို ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ရုရှားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ၊ Round of 16 ပွဲစဉ်အချို့ Semi Finals နှင့် Final ပွဲစဉ်အပါအဝင် စုစုပေါင်း ၁၆ ပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်

*စာမျက်နှာ ၁၂ ကော်လံ ၄* ❋

## ချင်းတွင်းနှင့်ကုလားတန်မြစ်တို့ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၁၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေသည်။အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS

ကျောင်းသားရေးရာဌာန
အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower)၊
မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄

တက္ကသိုလ်ဝင် စာမေးပွဲ မအောင်မြင်သူများအတွက်

" If you shed tears when you miss the sun, you will also miss the stars."
- Rabindranth Tagore

"နေမင်းကြီးနဲ့ လွဲသွားလို့ သင်မျက်ရည်တွေ စီးကျပြီး ကြေကွဲနေမယ်ဆိုရင် ကြယ်တာရာတွေနဲ့ ပါလွဲချော်သွားလိမ့်မယ်" ဆိုတဲ့ စကားကို တစိမ့်စိမ့်တွေးကြည့်ပါ။

တက္ကသိုလ်ဝင်စာမေးပွဲ မအောင်လို့ စိတ်ဓာတ်ကျနေမယ့်အစား အကောင်းဆုံး အခွင့်အလမ်းကို ရယူလိုက်ပါ။

Victoria University College က ဖွင့်လှစ်တဲ့ University Preparation Programme (UNIPREP) တက္ကသိုလ် အကြိုပြင်ဆင်မှု သင်တန်းကို တက်ရောက်ပြီး Victoria University College တွင် သာမက နိုင်ငံတကာ တက္ကသိုလ်များတွင်ပါ ဆက်လက်ပညာဆည်းပူးခွင့်ရမည့် အခွင့်အရေးကို ရယူကြပါစို့။

၂၀၁၈ ခုနှစ် ဇွန်လ (၂၁) ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲ လုံးဝမဖြေဘူးသူများ Uniprep တက်ခွင့်မပြုပါ။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသော်လည်း မအောင်မြင်သူများသာ သင်ယူခွင့်ရပါမည်။